# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် | ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၀၄၃)


### မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)

# အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွှေမန်းသူ အဝေးပြေးခရီးသည် ပို့ဆောင်ရေးလုပ်ငန်းမှ ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့အား ရွေးချယ်

## ပြည်သူသို့ ကျေးဇူးတင်လွှာ ထုတ်ပြန်

နေပြည်တော် နိုဝင်ဘာ ၁၁

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံသူ နိုင်ငံသားများ၊ ပရဟိတစေတနာရှင်များ၊ လူမှုအသင်းအဖွဲ့များမှ လစဉ်ချီးကျူးဂုဏ်ပြုထိုက်သူကို ရွေးချယ်၍ ကျေးဇူးတင်လွှာ ထုတ်ပြန်ပေးလျက်ရှိရာ ယခုနှစ် အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့အား ရွေးချယ်လိုက်ကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးမှ နိုဝင်ဘာ ၁၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး**
**ပြည်သူသို့ကျေးဇူးတင်လွှာ**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)**

၁။ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံသားများ၏ ပညာ၊ ဝီရိယနှင့် သတ္တိတို့သည် အရေးကြီးလှသော လူမှုအရင်းအနှီးများဖြစ်ကြပါသည်။ ထို့အတူ ဒီမိုကရေစီအသွင်ကူးပြောင်းရေးခရီးကို လျှောက်လှမ်းကြရာတွင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ စာရိတ္တမဏ္ဍိုင် ခိုင်မာစေရန်လည်း အရေးကြီးလှပါသည်။ ထိုသို့ ခိုင်မာစေရန်အတွက် နိုင်ငံသူ၊ နိုင်ငံသားတို့ စံနမူနာပြုအပ်သော နိုင်ငံသားများ ထွက်ပေါ်လာရေး၊ ချီးကျူးလေးစားဖွယ်ရာကောင်းသော လုပ်ဆောင်ချက်များ ပေါ်ထွန်းလာရေးသည် မြန်မာ့လူ့အဖွဲ့အစည်း၏ အပြောင်းအလဲအတွက် အထူးပင်အရေးပါလှပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေမန်းသူအဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ) တို့သည် ၎င်းတို့မောင်းနှင်သည့် ခရီးသည်ပို့ဆောင်ရေးယာဉ်အမှတ် 1L/4506 ဖြင့် ဦးအောင်ကိုကို(ပရဟိတ)အဖွဲ့အား ၁၃-၉-၂၀၁၆ ရက်နေ့မှ ၁၆-၉-၂၀၁၆ ရက်နေ့အထိ ရန်ကုန်မြို့တွင်း ခရီးစဉ်များကို လိုက်ပါပို့ဆောင်ခဲ့ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ဒေသတွင်းဖွံ့ဖြိုးမှုနှင့် ကုန်သွယ်မှုကို အထောက်အကူဖြစ်စေမည့် ဘူးသီးတောင်နှင့် ရသေ့တောင်ကို တိုက်ရိုက်ဆက်သွယ်ထားသော ပန်ဇင်းချောင်းတံတား



**သတင်းဆောင်းပါး- မောင်စိန်လွင်နှင့်အဖွဲ့ ၊ ဓာတ်ပုံ- မင်းထက်၊ ရဲခေါင်**

ဒေသတွင်း ဖွံ့ဖြိုးမှုနှင့် ကုန်သွယ်စီးဆင်းမှုကို အထောက်အကူဖြစ်စေမည့် ဘူးသီးတောင်- ရသေ့တောင် ကုန်းလမ်းကြောင်းသစ်ကို တိုက်ရိုက်ဆက်သွယ်ထားသော ပန်ဇင်းချောင်းတံတားတည်ဆောက်မှုမှာ ယခုအခါ ၈၃ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် အပြီးသတ်နိုင်မည်ဖြစ်ကြောင်း တံတားတည်ဆောက်ရေးအဖွဲ့မှ သိရသည်။

“ဘူးသီးတောင်နဲ့ ရသေ့တောင်ကို တိုက်ရိုက်ဆက်သွယ်တဲ့လမ်းမှာ ပန်ဇင်းချောင်းတံတားက အကြီးဆုံးပါ။ ဒီလမ်းကြောင်းမှာ ဒီတံတားအပါအဝင် စုစုပေါင်း တံတား ၁၀ စင်း တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီတံတားပြီးရင်တော့ ဒေသခံပြည်သူတွေအတွက် ဖွံ့ဖြိုးမှုသာမက ကုန်သွယ်မှုပါ အထောက်အကူပြုစေဖို့ ရည်ရွယ်တည်ဆောက်တာဖြစ်လို့ ဒီဒေသအတွက် အကျိုးကျေးဇူးကတော့ အတော်ကို များပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၈)မှ ဒေါ်စုစုမာ(အငယ်တန်းအင်ဂျင်နီယာ-၂၊ မြို့ပြ) က ပြောသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✻




မြန်မာ့အလင်း

# ဒီမိုကရေစီကျင့်စဉ်

နိုင်ငံတော်သမ္မတဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့သည် အမေရိကန်ပြည်ထောင်စု၏ (၄၅) ဦးမြောက် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသော မစ္စတာ ဒေါ်နယ်ထရန့်ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ပါသည်။ တခြားကမ္ဘာ့နိုင်ငံခေါင်းဆောင်များကလည်း အလားတူ ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာများ ပေးပို့လျက်ရှိသည်ကို တွေ့ရပါသည်။ ဤသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အကြီးအကဲသည် သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူများက ရွေးချယ်တင်မြှောက်သော ပုဂ္ဂိုလ်ဖြစ်ရမည်ဟူသော ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေး၌ အလေးထားကျင့်သုံးလျက်ရှိသော ထုံးတမ်းစဉ်လာတစ်ခုလည်း ဖြစ်ပါသည်။

အမေရိကန်ပြည်ထောင်စု၏ သမ္မတရွေးကောက်ပွဲ၌ မစ္စတာဒေါ်နယ်ထရန့်နှင့် ယှဉ်ပြိုင်အရွေးခံခဲ့သော နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် သူ၏ရှုံးနိမ့်ကြောင်း အသိအမှတ်ပြုမိန့်ခွန်း၌ "မနေ့ညက ကျွန်မ ဒေါ်နယ်ထရန့်ကို ဂုဏ်ပြုတဲ့အကြောင်း ဖုန်းဆက်ပြောခဲ့သလို တိုင်းပြည်ကိုယ်စား ကျွန်မဆောင်ရွက်ပေးနိုင်စရာရှိရင် ဆောင်ရွက်ပေးဖို့ကိုလည်း ကမ်းလှမ်းခဲ့ပါတယ်။ ဒေါ်နယ်ထရန့်က အမေရိကန်ပြည်သူအားလုံးအတွက် အောင်အောင်မြင်မြင် ဆောင်ရွက်ပေးနိုင်တဲ့ သမ္မတတစ်ယောက်ဖြစ်လာဖို့ ကျွန်မမျှော်လင့်ပါတယ်"ဟု ပြောကြားခဲ့သကဲ့သို့ ရွေးကောက်ပွဲ၌ သူ့အပေါ် ထောက်ခံအားပေးခဲ့သော ပြည်သူများအား ရည်ညွှန်း၍ "ကျွန်မကို ထောက်ခံခဲ့တဲ့ပြည်သူတွေ ဘယ်လောက်စိတ်ပျက်မယ်ဆိုတာကို ကျွန်မသိပါတယ်။ ကျွန်မလည်း စိတ်ပျက်မိပါတယ်။ ဒီလိုပါပဲ ကျွန်မတို့နဲ့အတူ လက်တွဲဆောင်ရွက်ခဲ့တဲ့ အမေရိကန်ပြည်သူ သန်းပေါင်းများစွာလည်း စိတ်ပျက်ကြမှာပါ။ ဒီပြည်သူတွေက သူတို့ရဲ့မျှော်လင့်ချက်တွေ သူတို့ရဲ့ အိပ်မက်တွေအတွက် ကျွန်မတို့နဲ့အတူတူ လက်တွဲဆောင်ရွက်ခဲ့ကြတာပါ။ ဒီအဖြစ်က နာကျင်ခံစားရပါတယ်။ ဒီနာကျင်ခံစားရမှုက ကာလရှည်ကြာ ရှိနေဦးမှာပါ။ ဒါပေမယ့် ပြည်သူအားလုံးကို ကျွန်မထောက်ပြချင်တာရှိပါတယ်။ ကျွန်မတို့ရဲ့ မဲဆွယ်လှုပ်ရှားမှုဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက် (ဒါမှမဟုတ်) ရွေးကောက်ပွဲတစ်ခုအတွက် ဆောင်ရွက်တာမျိုး ဘယ်တုန်းကမှ မဟုတ်ခဲ့ပါဘူး။ ဒါဟာ ကျွန်မတို့အားလုံး ချစ်မြတ်နိုးတဲ့ ကျွန်မတို့နိုင်ငံအတွက် ဆောင်ရွက်တာပါ။ ဒါဟာ မျှော်လင့်ချက်တွေကို ဖြည့်ဆည်းပေးနိုင်တဲ့၊ ပြည်သူအားလုံးလည်း ပါဝင်ခွင့်ရှိတဲ့၊ ခွင့်လွှတ်နားလည်တတ်တဲ့ စိတ်သဘောထားမျိုးလည်းရှိတဲ့၊ အမေရိကန်နိုင်ငံကြီး ထူထောင်ဖို့ပါ"ဆိုပြီး ပြောကြားခဲ့ပါတယ်။ တင်ပြလိုသည်မှာ အမေရိကန်ပြည်ထောင်စုရွေးကောက်ပွဲအကြောင်း မဟုတ်သကဲ့သို့ နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်အကြောင်းလည်း မဟုတ်ပါ။ ရွေးကောက်ပွဲ၌ မည်ကဲ့သို့သော ခါးသီးသော ခံစားချက်တို့ကို ရင်ဆိုင်ခဲ့ရသည်ဖြစ်စေ၊ ပြည်သူအများစုကြီး၏ ဆုံးဖြတ်ချက်ကို လေးစားလိုက်နာရန် လိုအပ်သည်ဟူသော ဒီမိုကရေစီကျင့်စဉ်ကို မီးမောင်းထိုးတင်ပြလိုခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု သမ္မတရွေးကောက်ပွဲက ဤအချက်ကို မီးမောင်းထိုးပြနေသည်ဟု ယူဆပါသည်။ ။

## တိုင်းဒေသကြီး / ပြည်နယ်အလိုက် မိုးရွာနိုင်မည့် အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/ဇလ)



## ဖန်းမော်မြို့၌ လျှပ်စစ်ဝိုင်ယာကြိုးများ ပြုပြင်တပ်ဆင်ပြီး

**ဗန်းမော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် ဗန်းမော်မြို့ မဟာသိမ်တော်ကြီးဘုရားဝင်း အရှေ့ဘက်မုခ်ဦးဝအနီး အုတ်တံတိုင်းနှင့် ဗိုလ်ချုပ်လမ်းကြားရှိ လျှပ်စစ်ဝိုင်ယာကြိုးများကိုနိုဝင်ဘာ ၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၏ ထင်သာမြင်သာပြုပြင်စရာကဏ္ဍတွင်ပါရှိသော "ပြည်သူများ ဘေးအန္တရာယ်ကင်းစေရန် လျှပ်စစ်ဝိုင်ယာကြိုးအား ပြုပြင်ပေးစေလို" ဖော်ပြချက်အရ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက နိုဝင်ဘာ ၈ ရက်တွင် လျှပ်စစ်ဝိုင်ယာကြိုးများကို ပြုပြင်တပ်ဆင်ပြီးခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ဆီမီးခုံ - နန်းရီ**

## A လိုင်စင် နည်းပြသင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

အာရှဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က ကြီးမှူးဖွင့်လှစ်သည့် ၂၀၁၆ ခုနှစ် AFC "A" လိုင်စင် နည်းပြသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၁၀ ရက်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဦးဇော်ဇော်က အမှာစကားပြောကြားပြီး သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်ပေးအပ်ခဲ့သည်။

နည်းပြများအနေဖြင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၊ အာရှဘောလုံးအဖွဲ့ချုပ်တို့မှ သတ်မှတ်ထားသော နည်းပြအသိအမှတ်ပြုလိုင်စင် A, B, C ရှိမှသာလျှင် ကလပ်အသင်းများ၊ သက်တမ်းအလိုက် နိုင်ငံလက်ရွေးစင်အသင်းများ ကြီးကြပ်နိုင်မည်ဖြစ်ကြောင်း၊ A လိုင်စင်ဆိုသည်မှာ အာရှဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြုနည်းပြလိုင်စင်များအနက် အဆင့်အမြင့်ဆုံး လိုင်စင် တစ်ခုဖြစ်ကြောင်း၊ ယခုအချိန်တွင် အာရှဘောလုံးအဖွဲ့ချုပ် အသိအမှတ်ပြု နည်းပြစုစုပေါင်း ၆၄၁ ဦးထိ ရှိကြောင်း၊ အဆိုပါနည်းပြအရေအတွက်မှ A လိုင်စင်ကိုင်ဆောင်နိုင်သူ ၅၀ အထိ ရှိလာခဲ့ပြီး A, B, C လိုင်စင်နှင့် ဖူဆယ်နည်းပြ၊ ဂိုးနည်းပြလိုင်စင်ရ နည်းပြပေါင်း ၆၄၁ ဦးထိ ရှိကြောင်း၊ ယခုသင်တန်းကို နည်းပြပေးသော အီရန်နိုင်ငံသား သင်တန်းနည်းပြဆရာ Mr.Morteza Mohases မှာ နှစ်ပေါင်း ၃၀ ကျော် အတွေ့အကြုံရင့် သင်တန်း ဆရာတစ်ဦးဖြစ်ကြောင်း သိရသည်။

ယခုနည်းပြသင်တန်းကို သင်တန်းသား ၂၄ ဦး တက်ရောက်ခဲ့ပြီး အောက်တိုဘာ ၁၇ ရက်ကစတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**သတင်း-ဖိုးသော်ဇင်၊ဓာတ်ပုံ-ဧသူအောင် (MFF)**




## ဈေးကောက်တိုးမြှင့်ကောက်ခံမှုကြောင့် ဈေးငယ်များမှ ဈေးရောင်းသူများအခက်တွေ့

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနက နေ့စဉ်ကောက်ခံလျက်ရှိသော ပုံကျဈေးကောက်ကောက်ခံမှုများကို ဈေးပြိုင် စနစ်ဖြင့် လေလံတင်ရောင်းချခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဈေးကြီးများနှင့် ရပ်ကွက်ဈေးငယ်များအားလုံးကို နိုဝင်ဘာ ၁ ရက်မှစ၍ လေလံရရှိသူများက ကောက်ခံလျက်ရှိနေကြသည်။

ထိုသို့ ကောက်ခံရာတွင် မူလကောက်ခံသည့် (၄ × ၄ )ပေပတ်လည် ကျပ် ၅၀ နှုန်းအစား ယခင်လေလံကာလကောက်ခံသည့်နှုန်းထားအတိုင်း (၄ × ၄) ပေပတ်လည် ကျပ် ၁၀၀ နှုန်းဖြင့် ကောက်ခံခဲ့ခြင်းကြောင့် ဇမ္ဗူသီရိမြို့နယ် ပုံကျဈေးသည်များအနေဖြင့် ပထမဆုံး ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲတစ်ခုဖြစ်နေရကြောင်း သိရသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်ဈေးငယ်များမှ ဈေးသည်များသည် ဝန်ထမ်းများကသာ ဝယ်ယူစားသုံးကြသည့် ဈေးများဖြစ်ရာ နေ့စဉ် နံနက် ၈ နာရီထိသာ ဈေးဝယ်သူရှိပြီး ရုံးဆင်းချိန် ညနေ ၅ နာရီမှ ၆ နာရီခွဲထိ တစ်ကြိမ် ရောင်းချနေရသော ဈေးများဖြစ်သည်။

ယခုအခါတွင် ဈေးသည်များပေးဆောင်ရသည့် ဈေးကောက်နှုန်းထားမှာ ယခင်က (၁၀ × ၁၀)ပေပတ်လည် ကျပ် ၃၀၀ အစား ယခု ကျပ် ၆၀၀ နှုန်းနှင့် ယခင် ကျပ် ၇၀၀ နှုန်း ပေးဆောင်ကြသူများမှာ ယခု ကျပ် ၉၀၀ နှုန်းဖြင့် ပေးဆောင်နေကြရကြောင်း သိရသည်။

"လူနေတိုက်ခန်းတွေမှာ ဈေးရောင်းချခြင်းမပြုရဆိုတာ အားလုံး သိပြီးသားပါ။ ယခုအခါ ပလက်ဖောင်းတွေပေါ်မှာ စားသောက်ဆိုင်တွေ ဖွင့်လှစ်ရောင်းချနေတာလည်းအများကြီးဖြစ်နေပါပြီ။ သက်ဆိုင်ရာကို ဒါတွေကို ထိန်းသိမ်းပေးဖို့ တင်ပြတဲ့အခါ ဓာတ်ပုံနဲ့တကွ တင်ပြပါဆိုလို့ တင်ပြထားတာ ယခုအထိ ဘာမှအရေးယူခြင်း၊ အပြစ်ပေးခြင်းမျိုး မကြားရသေးပါဘူး။ အဲဒီဆိုင်တွေရှိလာတော့ အခွန်အခပေးနေရတဲ့ ဈေးတောင် ရောင်းအားမကောင်းတော့ဘူး" ဟု ရပ်ကွက်နေသူတစ်ဦးက ပြောသည်။

ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်ဈေးသေး၊ ဈေးငယ်များတွင် ရောင်းချလျက်ရှိသော ဈေးသည်အများစုမှာ နေပြည်တော်တည်ခါစ ရွှေ့ပြောင်းလုပ်သားများ၊ အငြိမ်းစားဝန်ထမ်းများ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများ၊ လက်ရှိ ဝန်ထမ်းမိသားစုဝင်များဖြစ်ပြီး ယခုကဲ့သို့သက်ဆိုင်ရာမှ ပုံကျဈေးကောက်ကောက်ခံမှုများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ ကောက်ခံလိုက်သဖြင့် ဈေးကောက်ငွေမြင့်တက်လာခဲ့ရာ အခက်အခဲများဖြစ်ပေါ်လျက်ရှိသဖြင့် သက်ဆိုင်ရာအနေဖြင့် ယခင်ကောက်ခံမှု နှုန်းထားအတိုင်းသာ ကောက်ခံပေးရန် ရပ်ကွက် ဈေးငယ်များမှ ဈေးသည်များက လိုလားလျက်ရှိနေကြသည်။

**ကိုပေါက်(ဥက္ကာမြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၁-၁၁-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၂၃၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၄၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၆၂၀/၆၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၆၆၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၄၅/၆၆၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ ・ ၀ |
| ဥရောပ | တစ်ယူရို | ၁၄၀၄ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၁၈ ・ ၅၁ |
| ထိုင်း | တစ်ဘတ် | ၃၆ ・ ၆၇၁ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ ・ ၃၁၉ |
| တရုတ် | တစ်ယွမ် | ၁၈၉ ・ ၅၃ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၂ ・ ၅၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ ရှေ့ဖုံးမှ

၁၅-၉-၂၀၁၆ ရက်နေ့ နံနက်၉ နာရီ မိနစ် ၄၀ အချိန်ခန့်တွင် ခရီးသည်များဆင်းသွားပြီးနောက် ၎င်းတို့နှစ်ဦးမှ ယာဉ်အတွင်း သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် အမေရိကန်ဒေါ်လာ ၈၀,၀၀၀ ပါရှိသော ပိုက်ဆံအိတ်တစ်လုံးအား တွေ့ရှိခဲ့ပါသည်။ ထိုသို့ တွေ့ရှိသည့်အခြေအနေကို ယာဉ်ငှားရမ်းအသုံးပြုခဲ့သည့် ပရဟိတအဖွဲ့၏ ခေါင်းဆောင်ဖြစ်သူထံ ချက်ချင်း အကြောင်းကြား၍ ပိုင်ရှင်ဖြစ်သူ ကိုရီးယားနိုင်ငံသား မစ္စတာ ဘတ်ချူးချူးထံသို့ ပြန်လည်ပေးအပ်ခဲ့ပါသည်။

၃။ ယာဉ်မောင်း ဦးမျိုးသန့်နှင့် ယာဉ်အကူ ဦးမောင်မောင်တို့သည် မြန်မာကျပ်ငွေ သိန်းတစ်ထောင်နီးပါးနှင့်ညီမျှသော အမေရိကန်ဒေါ်လာ ရှစ်သောင်းကိုတွေ့ရှိရာတွင် လိုချင်တပ်မက်မှုအလျဉ်းမရှိဘဲ ကျင့်ဝတ်၊ သီလ၊ စာရိတ္တ ခိုင်မာစွာဖြင့် ပိုင်ရှင်ဖြစ်သူထံ ချက်ချင်းပြန်လည်ပေးအပ်ခဲ့ပါသည်။

၄။ သို့ဖြစ်၍ ယခုနှစ်အောက်တိုဘာလအတွက် ချီးကျူးဂုဏ်ပြုထိုက်သူအဖြစ် ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှ ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့အား ရွေးချယ်၍ ဤကျေးဇူးတင်လွှာကို ထုတ်ပြန်လိုက်ပါသည်။

၅။ နိုင်ငံသူ နိုင်ငံသားအနေဖြင့်လည်း ဦးမျိုးသန့်(ယာဉ်မောင်း)နှင့် ဦးမောင်မောင်(ယာဉ်အကူ)တို့ကဲ့သို့ပင် စာရိတ္တမဏ္ဍိုင်ကို ထိန်းသိမ်းလျက် ဖြူစင်ရိုးသားစွာဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးတွင် နိုင်ငံတော်အစိုးရနှင့်အတူ ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံလျက်မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**အောင်ဆန်းစုကြည်**
**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်**

# ပြည်တက္ကသိုလ် (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**ပြည် နိုဝင်ဘာ ၁၁**

ပြည်တက္ကသိုလ် တည်ထောင်ခြင်း (၁၇)နှစ်မြောက် အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီက ပြည်တက္ကသိုလ် လေးထပ်ဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်တက္ကသိုလ် တည်ထောင်ခြင်း (၁၇)နှစ်မြောက် အထိမ်းအမှတ်အဖြစ် တက္ကသိုလ်မွေ့ရာ၌ သံဃာတော်ငါးပါးအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး လေးထပ်ဆောင်ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း ပြည်တက္ကသိုလ်အတွက် ဂုဏ်ထူးဆောင်ခဲ့သူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် အခမ်းအနားတက်ရောက်လာကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး သုတေသနစာတမ်းဖတ်ပွဲကို ဆက်လက်ကျင်းပရာ ဝိဇ္ဇာဘာသာရပ်ဌာနများမှ စာတမ်း ရှစ်စောင်နှင့် သိပ္ပံဘာသာရပ်ဌာနများမှ စာတမ်းခြောက်စောင် ဖတ်ကြား တင်သွင်းခဲ့ပြီး ယင်းတက္ကသိုလ်၏ နောက်ခံသမိုင်းကြောင်းကို ဒုတိယပါမောက္ခချုပ် ဒေါက်တာဒေါ်နီလာမြင့်က ရှင်းလင်းပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**



# ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာနယ်ပယ်၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ဝင်များ ပါရီမြို့သို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် ပြန်ကြားရေး၊ ဆက်သွယ်ရေးနှင့် သတင်းမီဒီယာနယ်ပယ်၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးမှ ဒုတိယသံအမတ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အတူ အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေ၊ ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်ကျော်နှင့် ဦးအောင်ရှင်(မုံရွာအောင်ရှင်)တို့ လိုက်ပါသွားကြသည်။

**(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေး မဟာဗျူဟာမြောက်လုပ်ငန်းရေးဆွဲခြင်း ဒုတိယအကြိမ် အကြံပြုအလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက် ပြီးစီးပါက မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ရေးအတွက် အစိုးရအဖွဲ့များကို အထောက်အပံ့ပြုနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စံတန်ဖိုးများကို အမြင့်ဆုံး ထိန်းသိမ်းထားနိုင်ကာ ပြည်သူ၏ယုံကြည်မှုကို ပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက ပြောသည်။

ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ကျင်းပသည့် မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးအတွက် မဟာဗျူဟာမြောက် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်း ဒုတိယအကြိမ် အကြံပြုအလုပ်ရုံဆွေးနွေးပွဲတွင် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားစနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ အရည်အသွေးများနှင့် စွမ်းဆောင်ရည်များကို အမြဲမြှင့်တင်မွမ်းမံပေးရန် အလွန်အရေးကြီးကြောင်း၊ သို့မှသာ ပြည်သူလူထုကို ဝန်ဆောင်မှုပေးရာတွင် မြန်ဆန်၊ ချောမွေ့ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး ပြည်သူများ၏ လေးစားယုံကြည်မှု ရမည်ဖြစ်ကြောင်း ပြောကြားသည်။



ယနေ့ဆွေးနွေးပွဲတွင် နိုင်ငံ့ဝန်ထမ်းအုပ်ချုပ်ရေးလုပ်ငန်းစဉ်သစ်နှင့် ပြည်သူ့ဝန်ထမ်းများ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ကို တိုးမြှင့်ပေးခြင်း၊ အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် အခြေခံသောအလေ့အထနှင့် စနစ်များဆီသို့ ဦးတည်ရေးနှင့် ထိရောက်၍ စွမ်းဆောင်ရည်ပြည့်ဝသော ဝန်ထမ်းများဖြစ်စေရေးတို့ကို အဓိကဆွေးနွေးမည့် နယ်ပယ်အဖြစ် သတ်မှတ်ပြီး အုပ်စုဖွဲ့၍ ဆွေးနွေးခဲ့ကြသည်။

နယူးဇီလန်နိုင်ငံ နိုင်ငံ့ဝန်ထမ်းကော်မရှင်မှ Former Deputy Commission, Mr. David Ryan Orange က ယနေ့ ဆွေးနွေးပွဲနှင့်ပတ်သက်၍ "ဗဟိုစိုးမိုးမှုလျှော့ချခြင်းဟာ ပြည်သူတွေနဲ့ ပိုမိုနီးကပ်စွာ တစ်သားတည်းရှိဖို့ ရည်ရွယ်ပါတယ်။ ဒါကလည်း နိုင်ငံတိုင်းအဖို့ လွယ်ကူတဲ့ ကိစ္စမဟုတ်ပါဘူး။ ဒီတော့ မြန်မာနိုင်ငံလည်း မိမိနိုင်ငံအလျောက် ရွေးချယ်ဆောင်ရွက်ရမှာဖြစ်ပြီး အဓိကကတော့ ဆုံးဖြတ်ချက်တွေကို ဘယ်လိုလျှော့မလဲ၊ ဘယ်နေရာမှာချမလဲ၊ နဂိုဆုံးဖြတ်ချက်ချတဲ့အခါ ဘယ်လိုသိသာလာမလဲဆိုတာက ဗဟိုစိုးမိုးမှုလျှော့ချခြင်းဖြစ်တယ်" ဟု ပြောသည်။

ယနေ့ကျင်းပသည့်အုပ်စုဖွဲ့ဆွေးနွေးပွဲသည် သြဂုတ် ၂၅ ရက်နှင့် ၂၆ ရက်က နေပြည်တော် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ကျင်းပခဲ့သည့် နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲရေးဆိုင်ရာ မဟာဗျူဟာစီမံချက်ရေးဆွဲရေး အကြံပြု အလုပ်ရုံဆွေးနွေးပွဲ၏ နောက်ဆက်တွဲလုပ်ငန်းစဉ်များထဲမှ တစ်ခုဖြစ်ပြီး ၎င်းမှရရှိလာသော ရလဒ်များအပေါ် အကြံပြုဆွေးနွေးသုံးသပ်ခြင်းဖြစ်ကာ ဆွေးနွေးပွဲဝင်များ၏ ရလဒ်များကိုအခြေခံကာ မဟာဗျူဟာစီမံချက်(မူကြမ်း) ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုအလုပ်ရုံဆွေးနွေးပွဲကဲ့သို့ပင် နိုဝင်ဘာ ၈ ရက်နှင့် ၉ ရက်က နေပြည်တော် ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ကျင်းပခဲ့ပြီး အလားတူ ဆွေးနွေးပွဲဝင်များကို မန္တလေးတိုင်းဒေသကြီးတွင် နိုဝင်ဘာ ၁၅ ရက်တွင် လည်းကောင်း၊ ရှမ်းပြည်(တောင်ပိုင်း) တောင်ကြီးမြို့၌ နိုဝင်ဘာ ၁၇ ရက်တွင် လည်းကောင်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**သတင်း - မြတ်စန္ဒီ**
**ဓာတ်ပုံ - ရဲထွဋ်**

# စိတ်ရောဂါဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ စိတ်ကျန်းမာရေးဆရာဝန်များ အဖွဲ့နှင့် Sanofi တို့ ပူးပေါင်းကာ လှိုင်သာယာမြို့နယ်အတွင်းရှိ စိတ်ရောဂါဝေဒနာခံစားနေရသူ ၁၂၀၀ ခန့်အား သုံးနှစ်စီမံကိန်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဦးရဲမြက ပြောသည်။

"မြန်မာနိုင်ငံတစ်နိုင်ငံလုံးမှာရှိတဲ့ စိတ်ကျန်းမာရေး စောင့်ရှောက်မှုတွေ တိုးမြှင့်လုပ်ဆောင်သွားနိုင်ဖို့ လှိုင်သာယာမြို့နယ်မှာရှိတဲ့ စိတ်ရောဂါဝေဒနာရှင် ၁၂၀၀ (ခန့်မှန်း) ကို ကျန်းမာရေးစောင့်ရှောက်မှု ရှေ့ပြေးမြို့နယ်အဖြစ် ရွေးချယ်ပြီး ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။




အဆိုပါစိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းကို ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ဦးရဲမြ၊ မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဦးစောဝင်း၊ Sanofi ဒုတိယဥက္ကဋ္ဌ ဒေါက်တာ Robert Sebbag တို့က နိုဝင်ဘာ ၁၀ ရက် ညပိုင်းက ဆူးလေရှန်ဂရီလာဟိုတယ်၌ စာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ **(ဓါတ်ပုံ)**

အဆိုပါစာချုပ်အရ မြန်မာနိုင်ငံဆရာဝန်အသင်းမှ အုပ်ချုပ်မှုအပိုင်း၊ မြန်မာနိုင်ငံ စိတ်ရောဂါဆရာဝန်များက ကုသမှုအပိုင်းနှင့် Sanofi မှ နိုင်ငံတကာ ဆေးပညာရှင်များနှင့် ချိတ်ဆက်ပြီး နည်းပညာ ပံ့ပိုးပေးမှုအပိုင်းတို့ကို တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Sanofi သည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုနှင့် သုတေသနအခြေပြုဆောင်ရွက်နေသော အဖွဲ့ဖြစ်ပြီး ကမ္ဘာ့နိုင်ငံပေါင်း ၁၇၀ တွင် ကျန်းမာရေးစောင့်ရှောက်မှု နည်းလမ်းများ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရုံးခွဲကို စတင်ဖွင့်လှစ်လုပ်ကိုင်၍ စိတ်ကျန်းမာရေး ဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းစာချုပ်အရ လှိုင်သာယာမြို့နယ်အတွင်းရှိ စိတ်ဝေဒနာခံစားနေရသူများ၊ ဝက်ရူးပြန်ရောဂါနှင့် စိတ်ကျရောဂါ ခံစားနေရမှုတို့ကို တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းလျှော့ချသွားရန် လူထုကျန်းမာရေးလုပ်သားများနှင့် ပေါင်းစပ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"စိတ်ရောဂါဆိုတာ အများထင်သလို စုန်းကဝေ၊ သရဲပြုစားလို့ဆိုတဲ့ အယူအဆတွေကို တိုက်ဖျက်သွားမှာပါ။ စိတ်ရောဂါဆိုတာ ကုသပျောက်ကင်းတဲ့ ရောဂါဖြစ်တယ်ဆိုတာကို နိုင်ငံတကာ ဆေးဘက်ကျွမ်းကျင် ပညာရှင်တွေနဲ့ ချိတ်ဆက်ပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေကို အသက်သာဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု Sanofi Myanmar မှ ဒေါက်တာမေမြင့်ဦးက ပြောကြားသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

*✻ ကျောဖုံးမှ*

ဦးဆောင်သော ကော်မရှင်အဖွဲ့ဝင် ၁၄ ဦးတို့သည် ကချင်ပြည်နယ်ရှိ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း၊ ချီဖွေငယ် ရေအားလျှပ်စစ်တမံ၊ ချီဖွေငယ်ဓာတ်အားပေးစက်ရုံနှင့် မြစ်ဆုံစီမံကိန်းလုပ်ငန်းခွင်ဧရိယာအတွင်း ကျရောက်သော ကျေးရွာ ၅ ရွာအတွက် ရွှေ့ပြောင်းတည်ဆောက်ပေးထားသည့် အောင်မြင်သာနှင့် မလိယန် ကျေးရွာသစ်များသို့ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ သွားရောက်ကွင်းဆင်းလေ့လာခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင်များသည် စက်တင်ဘာလ ၁၈ ရက်တွင် မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံခဲ့ပြီး ကော်မရှင်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ရှင်းလင်းခြင်း၊ သက်ဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံများမှ ၎င်းတို့၏ သဘောထားများ၊ အကြံပြုချက်များတင်ပြခြင်းနှင့် ကော်မရှင်မှ သတင်းထုတ်ပြန်ချက် ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄။ ကော်မရှင်သည် တရုတ်နိုင်ငံ၊ CPI Yunnan International Power Investment Co., Ltd. (CPIYN) နှင့် Changjiang Institute of Survey, Planning, Design and Research (CISPDR) တို့မှ တာဝန်ရှိသူများအား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် နေပြည်တော်၌ ပထမအကြိမ် လက်ခံတွေ့ဆုံပြီး ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြပါသည်။

၅။ CPI Yunnan International Power Investment Co., Ltd. (CPIYN) မှ တာဝန်ရှိသူများသည် ကော်မရှင်အား ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် နေပြည်တော်၌ ဒုတိယအကြိမ် လာရောက်တွေ့ဆုံ၍ ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများဆောင်ရွက်ခဲ့မှု အခြေအနေများကို ထပ်မံတင်ပြခဲ့ကြပါသည်။

၆။ ကော်မရှင်သည် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၏ မူလ Environmental Impact Report အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှုများနှင့်ပတ်သက်၍ လေ့လာဆန်းစစ်မှုများကိုစိစစ်ရန် ပညာရပ်အထောက်အကူပြုအဖွဲ့အဖြစ် မြန်မာ့ပတ်ဝန်းကျင်အဖွဲ့ (Myanmar Environment Institute) ကို ၂၆-၁၀-၂၀၁၆ ရက်နေ့တွင် တာဝန်ပေးအပ်ခဲ့ပါသည်။

၇။ မြန်မာ့ပတ်ဝန်းကျင် (Myanmar Environment Institute) အဖွဲ့မှ မြန်မာပညာရှင် ၁၈ ဦးနှင့် နိုင်ငံခြားသားပညာရှင် ၂ ဦးတို့သည် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ၏ မူလ Environmental Impact Report အစီရင်ခံစာအား လေ့လာစိစစ်ခြင်း (Screening)၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နယ်ပယ်အတိုင်းအတာသတ်မှတ်ခြင်း(Scoping and Terms of Reference)၊ ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် ဆန်းစစ်ခြင်း (Field Survey and Rapid Assessment) တို့ကို ဆောင်ရွက်သွားကြမည်ဖြစ်ပြီး လူမှုဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာတို့အပေါ် သက်ရောက်မှုများကိုလည်းလေ့လာသွားမည်ဖြစ်ပါသည်။

၈။ ကော်မရှင်အနေဖြင့် ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ လေ့လာစိစစ်သုံးသပ်ခြင်း ပထမအစီရင်ခံစာကိုပြုစုပြီး ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နိုင်ငံတော်သမ္မတထံသို့ တင်ပြခဲ့ပြီးဖြစ်ပါသည်။ ပထမအစီရင်ခံစာတွင် ကော်မရှင်မှ လေ့လာစုစည်းထားသော မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်သည့် ရေအားလျှပ်စစ်အရင်းအမြစ်များနှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်များ၊ ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ ဖြစ်ပေါ်လာပုံနှင့် မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်စပ်သောစာချုပ်စာတမ်းများ၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် ကော်မရှင်၏ဆောင်ရွက်ချက်များ Factual Report ကို ထည့်သွင်းဖော်ပြထားပါသည်။ ကော်မရှင်အနေဖြင့် တွေ့ဆုံမေးမြန်းသင့်သည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် ထပ်မံတွေ့ဆုံမှုများ၊ လေ့လာစိစစ်သုံးသပ်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကော်မရှင်လုပ်ငန်းများကို ဆောင်ရွက်ဆဲဖြစ်သဖြင့် ယခုပထမအစီရင်ခံစာတွင် သုံးသပ်ချက်များ၊ အကြံပြုချက်များ ထည့်သွင်းတင်ပြထားခြင်း မရှိသေးပါကြောင်း ဖော်ပြအပ်ပါသည်။

၉။ ကော်မရှင်၏ လုပ်ငန်းတာဝန်တွင် စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် လူမှုပတ်ဝန်းကျင်၊ ဂေဟစနစ်အပါအဝင် သဘာဝပတ်ဝန်းကျင်အပေါ် ကောင်းကျိုးနှင့်ဆိုးကျိုးသက်ရောက်မှုများ၊ စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် ဧရာဝတီမြစ်ရေရှည်တည်တံ့နိုင်မှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေနှင့် ဧရာဝတီမြစ်၏ ရေသယံဇာတများ ပျက်စီးဆုံးရှုံးနိုင်မှု အခြေအနေများ၊ ဒေသခံပြည်သူများနှင့် လူမှုအဖွဲ့အစည်းများ၏ ခံစားချက်များနှင့် သဘောထားအမြင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှုအခြေအနေများ၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အားလျော်စွာ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိရေးစသည်တို့ကို ထည့်သွင်းစဉ်းစားပြီး မြန်မာနိုင်ငံနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူတို့အကြား ညှိနှိုင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများနှင့် စီမံကိန်းများ ဆက်လက်ဆောင်ရွက်ရန် သင့်-မသင့်တို့ကို သုံးသပ်အကြံပြုတင်ပြရမည်ဖြစ်သဖြင့် ထိုတာဝန်များပြီးမြောက်အောင်ဆောင်ရွက်ပြီး အပြီးသတ် အစီရင်ခံစာကို နိုင်ငံတော်သမ္မတထံသို့ တင်ပြသွားမည်ဖြစ်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဧရာဝတီ-မြစ်ဆုံမြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ**
**လေ့လာစိစစ်သုံးသပ်ရေးကော်မရှင်**

# နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း အဆင့်မြင့်ယာဉ်လိုင်းများ လက်ဝဲကြောင်း၊ လက်ယာလမ်းကြောင်းဖြင့် စတင်ပြေးဆွဲ

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်း အဆင့်မြင့်ယာဉ်လိုင်းများ စတင်ပြေးဆွဲခြင်း အခမ်းအနားကို နေပြည်တော် စည်ပင်သာယာရေးကော်မတီညွှန့်ရိပ်သာ(၂)ရှေ့ရှိ ယာဉ်လိုင်းဂိတ်တွင် ယမန်နေ့ နံနက် ၈ နာရီက ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် နေပြည်တော်ကောင်စီဝင်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော် မ.ထ.သ (မြို့တွင်း) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က နေပြည်တော်မြို့တော် စတင်တည်ဆောက်ပြီးကတည်းက ထည့်သွင်းစဉ်းစား အကောင်အထည်ဖော်ထားခဲ့ပြီး ယနေ့တွင် အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်ကို ဆက်သွယ်ပို့ဆောင်နိုင်ရန် ရေရှည်စီမံကိန်းကိုလည်း နေပြည်တော်ကောင်စီအနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သက်သာသော ကားခနှုန်းထားဖြင့် ခုတင်(၁၀၀၀)ဆေးရုံကြီးနှင့် ဆေးရုံကြီးနှစ်ရုံ၊ မြို့မဈေး၊ ဝန်ထမ်းအိမ်ရာများကို အဓိကစတင်ပြေးဆွဲခြင်းဖြစ်ကြောင်း၊ ပြည်သူများက ယာဉ်စီးခနှုန်းထားလျှော့ပေးဆိုကလည်း လျှော့ပေးမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့်လည်း ဝိုင်းဝန်းအကြံပြုနိုင်ပါကြောင်း ပြောကြားသည်။

နေပြည်တော်ရှိ ဝန်ကြီးရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ မြို့မဈေး၊ ခုတင်(၁၀၀၀)ဆေးရုံ၊ ဥတ္တရသီရိမြို့နယ် နားနှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးများသို့ ပြေးဆွဲရန် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ အဆင့်မြင့်မော်တော်ယာဉ် ခုနစ်စီး၊ နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (မြို့တွင်း)မှ အဆင့်မြင့်မော်တော်ယာဉ်ခြောက်စီး၊ တော်ဝင်ခရီးသည် ပို့ဆောင်ရေး မော်တော်ယာဉ်အသင်းမှ အဆင့်မြင့်မော်တော်ယာဉ်သုံးစီး စုစုပေါင်း ၁၆ စီးဖြင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကားခနှုန်းထား ငွေကျပ် ၅၀၀နှင့် ၁၀၀၀ ဖြင့် ယနေ့စတင်ပြေးဆွဲသွားမည်ဖြစ်သည်။

"နိုင်ငံတော်ရဲ့ပံ့ပိုးမှုနဲ့အတူ နောက်ပိုင်းမှာလည်း ဆက်လက်တိုးချဲ့ပြေးဆွဲသွားမှာဖြစ်ပြီး ဒီနေ့တွင် လက်ယာရစ်အနေဖြင့် စည်ပင်ညွှန့်ရိပ်သာ(၂) အရှေ့ဂိတ်စမှနေစပြီး ဝန်ကြီးရုံးများ၊ သပြေကုန်းအဝိုင်း၊ ရေပန်းဥယျာဉ်၊ ဝင်းသူဇာလမ်းဆုံ၊ ရုံးအမှတ်(၄၇)၊ မဟာသကျရံသီဘုရားမှ ပြန်လှည့်၍ ဝင်းသူဇာလမ်းဆုံမှ ခရေအိမ်ရာ၊ မြို့မဈေး၊ စည်ပင်ရိပ်သာဂိတ်ဆုံးကို လက်ဝဲရစ်အနေဖြင့် ဝန်ထမ်းရပ်ကွက်များသို့ မြို့မဈေးဂိတ်စမှ ဓာတုဗေဒဓာတ်ပေါင်းစေတီ၊ MICC-2၊ ဂန္ဓမာဈေး၊ ချယ်ရီဈေး၊ တောင်ညိုလမ်းမကြီးအတိုင်း ထိုမှပြန်လှည့်ကာ ၈ နာရီတွင် တစ်စီး၊ ၉ နာရီတွင် တစ်စီး၊ ညနေ ၃ နာရီတွင် တစ်စီး၊ ၄ နာရီတွင် တစ်စီး ယာဉ်စီးခ ဂိတ်စ-ဆုံး ကျပ်၁၀၀၀၊ အတက်အဆင်း ကျပ် ၅၀၀ ဖြင့် ပြေးဆွဲမှာပါ" ဟု နေပြည်တော် မ.ထ.သ (မြို့တွင်း) ယာဉ်လိုင်းဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်က ပြောသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အဆင့်မြင့်ယာဉ်လိုင်းတွင် ပြေးဆွဲမည့် မီနီဘတ်စ် ၁၆ စီးအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် ယာဉ်လိုင်းများ စတင်ပြေးဆွဲကြသည်။

**(သတင်းစဉ်)**



# မြန်မာနှင့်ကိုရီးယားသမ္မတနိုင်ငံတို့ ချစ်ကြည်ရေးတည်တံ့စေရန် ရည်ရွယ်သော ကိုရီးယားထုတ်ကုန်ပြပွဲကြီး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံ ချစ်ကြည်ရေး တည်တံ့ခိုင်မြဲစေရန်၊ ကုန်သွယ်မှုမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံယဉ်ကျေးမှုချင်းဖလှယ်ရန် ရည်ရွယ်၍ ကိုရီးယားထုတ်ကုန်ပြပွဲကြီး (Korea Products Fair 2016)ကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ခင်းကျင်းပြသလျက်ရှိသည်။

Korea Association in Myanmar ၏ အထောက်အပံ့ဖြင့် Funtential Factory ကုမ္ပဏီမှကြီးမှူးကျင်းပသည့် ကိုရီးယားထုတ်ကုန်ပြပွဲတွင် ကိုရီးယားနိုင်ငံ အခြေစိုက်ကုမ္ပဏီများနှင့် မြန်မာနိုင်ငံရှိ ကိုရီးယားကုမ္ပဏီများအပါအဝင် ကုမ္ပဏီ ၅၀ ကျော်၊ ဆိုင်ခန်းပေါင်း ၁၅၀ ပါဝင်ပြသထားပြီး ဒုတိယအကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးဈေးကွက်ကို အလွန်စိတ်ဝင်စားတယ်။ မြန်မာ Skincare Society ကို ကိုရီးယားထုတ်ကုန်တွေနဲ့ ထိုးဖောက်ဝင်ရောက်ချင်တယ်။ ကိုရီးယားသီချင်းတွေ၊ စတိုင်တွေက မြန်မာနိုင်ငံမှာ ခေတ်စားလာသလိုပဲ။ မြန်မာနိုင်ငံမှာရှိတဲ့ ကလေးတွေကို ကျွန်တော်တို့ရဲ့ထုတ်ကုန်ပစ္စည်းနဲ့ ကြီးပြင်းလာစေချင်တယ်။ အခုထုတ်လိုက်တဲ့ ကလေးသုံး လိုးရှင်းလေးတွေက ဒီနှစ်မှထုတ်တာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ အခုမှ လာရောက်မိတ်ဆက်တာပါ။ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ အဝယ်တော်တွေနဲ့ ချိတ်ဆက်ပြီး ဒီထုတ်ကုန်ကို Online Store ရော Offline Store ပါ လုပ်ဖို့ရှိပါတယ်" ဟု HUJ International Incorporation မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲသို့ လာရောက်လေ့လာသူ လူငယ်တစ်ဦးကလည်း "Cosmetic ကို အဓိကအားပေးချင်လို့ပါ။ များသောအားဖြင့် Cosmetic တွေက ဈေးကြီးတယ်။ ဒီမှာက ဈေးနည်းနည်းသက်သာတော့ ညီမတို့လို လူငယ်တွေအတွက် တော်တော်အဆင်ပြေသွားတယ်" ဟု ဖြေကြားခဲ့သည်။

အဆိုပါပြပွဲတွင် ကိုရီးယားနိုင်ငံမှ လူသုံးကုန်များ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့်ဆက်စပ်ပစ္စည်းများ၊ အခန်းအလှဆင်ပစ္စည်းများ၊ ဆေးဝါးများနှင့် စားသောက်ကုန်များအပါအဝင် ကိုရီးယားနိုင်ငံ ထုတ်ကုန်ပစ္စည်းများနှင့် အပျော်တမ်း တက်တူးစတစ်ကာကပ်ခြင်း၊ ကိုရီးယားဓလေ့ရိုးရာ ကစားနည်းများ၊ ကိုရီးယားရိုးရာဝတ်စုံများ ဝတ်ဆင်၍ အလှဓာတ်ပုံများရိုက်ခြင်းစသည့် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ပြသလျက်ရှိသည်။

**ခင်ဇာသွယ်နှင့်အဖွဲ့**




*❄ ကျောဖုံးမှ*

စိုးရိမ်နေရပါပြီ။ တဖြည်းဖြည်းနဲ့ ရေက တိုက်စားနေတာ။ ဒါကြောင့် ကျေးရွာသူကျေးရွာသားတွေ အင်အားနဲ့ ဒီနေ့မှာ သဲအိတ်တွေချပြီး ရေဘေးကာကွယ်ရေး လုပ်ငန်းတွေကို ဝိုင်းဝန်းဆောင်ရွက်နေတာပါ"ဟု ရွှေမြို့ကြီး ဂိုဏ်းထောက်ကျောင်း ဆရာတော် ဦးဉာဏိဿရိယက မိန့်ကြားသည်။

"မနေ့က ဒီလောက်မဆိုးသေးဘူး။ ဒီနေ့တော့ ကားတွေ၊ မော်တော်ဆိုင်ကယ်တွေ လုံးဝကို ဖြတ်သန်းလို့မရတော့တဲ့အတွက် ဖြတ်သန်းသွားလာခွင့်ကိုပိတ်ပြီး ရေဘေးကာကွယ်ရေးလုပ်ငန်းတွေ လုပ်နေပါတယ်" ဟု သပြေချောင်းကျေးရွာဒေသခံတစ်ဦးဖြစ်သူ ဦးအောင်မြင့်က ပြောသည်။

အဆိုပါ တံတားရေတိုက်စားနေမှုကို ယနေ့နံနက်ပိုင်းက မြို့နယ်တာဝန်ရှိသူများနှင့် တံတားတည်ဆောက်ရေးတွင် ပါဝင်သူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"ရေကျသွားရင် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ ဝိုင်းဝန်းကူညီပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ဒီတံတားက ဘုန်းဘုန်းတို့ကျေးရွာတွေအတွက် တကယ့်ကိုအရေးပါတဲ့ အသက်သွေးကြောတစ်ခုပါပဲ"ဟု ဆရာတော်က ဆက်လက်မိန့်ကြားသည်။

*❖ ကျောဖုံးမှ*

မြင်းခြံမြို့တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနကို ၁၉၈၂-၈၃ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး မိုးလေဝသအခြေအနေများကို မှတ်တမ်းတင်ထားရှိရာ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်အထိ မိုးရွာသွန်းခြင်း တိုင်းတာမှုအရ ၃၃ နှစ်အတွင်း မိုးရေချိန် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း မြင်းခြံခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ထွန်းအေး၏ ပြောကြားချက်အရ သိရသည်။

**ဦးဇော်မင်းနိုင် (မြင်းခြံ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အီတလီနိုင်ငံရှိ စတီးလ်ပစ္စည်းစက်ရုံသို့ သွားရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အီတလီနိုင်ငံ ဗင်းနစ်မြို့၌ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်နောင်နှင့်အတူ နိုဝင်ဘာ ၁၀ ရက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် Gorizia ပြည်နယ် Villesse ရှိ Goriziane Group သို့ သွားရောက်လေ့လာသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်အား ကုမ္ပဏီမှတာဝန်ရှိသူများက အစည်းအဝေးခန်းမ၌ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် Danieli ကုမ္ပဏီရုံးချုပ်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားရှင်းလင်းပြောကြားပြီး ကုမ္ပဏီရုံးချုပ်အနီးရှိ စတီးလ်ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံနှင့် ABS Steel Works စက်ရုံများသို့ လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Danieli ကုမ္ပဏီရုံးချုပ်အနီးရှိ စတီးလ်ပစ္စည်းများ ထုတ်လုပ်သည့်စက်ရုံနှင့် ABS Steel Works စက်ရုံများသို့ လှည့်လည်ကြည့်ရှုစဉ်** (သတင်းစဉ်)
ဓာတ်ပုံ- Senior General Min Aung Hlaing's Facebook

# ၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ၊ စာရေးဆရာသတိုး၏ ပတ္တမြားလုံတံဝတ္ထုတိုများက အမျိုးသားစာပေဆုဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၁၅ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုတိုပေါင်းချုပ်စာပေဆုတွင် သတိုးရေးသားသည့် ပတ္တမြားလုံတံဝတ္ထုတိုများ (ကောင်းဆုသာစာပေတိုက်)၊ ကဗျာပေါင်းချုပ်စာပေဆုတွင် ဇော်မျိုးဟန် (ငါးသိုင်းချောင်း) ရေးသားသည့် ပန်းနုကြည်ပြာကဗျာများ(နိုင်ငံ့ဂုဏ်ရည်စာပေတိုက်)၊ စာပဒေသာ စာပေဆုတွင် ဒေါက်တာ မခင်မြင့် ရေးသားသည့် ကျမ်းများအဆီဘာရတီနှင့် အခြားဆောင်းပါးများ (ဂန္ထဝင်စာပေတိုက်)၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆုတွင် သုတေသီမောင်မောင်ရေးသားသည့် မြန်မာနိုင်ငံ ဓာတ်ပြားသမိုင်း သုတေသနကျမ်း(၁၈၅၇-၁၉၇၇)(ချမ်းသာစာပေတိုက်)၊ ကလေးစာပေဆုတွင် ချမ်းဝဏ္ဏစိုးဝင်း(တိုက်ကြီး) ရေးသားသည့် တာဝန်ကိုယ်စီရှိကြသည်နှင့် ကလေးဝတ္ထုတိုများ(တော်ဝင်ပန်းစာပေတိုက်)၊ ဘာသာပြန်(သုတ) စာပေဆုတွင် ညိုအုံ့ ရေးသားသည့် ခရီးကန္တာ(ရွက်စိမ်းစာပေတိုက်)၊ သုတပဒေသာ(ဝိဇ္ဇာ)စာပေဆုတွင် မောင်လေးတင့် ရေးသားသည့် တနင်္သာရီတိုင်းဒေသကြီးနောက်ခံသမိုင်းမှတ်စု(ပါရမီစာပေတိုက်)၊ သုတပဒေသာ (အသုံးချသိပ္ပံ) စာပေဆုတွင် ဒေါက်တာခင်မျိုးဟန်(ကလေးအထူးကုဆရာဝန်ကြီး) ရေးသားသည့် ရင်သွေးတို့အရွယ် သဘာဝအလိုက် ပြုစုပျိုးထောင်ရေး (Wisdom House)၊ နိုင်ငံရေးစာပေဆုတွင် ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်း မြင့်ရေးသားသည့် ဖဆပလ ခေတ် မြန်မာ့နိုင်ငံရေးသမိုင်း (၁၉၄၈ - ၁၉၅၈) (သီဟ ရတနာစာပေတိုက်)၊ အင်္ဂလိပ်ဘာသာရပ်(သုတ) စာပေဆုတွင် Terence Tan ရေးသားသည့် Ancient Jewellery of Myanmar from Prehistory to Pyu Period (မုဒ္ဒံစာပေတိုက်)၊ အင်္ဂလိပ်ဘာသာရပ် (ရသ) စာပေဆုတွင် အောင်မျိုး မင်းရေးသားသည့် Beloved Country (မင်းမျိုးအောင်စာပေတိုက်) တို့ ဖြစ်သည်။

အမျိုးသားစာပေဆု ဘာသာရပ်များကို အမျိုးအစားတိုးမြှင့်ချီးမြှင့်ခဲ့ရာ ၂၀၁၀ ပြည့်နှစ်မှစတင်၍ အင်္ဂလိပ်ဘာသာစာပေဆုကို လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် အဆိုပါအင်္ဂလိပ်ဘာသာစာအုပ်ဆုကို သုတနှင့် ရသခွဲခြား၍လည်းကောင်း ချီးမြှင့်ခဲ့သည့်အတွက် စုစုပေါင်း ဘာသာရပ် (၁၆) မျိုး ဖြစ်လာခဲ့သည်။ အင်္ဂလိပ်ဘာသာစာအုပ်ဆုချီးမြှင့်ရာတွင် ၂၀၁၄ ခုနှစ်မှစ၍ မြန်မာဘာသာ (သို့မဟုတ်) တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသောစာအုပ်ကို အင်္ဂလိပ်ဘာသာအဖြစ် ရေးသားထားသည့် စာအုပ်များကိုပါ ထည့်သွင်းရွေးချယ်ချီးမြှင့်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆုတွင် ဝတ္ထုရှည်၊ ပြဇာတ်၊ လူငယ်စာပေ၊ ဘာသာပြန်(ရသ)၊ သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ စာပေဆု (၅) မျိုးကို ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

အမျိုးသားစာပေဆုကို ယခင်က ငွေကျပ် သုံးသိန်း ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ငွေကျပ်ငါးသိန်းအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် ၁၀ သိန်းအထိ လည်းကောင်း၊ ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တို့တွင် ငွေကျပ် ၁၅ သိန်းအထိ လည်းကောင်း အဆင့်ဆင့် တိုးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း ငွေကျပ် ၁၅ သိန်း ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူများပါဝင်သော ပုဂ္ဂိုလ် ၆၈ ဦးဖြင့် ဖွဲ့စည်းထားသည်။ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနက အမျိုးသားစာပေဆုရွေးချယ်ရေးအတွက် စာအုပ်များ ပေးပို့နိုင်ခြင်းမရှိတော့သဖြင့် စာရေးသူများ ထုတ်ဝေသူများက ပေးပို့သော စာအုပ်များကို သက်ဆိုင်ရာဘာသာရပ်အလိုက် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူသော အဆင့်သုံးဆင့်ဖြင့် စနစ်တကျ ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်တွင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ × ၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ နှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ ကြေညာသည့်ရက်မှ တစ်ပတ်အတွင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုရစာအုပ်များကို ထုတ်ဝေသည့်စာပေတိုက်များကိုလည်း ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါဆုများကို ၃၀-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ကကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဆုရရှိသောစာမူများနှင့် စာရေးဆရာများ၏ အမည်စာရင်းကို စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့က ယနေ့ ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်ဆုတွင် ပထမဆုကို ချာန်လင်းထက်၏ "ရက်ကန်းစင်တောင်ခြေတွင် ရှင်မွေးလွန်းနေသည်" က လည်းကောင်း၊ ဒုတိယဆုကို တောင်တွင်း ကိုရင်ဩ၏ "မီးငှက်တစ်ကောင်ရဲ့ခြသေ့်လည်ပြန်" က လည်းကောင်း၊ တတိယဆုကို ဇော်လွင်ဦး (ဟင်္သာတ) ၏ "အရာတော်ကမ်းက လွမ်းမပြေ" က လည်းကောင်း ရရှိကြသည်။

ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို သုတိဩဘာ(ဆင်ပေါင်ဝဲ) ၏ "ယောပုဆိုးနှင့် ကြွခဲ့ပါ အပါအဝင် အခြားဝတ္ထုတိုများ" က လည်းကောင်း၊ ဒုတိယဆုကို မောင်နေခြည်(ပြည်) ၏ "နှလုံးသားထဲက ခဲလက်ရေးနှင့် အခြားဝတ္ထုတိုများ" က လည်းကောင်း၊ တတိယဆုကို ကံမြင့်မော်၏ "အရုဏ်ကျင်းလို့ လင်းလုပြီကိုနှင့် အခြားဝတ္ထုတိုများ" က လည်းကောင်း ရရှိကြသည်။

ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို ချမ်းမြသော်၏ "မိုးသောက်ဂီတကဗျာများ" ကလည်းကောင်း၊ ဒုတိယဆုကို ခက်လှိုင်းကျော်၏ "ဝေရဲရဲ ကြွေရဲရဲ စေတနာပန်းပွင့်များ" က လည်းကောင်း၊ တတိယဆုကို ဆန်းလွင်(မြန်မာစာ) ၏ "မြန်မာ့ဂုဏ်ရည်" က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် ပထမဆုကို နန္ဒာမင်းလွင်၏ "စည်းခုံတော်သမိုင်းနှင့် စစ်ကိုင်းတွင် မော်ကွန်းတင်ခဲ့သည့် ပုဂ္ဂိုလ်များ" က လည်းကောင်း၊ ဒုတိယဆုကို ဇွဲသန်းသျှင်း(သုံးဆယ်) ၏ "သူ့ကျွန်မခံ ဆရာစံ" က လည်းကောင်း၊ တတိယဆုကို မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်) ၏ "စက်တော်ရာအနုပညာ" က လည်းကောင်း ရရှိကြသည်။

သုတပဒေသာ(သိပ္ပံနှင့်အသုံးချသိပ္ပံပညာရပ်) ဆုတွင် ပထမဆု အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)၏ "မြန်မာ့သိပ္ပံနည်းကျ တိရစ္ဆာန်ဆေးကုပညာ" က လည်းကောင်း၊ ဒုတိယဆုကို ဒေါက်တာစန်းဝင်း (သစ်တောတက္ကသိုလ်) ၏ "စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအားလုံး၏ ရည်ရွယ်ချက်" က လည်းကောင်း၊ တတိယဆုကို ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၏ "အိပ်စက်ခြင်းနှင့် ကျန်းမာရေး" က လည်းကောင်း ရရှိကြသည်။

စာပဒေသာဆုတွင် ပထမဆုကို ရွှေညောင်မြေ မောင်စန်းမြင့်၏ "မဲဇာမြိုင် ဂနိုင်တွင်းမှာ ပန်းတစ်ခင်းပျိုးခဲ့တယ်" က လည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး (ဟင်္သာတ)၏ "ကန္ဒရဝတီ ငွေတောင်ပြည်သို့" က လည်းကောင်း၊ တတိယဆုကို ဦးသောင်းငွေ၏ "မေရှင့် ဘဝဂီတရုပ်ရှင်" က လည်းကောင်း ရရှိကြသည်။

မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေဆုတွင် ပထမဆုကို ပန်းချီမိုးကျော်သန့်၏ "မြန်မာနှင့်ပန်းချီအနုပညာပြတိုက်များ" က လည်းကောင်း၊ ဒုတိယဆုကို ဇော်လွင်ဦး(ဟင်္သာတ) ၏ ပန်းပဲစွမ်းအားမြန်မာ့မင်းလမ်းက လည်းကောင်း၊ တတိယဆု ကို ဝိသဇ္ဇက(ပဲခူး)၏ "ရက္ခပူရယဉ်ကျေးမှုအလှ" က လည်းကောင်း ရရှိကြသည်။

ကလေးစာပေဆုတွင် ပထမဆုကို မေဇွန်အေး၏ "နေခြည်နုနုပန်းကလေးများ" ကလည်းကောင်း၊ ဒုတိယဆုကို ဝမ်းထက်မိုး(ဇီနို-အောင်လံ) ၏ "ဖူးငုံပန်းကလေးများ လန်းလန်းရွှင်ရွှင် အပြုံးဝေဝေလွင်နှင့် အခြားကလေးဝတ္ထုတိုများ" က လည်းကောင်း၊ တတိယဆုကို နန္ဒာမိုးကြယ်၏ "ငြိမ်းချမ်းတဲ့ဆုကလေးကဗျာများ" က လည်းကောင်း ရရှိကြသည်။

လူငယ်စာပေဆုတွင် ပထမဆုကို အောင်နှင်း၏ "စာသင်ခွင့်ရတစ်ခဏနှင့် ပညာတော်သင်ကာလ အမှတ်တရပေးစာများ" က လည်းကောင်း၊ ဒုတိယဆုကို ကိုရွှေသံ (မြန်မာစာ)၏ "မြစ်ရေနဒီကြောဝယ်" က လည်းကောင်း ရရှိကြသည်။

ပြဇာတ်စာပေဆုတွင် ပထမဆုကို ဝဇီရာဝင်းကြည်၏ "ရာမယဏ ဆို၊ ငို၊ ပြော ဇာတ်တော်ကြီး" က လည်းကောင်း၊ ဒုတိယဆုကို ကြာညိုချစ်ဝေ(ရွှေသုတ်မြေ)၏ "မခြွေရက် ကြွေရက်ကယ်မျော" က လည်းကောင်း၊ တတိယဆုကို ဝတ်ရည်ခင်(ပဲခူး)၏ "ပန်သစ္စာဆိုခဲ့ဖူးပါသည်နှင့် ပြဇာတ်တိုများ" က လည်းကောင်း ရရှိကြသည်။

အင်္ဂလိပ်စာမူဆုတွင် ပထမဆုကို မေဂျီစိုး၏ "Amnesty Winning Poems During Myanmar Monarchy" က လည်းကောင်း၊ ဒုတိယဆုကို Ye Dway ၏ " Myanmar Ramayana (Manuscript) " က လည်းကောင်း၊ တတိဆုကို Dr. Saw Mra Aung ၏ " Wanderings in and aroung Yangon and Other Articles " က လည်းကောင်း ရရှိကြသည်။

ဘာသာပြန်စာပေဆုတွင် ပထမဆုကို တင်မောင်သန်း(ရွာမ)၏ "အုပ်ချုပ်မှုနှင့် နိုင်ငံသားဖြစ်မှု" က ရရှိသည်။

၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုတွင် နိုင်ငံရေးစာပေဆုကို ရွေးချယ်ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

ဆုချီးမြှင့်ငွေများနှင့်ပတ်သက်၍ ယခင်က စာပေဗိမာန်စာမူဆုများကို ပထမဆု ငွေကျပ် ၁ ဒသမ ၅ သိန်း၊ ဒုတိယဆုငွေကျပ် တစ်သိန်း၊ တတိယဆုငွေကျပ် ၇၅၀၀၀ ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၂ ခုနှစ်တွင် တစ်ကြိမ် ဆုငွေတိုးမြှင့်ချီးမြှင့်ခဲ့ပြီး ၂၀၁၃ ခုနှစ် နှင့် ၂၀၁၄ ခုနှစ်တို့တွင် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ်ငါးသိန်း၊ တတိယဆု ငွေကျပ်သုံးသိန်းအထိ တိုးမြှင့်ချီးမြှင့်ခဲ့သည်။ ယခုနှစ်တွင်လည်း ယင်းနှုန်းအတိုင်း ဆုများချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့ကို စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလောကမှ အတွေ့အကြုံရှိသူ ၃၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ၂၀၁၅ ခုနှစ်အတွက် ပြိုင်ပွဲသို့ တင်သွင်းလာသော စာမူ ၂၆၉ ခုကို သက်ဆိုင်ရာဘာသာရပ်အလိုက်ခွဲခြားပြီး ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့် သုံးဆင့်ဖြင့် စနစ်တကျ စိစစ်ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

ဆုရရှိသူများသည် ရန်ကုန်တွင် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း၊ စာပေဗိမာန်ရှိ စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ တယ်လီဖုန်းအမှတ် ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂၊ ၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆုံးဆက်သွယ်ကြရန်နှင့် (၅ × ၇) လက်မ ရောင်စုံဓာတ်ပုံ နှစ်ပုံနှင့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံနှစ်ပုံစီကို ကိုယ်ရေးရာဇဝင် အကျဉ်းချုပ်နှင့်တကွ ကြေညာသည့်ရက်မှ တစ်ပတ်အတွင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

အဆိုပါဆုများကို ၃၀-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ချီးမြှင့်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နယ်မြေတည်ငြိမ်မှုနှင့်အတူ စာသင်ကြားမှုများဖြင့် ပြန်လည်အသက်ဝင်လာသည့် ဘူးသီးတောင်အထက

ဆောင်းပါး-ကိုကိုသက်နှင့်အဖွဲ့၊ ဓာတ်ပုံ-ရဲခေါင်၊ မင်းထက်

"ကျွန်တော်ကဒီကျောင်းကို ဩဂုတ်လကမှ ရောက်တယ် ဆိုပေမယ့် ဒီကျောင်းဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ကလေးတွေ ပညာသင်ကြားနိုင်ဖို့အတွက် ဆရာ ဆရာမတွေနဲ့ ညှိနှိုင်းပြီး ကလေးတွေ ကျောင်းနေပျော်အောင် နောက်ပညာရေးပိုင်းမှာမည့်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ဘူးသီးတောင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇံကျော်ကပြောသည်။

ဦးအောင်ဇံကျော်သည် လွန်ခဲ့သည့် သုံးလခန့်ကမှ သံတွဲမြို့နယ်မှ ရာထူးတိုးဖြင့် ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်သည်။


ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်း ကထိန်ခင်းရန် ပြင်ဆင်နေမှုကို တွေ့ရစဉ်

လက်ရှိတွင် ဘူးသီးတောင်အထက်တန်းကျောင်းသို့ ကျောင်းသား ကျောင်းသူ ၉၀ ရာခိုင်နှုန်းအထိတက်ရောက်လျက်ရှိကြောင်း၊ ကျောင်းတက်ရောက်ခြင်းမပြုသေးသည့် ကလေးများအား အတန်းပိုင်ဆရာ ဆရာမများမှတစ်ဆင့် မိဘများထံဆက်သွယ်၍ ကျောင်းသို့ စေလွှတ်ရန် မှာကြားနေကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်သည် အောက်တိုဘာလ အကြမ်းဖက်မှု ဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ်နှင့် အနီးဆုံးတွင်ရှိသည့် မြို့နယ်ဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှု လျော့ကျမသွားစေရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ဘူးသီးတောင်မြို့နယ်တွင် အထက်တန်းကျောင်း တစ်ကျောင်းသာရှိပြီး သူငယ်တန်းမှ အထက်တန်းအထိ ကျောင်းသား ကျောင်းသူပေါင်း နှစ်ထောင်ကျော်တက်ရောက်ပညာသင်ကြားလျက်ရှိသည်ဟု သိရသည်။ ယင်းကျောင်းတွင် တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူ ၅၇၀ ခန့် ရှိသည်ဟု သိရသည်။

**ဘူးသီးတောင်မြို့နယ်သည် အောက်တိုဘာလ အကြမ်းဖက်မှုဖြစ်ပွားခဲ့သည့် မောင်တောမြို့နယ်နှင့် အနီးဆုံးတွင်ရှိသည့် မြို့နယ်ဖြစ်သော်လည်း တစ်ဖက်နှင့်တစ်ဖက် ယုံကြည်မှုလျော့ကျမသွားစေရန်၊ နယ်မြေတည်ငြိမ်အေးချမ်းရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရန် ပိုမိုလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရ**

ဦးအောင်ဇံကျော်က "ကျွန်တော်အပါအဝင် ဒီကျောင်းမှာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆရာ ဆရာမနဲ့ ရုံးအဖွဲ့တွေရယ် အားလုံးပေါင်းရင် ၆၅ ယောက် တာဝန် ထမ်းဆောင်နေပါတယ်။ ဒီကျောင်းမှာပဋိပက္ခ တစ်ခါမှ မဖြစ်ဖူးဘူးလို့ သိရပါတယ်။ အရင်ကတည်းက ဒီလိုပဲအတူတူ နေလာကြတဲ့ ကျောင်းဆိုတော့ ဘာမှပြဿနာမရှိပါဘူး" ဟု ပြောသည်။

အောက်တိုဘာလအတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်ဖြစ်စဉ်နှင့်ပတ်သက်၍ ပြောကြားရာတွင် "ကျွန်တော်တို့ ဘူးသီးတောင်မြို့နယ်က အေးချမ်းပါတယ်။ ပညာရေးလည်း မထိခိုက်ပါဘူး။ မောင်တောမှာပဲဖြစ်သွားတာပါ။ ကလေးတွေရော ဆရာ ဆရာမတွေပါ သတိ၊ ဝီရိယရှိကြပါတယ်။ ကျွန်တော်တို့ ကျောင်းပတ်ပတ်လည်မှာအကုန်လုံးက အစ္စလာမ်ဘာသာဝင်တွေ နေထိုင်တဲ့ ကျေးရွာတွေပါ။ ကျောင်းရှေ့မှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့က အဲဒီကျေးရွာတွေမှာနေထိုင်တဲ့ လူကြီးတွေ၊ အုပ်ချုပ်ရေးမှူးတွေနဲ့ ညှိနှိုင်းပြီး ကြိုတင်ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။

"ကျွန်တော်တို့ကျောင်းမှာအောက်တိုဘာလ ၈ ရက်နေ့က စာမေးပွဲစစ်တယ်။အောက်တိုဘာလ ၉ ရက်နေ့နောက်ပိုင်းမှာ တော့ ကျောင်းကိုယာယီသဘောမျိုး ပိတ်ထားခဲ့ပါတယ်။ ကျွန်တော်တို့ ယာယီကျောင်းပိတ်တဲ့အချိန်နဲ့ အောက်တိုဘာလ ကျောင်းပိတ်ရက်က တစ်ဆက်တည်းဖြစ်သွားတာပေါ့။ အောက်တိုဘာလကျောင်းပိတ်ရက်မှာအိမ်ပြန်ကြပေမယ့် ကျောင်းဖွင့်ချိန်တော့ အားလုံးအမီ ပြန်လာကြပါတယ်။ ဆရာ ဆရာမတွေ ပြန်လာပြီး ကျောင်းဖွင့်ရက် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကျောင်းဖွင့်ပေမယ့်စိုးရိမ်စိတ်အချို့ရှိလို့ ကလေးတွေတော့ စုံစုံညီညီမရောက်နိုင်ခဲ့ပါဘူး။ ကျွန်တော်တို့ ဆရာ ဆရာမတွေကိုရော၊ ကျောင်းသားမိဘတွေကိုပါ အကြောင်းကြားတော့ အခုချိန်မှာအားလုံးနီးပါးကျောင်းတက်နေကြပါပြီ" ဟု ပြောသည်။

ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်းတွင် အစ္စလာမ်ဘာသာဝင် ဆရာ ဆရာမလေးဦးရှိကြောင်း သိရသည်။

ကျောင်းအုပ်ဆရာကြီးက "ကျွန်တော်တို့ကျောင်းမှာ အစ္စလာမ်ဘာသာဝင် အထက်တန်းပြဆရာ နှစ်ယောက်၊ အလယ်တန်းပြ ဆရာမတစ်ယောက်နဲ့ မူလတန်းပြ ဆရာတစ်ယောက် ရှိပါတယ်။ အဲ့ဒီ ဆရာ ဆရာမတွေကိုလည်း သူတို့ကလေးတွေကို စည်းကမ်းပိုင်းနဲ့ပတ်သက်လို့ ထိန်းသိမ်းရှင်းပြပေးဖို့ ကျွန်တော်တို့က မှာပါတယ်။ ကျောင်းသားကျောင်းသူအားလုံးကိုလည်း ကျောင်းနေပျော်အောင်၊ စည်းလုံးညီညွတ်စွာ နေတတ်အောင်သွန်သင်ဆုံးမပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း ကာယလေ့ကျင့်ခန်းတွေ ဘာတွေဝင်လုပ်ပြီး ပျော်ပျော်ပါးပါးနဲ့နေတော့ ကျောင်းသား ကျောင်းသူတွေကြားမှာ ဘာမှအခက်အခဲမရှိဘူးလို့ မြင်ပါတယ်"ဟု ပြောပြသည်။


ကျောင်းအုပ်ဆရာကြီး ဦးအောင်ဇံကျော်



ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများအား စာသင်ကြားနေမှုကို တွေ့ရစဉ်

ယင်းကျောင်း၏ (၃၄) ကြိမ်မြောက် ကထိန်ခင်းရန် အတွက် ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကထိန် ပဒေသာပင် သီးသူသီး၊ စုစည်းထားရှိမည့် ကျောင်းခန်းမသို့ ပဒေသာပင်အား ရွှေ့သူရွှေ့နှင့် ပြုံးပျော်လျက်ရှိသည့်မြင်ကွင်းကိုလည်း တွေ့ခဲ့ရသည်။ နောက်နေ့နံနက်ပိုင်း ကျောင်းဘုံကထိန်အတွက် ပဒေသာပင်များ ပြင်ဆင်နေပုံက ဒီဒေသတွင် ဘာသာ၊ သာသနာ ထွန်းလင်းဖြာဝေနေသည့် သဘောကိုအပြည့်အဝဆောင်သည်။ ကျောင်းဘုံကထိန်ပြုလုပ်မည့် ဘုန်းတော်ကြီးကျောင်းသို့ ဆရာ ဆရာမများနှင့်အတူ မနက်ဖြန်တွင် သွားရောက်ပို့ဆောင်ကြမည်ဟု ကျောင်းသား ကျောင်းသူများက အားတက်သရော ဆိုသည်။

"ကျောင်းသားအားလုံးကို ရောနှောသင်ကြားပေးမယ့် ပြဿနာမရှိပါဘူး။ အဲဒီလို ဖြစ်အောင်လည်း ဆရာ ဆရာမတွေကိုအဖွဲ့လိုက် တာဝန်ပေးပါတယ်။ ဂျူတီချပေးထားပါတယ်။ ဘူးသီးတောင်အထက်တန်းကျောင်းအနေနဲ့ ဆရာ ဆရာမ တွေရော ကျောင်းသားကျောင်းသူတွေပါ ပုံမှန်စာသင်ကြားနေတဲ့ ပုံစံမျိုးရှိနေပါတယ်။ ဒါပေမယ့် အချို့ကလေးတွေကတော့ ပွဲလမ်းသဘင်နဲ့ ကျန်းမာရေးကြောင့်ပျက်တဲ့ ကလေးတွေတော့ရှိပါတယ်။ ကျွန်တော်ကတော့ကျောင်းသား သုံးလေးယောက်လောက် ပျက်ပြီဆိုတာနဲ့ ဆရာ ဆရာမတွေနဲ့တိုင်ပင်ပြီး မိဘတွေခေါ်ယူတာတွေ ရှိပါတယ်" ဟု ကျောင်းအုပ်ဆရာကြီးက ပြောပြသည်။


ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်း၌ ကျောင်းသားကျောင်းသူများ ကျောင်းတက်ရန်လာရောက်နေသည်ကို တွေ့ရစဉ်

စာသင်ခန်းတစ်ခန်းတွင်တော့ အလယ်တန်းကျောင်းသား ကျောင်းသူများအား အင်္ဂလိပ်ဘာသာပြဆရာမက Lesson 8၊ How to study သင်ခန်းစာသင်ကြားလျက်ရှိသည်ကို တွေ့မြင်ခဲ့ရသည်။ ကျောင်းသား ကျောင်းသူများကလည်း ဆရာမတိုင်ပေးသည့်အတိုင်း နောက်မှညီညာစွာရွတ်ဆိုလျက်။

ပညာရေးနှင့် စည်းကမ်းကိုလိုက်နာစေ၍ အတူတကွယှဉ်တွဲနေထိုင်နိုင်ခြင်းကြောင့် ဘူးသီးတောင်မြို့နယ် အထက်တန်းကျောင်းလေးသည် ပြန်လည်အသက်ဝင်လျက်ရှိပြီး ဒေသ၏ စိုးရိမ်မှုကိုလျှော့ချပေးသည့် ဥပမာတစ်ခုအဖြစ် ဆိုလိုက်ချင်ပါကြောင်း။

---

**❋ ကျောဖုံးမှ**

အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီဝင် ၆၈ ဦးကို ဘာသာရပ်အလိုက် အဖွဲ့ငယ် ၁၃ ဖွဲ့ ဖွဲ့စည်းပြီး စာပေဆုရွေးချယ်စေခဲ့ပါသည်။ အဖွဲ့ငယ်တစ်ဖွဲ့လျှင် အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ရန် ဆရာကြီး သုံးဦးစီ အမည်စာရင်းကို အဆိုပြုတင်သွင်းစေပြီး အဆိုပြုတင်သွင်းခြင်းခံရသော ဆရာကြီးများကို ကော်မတီဝင်တစ်ဦးချင်းစီက ကော်မတီဝင် စာပေပညာရှင် အားလုံးရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ ဆန္ဒမဲပေးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသားစာပေတစ်သက်တာဆုကို ၂၀၀၁ ခုနှစ်ကပင် စတင်ချီးမြှင့်ခဲ့ပြီး ဆုရရှိပြီးသော ပညာရှင်ကြီးများမှာ စည်သူဦးလှကြိုင်(ပါရဂူ) (ကွယ်လွန်)၊ စည်သူဦးထင်ဖတ်(မောင်ထင်)(ကွယ်လွန်)၊ စည်သူဦးဌေးမောင် (ဌေးမောင်)၊ စည်သူဦးလေးမြိုင် (လေးမြိုင်)၊ စည်သူဒေါ်ရင်ရင်(စောမုံညင်း)(ကွယ်လွန်)၊ စည်သူဒေါ်ကြန် (မကြန်)၊ စည်သူဦးကြည်အေး (ဆင်ဖြူကျွန်းအောင်သိန်း)၊ စည်သူဒေါက်တာကျော်စိန်(ဒေါက်တာကျော်စိန်) (ကွယ်လွန်)၊ စည်သူဒေါက်တာခင်မောင်ညွန့်၊ စည်သူဒေါက်တာသော်ကောင်း၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဒေါ်ခင်ဆွေဦး (ခင်ဆွေဦး)၊ ဦးအောင်သင်း (အောင်သင်း)(ကွယ်လွန်)၊ ဦးတင်မောင် (သိပ္ပံမျိုးတင်)(ကွယ်လွန်)၊ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ စည်သူဦးတင်လှိုင် (လယ်တွင်းသားစောချစ်)၊ ဦးမြင့်ကြည် (တက္ကသိုလ်မြတ်စိုး)၊ ဦးဝင်းဖေ(မြဇင်)၊ ဦးခင်မောင်စိုး (မောင်ပေါ်ထွန်း)၊ ဦးကိုလေး (ကိုလေးအင်းဝဂုဏ်ရည်)တို့ ဖြစ်ကြသည်။ ၂၀၁၂ ခုနှစ်မှစ၍ အမျိုးသားစာပေတစ်သက်တာ ဆုရှင်သုံးဦးအထိ တိုးမြှင့်ချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် ရှေးရှုသောအားဖြင့် စာပေပညာရှင်ကြီးနှစ်ဦးကို ဆက်လက်ရွေးချယ် ချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆုငွေများချီးမြှင့်ရာတွင် ယခင်အမျိုးသားစာပေတစ်သက်တာဆုကို တစ်ဦးလျှင် ငွေကျပ်ခြောက်သိန်းအထိ ချီးမြှင့်ခဲ့ရာမှ ၂၀၁၁ ခုနှစ်တွင် ငွေကျပ် ၁၀ သိန်းအထိလည်းကောင်း၊ ၂၀၁၂ ခုနှစ်တွင် ငွေကျပ် ၁၅ သိန်းအထိလည်းကောင်း၊ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် ငွေကျပ် ၂၅ သိန်းအထိလည်းကောင်း အဆင့်ဆင့်တိုးမြှင့်ခဲ့ပြီး ယခုနှစ်တွင် လည်း ငွေကျပ် ၂၅ သိန်း ချီးမြှင့်သွားမည်ဖြစ် သည်။

အဆိုပါဆုများကို နိုဝင်ဘာ ၃၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပမည့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❋ ရှေ့ဖုံးမှ

အဆိုပါ ပန်ဇင်းချောင်းတံတားကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနတည်ဆောက်ရေးအဖွဲ့(၂) တံတားအထူးအဖွဲ့(၈)က ၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်က စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားအရှည်ပေ ၉၆၀၊ တံတားအကျယ်စုစုပေါင်း ပေ ၃၀၊ ရေလမ်းကင်းလွတ်အကျယ်ပေ ၉၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၉ ပေခွဲ၊ တံတားခံနိုင်ဝန်တန် ၆၀၊ ဘူးသီးတောင်ဘက်ခြမ်း ချဉ်းကပ်လမ်းအရှည်၅၆၅ ပေ၊ ရသေ့တောင်ဘက်ခြမ်းချဉ်းကပ်လမ်းအရှည် ၈၇၅ ပေရှိကာ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် ယာဉ်သွားလမ်းမှာ နှစ်လမ်းမောင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်မှုကာလကိုလည်း သုံးနှစ်အတွင်းတည်ဆောက်ရန် လျာထားဆောင်ရွက်ခဲ့ပြီး လာမည့် ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြီးစီးရန် ရည်မှန်းဆောင်ရွက်လျက်ရှိကာ စီမံကိန်းကုန်ကျငွေ(ခန့်မှန်း)မှာ မြန်မာငွေကျပ်သန်း ၄၀၁၀ ဖြစ်ကြောင်း ဒေါ်စုစုမာက ဆက်လက်ရှင်းပြသည်။

"ပြောရရင် ကျွန်တော်တို့ဒေသ အခုလို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျကျန်ရစ်ခဲ့တာ လမ်းပန်းဆက်သွယ်ရေးကြောင့်ပါ။ လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနဲ့ လူမှုရေးပိုင်းဆိုင်ရာကအစ အခြားဒေသတွေနဲ့ နှိုင်းယှဉ်လိုက်ရင် နောက်ကျကျန်ရစ်ခဲ့ရတယ်။ ပြည်နယ်မှာ တိုင်းရင်းသားတွေ လျော့ပါးသွားတာလည်း ဒီလမ်းပန်းဆက်သွယ်ရေးကြောင့်ပါ။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ တိုင်းရင်းသားတွေက ရေကြည်ရာ မြက်နုရာကို ရွှေ့ပြောင်းပြီး သွားရောက်လုပ်ကိုင်နေကြတာ။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့အတွက် အခုလို တံတားတွေဆောက်မယ်၊ ကုန်းလမ်းခရီးတွေ ဖောက်လာမယ်ဆိုရင် ဒေသတွင်း တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေ ပိုများလာပြီး ဒေသဖွံ့ဖြိုးတိုးတက်လာမှာ အမှန်ပါပဲ။ အဲဒီလိုဖြစ်အောင် နိုင်ငံတော်က ကူညီထောက်ပံ့ဖို့လည်း လိုအပ်ပါတယ်"ဟု ဒေသခံတစ်ဦးဖြစ်သူ ဦးစံမြသာက ပြောသည်။

ယခုအကောင်အထည်ဖော်တည်ဆောက်သည့် ဘူးသီးတောင်-ရသေ့တောင် လမ်းပိုင်းသည် ၃၆ မိုင်ကျော် ရှည်လျားပြီး ဒေသတွင်း ကုန်းလမ်းပိုင်းဖောက်လုပ်တည်ဆောက်ရာတွင် ပထမဆုံးလမ်းဖြစ်သည်။ အဆိုပါ ကုန်းလမ်းခရီးပေါက်ပါက နာရီပိုင်း၊ မိနစ်ပိုင်းအတွင်း ဘူးသီးတောင်နှင့် ရသေ့တောင်ကို ကူးလူးသွားရောက်နိုင်မည်ဖြစ်ကာ ဝန်းကျင်နေပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးပိုင်းဆိုင်ရာကအစ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ လမ်းကြောင်းတစ်လျှောက် ကျေးရွာပေါင်း မြောက်မြားစွာရှိပြီး မှီတင်းနေထိုင်သော ပြည်သူများအနေဖြင့် ယခုအခါ ရုပ်ပြေး၊ သုံးထပ်သင်္ဘောတို့ဖြင့် သွားလာနေရခြင်းကြောင့် အချိန်ကြန့်ကြာခြင်း၊ အချိန်ပြည့်သွားလာနိုင်မှုမရှိခြင်း၊ ကာလပိုင်းခြားပေါ်လိုက်၍ ကူးသန်းသွားလာနေရခြင်းတို့ကြောင့် ကုန်စည်စီးဆင်းမှုမှအစ ဘက်ပေါင်းစုံမှ စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း သိရသည်။

"ဒီတံတားကို ပြည်တွင်းအင်ဂျင်နီယာတွေနဲ့ပဲ ဆောက်လုပ်တာပါ။ တပ်ဆင်တဲ့ သံပေါင်တွေကိုတော့ မြန်မာ-ဂျပန် ဖက်စပ်ထုတ်လုပ်တဲ့ စက်ရုံက မှာယူအသုံးပြုတာပါ။ ဆောက်လုပ်ရေးပိုင်းမှာတော့ ဒီဇိုင်းကအစ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေနဲ့ တည်ဆောက်တာပါ။ ဒီတံတားပြီးသွားရင် ဘူးသီးတောင်နဲ့ ရသေ့တောင်ကို ကုန်းလမ်းခရီးပေါက်သွားမယ်။ အရင်က ကုန်းလမ်းမရှိဘူး။ ဒီလမ်းမှာက ဒီတံတားအပါအဝင် တံတား ၁၀ စင်း တည်ဆောက်သွားမှာပါ။ ဒီ ၁၀ စင်းထဲက ဒီနှစ်မှာ လေးစင်း တည်ဆောက်သွားဖို့ စီစဉ်ထားပါတယ်။ လောလောဆယ် ဘတ်ဂျက်ပေါ်မူတည်ပြီး လျာထားတည်ဆောက်သွားမှာပါ။ တံတားအားလုံးကိုတော့ ဘတ်ဂျက် အခြေအနေအပေါ်မူတည်ပြီး လုပ်ဆောင်သွားမှာပါ။ လုံလောက်တဲ့ ရန်ပုံငွေရမယ်ဆိုရင် လာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်လောက်မှာ အားလုံးပြီးသွားမှာပါ"ဟု ဒေါ်စုစုမာက ပြောသည်။

ဘူးသီးတောင်မြို့ပေါ်နေ မခိုင်မြရည်က "အခုဘူးသီးတောင်နဲ့ ရသေ့တောင်ကို သွားမယ်ဆိုရင် အချိန်ပြည့်သွားလို့မရဘူး။ သွားရင်လည်း ရေလမ်းကြောင်းက သွားရတာဆိုတော့ တော်တော်လေး အခက်အခဲဖြစ်ပါတယ်။ အခုလို လမ်းတွေဖောက်၊ တံတားတွေဆောက်လိုက်မယ်ဆိုရင် မိုင်ကလည်း သိပ်ဝေးတာမဟုတ်တော့ ကျွန်မတို့အတွက် တော်တော်လေးကို အဆင်ပြေမှာပါ။ ကုန်းလမ်းဆိုတော့ ရေလမ်းကြောင်းထက် ပိုမိုလျင်မြန်မှာဖြစ်ပြီး ကုန်သွယ်စီးဆင်းမှုကလည်း အရင်ထက်ပိုကောင်းလာမယ်လို့ ထင်ပါတယ်။ အစိုးရအနေနဲ့ ဒီနယ်တွေမှာ အခုလို ကုန်းလမ်းကြောင်းတွေ များများဖောက်လုပ်ပေးရင် နယ်မြေဟာ အေးချမ်းပြီး အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လာမယ်လို့ မြင်ပါတယ်"ဟု ပြောသည်။



ဒေါ်စုစုမာ
အငယ်တန်းအင်ဂျင်နီယာ (၂)၊
မြို့ပြ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ဘူးသီးတောင်-ရသေ့တောင်လမ်းဝန်းကျင် အနီးနေကျေးရွာတစ်ရွာမှ ဦးကျော်စံလှက "အခုတော့ ဘူးသီးတောင်နဲ့ ရသေ့တောင် ဆက်စပ်သွားလာရတာခက်တယ်။ သွားလာရတာခက်ခဲတော့ ကုန်စည်စီးဆင်းမှုလည်း လျင်မြန်မှု မရှိသလို မလိုအပ်ဘဲ ဈေးကြီးမြင့်မှုတွေလည်း ရှိနေတယ်။ ဒီလမ်းသာပေါက်သွားရင် ဘူးသီးတောင်နဲ့ ရသေ့တောင်သွားရတာ မကြာတော့ဘူးလေ။ အခုရေလမ်းကြောင်း ရုပ်ပြေးစီးနေရတော့ တော်တော်လေး အချိန်ကြန့်ကြာမှုတွေရှိတယ်။ ဒါတောင်ရုပ်ပြေးနဲ့က နှစ်နာရီလောက်ပဲကြာတာ။ သင်္ဘောဆိုရင် စစ်တွေနဲ့ ဒီကို ဟိုကနံနက်ထွက်တယ်ဆို ညနေ လောက်မှ ဒီကိုရောက်တယ်။ တစ်နေကုန်စီးရတော့ ကုန်သွယ်စီးဆင်းမှုက အဆင်မပြေဘူး။ ဒီတံတားကြီးပြီးလို့ ကုန်းလမ်းသာပေါက်သွားရင် ရသေ့တောင် နဲ့ ဘူးသီးတောင်က တော်တော်လေးကို ကူးလူးသွားလာရတာ မြန်သွားမယ်၊ အဆင်ပြေသွားမယ်"ဟု ပြောသည်။

ဘူးသီးတောင်နှင့် ရသေ့တောင်ဝန်းကျင်နေပြည်သူများသည် ပန်ဇင်းချောင်းတံတားနှင့် လမ်းကြောင်းပေါ်ရှိ တံတားများ အားလုံးပြီးစီး၍ ကုန်းလမ်းခရီးပေါက်ပါက ၎င်းတို့၏ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေလာမည်ဟု ယုံကြည်မျှော်လင့်လျက်ရှိကြောင်း သိရသည်။



ပန်ဇင်းချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်

## တိုက်ကြီးမြို့နယ် ဆင်ခြံကျေးရွာအုပ်စုတွင် တရားမဝင်ငါးကန်တူးမှုများကြောင့် လယ်ယာမြေ ရေမြုပ်ပျက်စီးဆုံးရှုံးရသော လယ်သမားများ သတင်းစာရှင်းလင်း

**တိုက်ကြီး နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆင်ခြံကျေးရွာအုပ်စု ပိန်းစုစိုက်ကွင်း၌တရားမဝင် ငါးကန်တူးဖော်မှုများကြောင့် လယ်ယာမြေများ ရေနစ်ပျက်စီး ဆုံးရှုံးခံရသော တောင်သူဦးတင်လှ ဦးဆောင်သော တောင်သူ ၁၀ ဦးက သတင်းစာရှင်းလင်းပွဲကို ဆင်ခြံကျေးရွာအုပ်စု ပိန်းစုစိုက်ကွင်း၌နိုဝင်ဘာ ၁၀ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့သည်။

သတင်းစာရှင်းလင်းပွဲပြုလုပ်ရခြင်းနှင့် စပ်လျဉ်း၍ တောင်သူ ဦးတင်လှက ဆင်ခြံကျေးရွာအုပ်စု ပိန်းစုစိုက်ကွင်း (၉၂)တွင် တွံ့တေးမြို့နယ် ပုဂ္ဂလိကငါးကန်လုပ်ငန်းပိုင်ရှင် ဦးမိုးဝင်းက လယ်မြေများပေါ်၌ ခွင့်ပြုချက်မရရှိဘဲ တရားမဝင် ငါးကန်များ တူးဖော်ခြင်းကြောင့် ဒေသခံတောင်သူများ၏ လယ်မြေများရေထွက်ပေါက်မရှိဘဲ လယ်ဧက ၇၀ မှာ ရေနစ်မြုပ်လျက်ရှိပြီး စပါးစိုက်ပျိုး၍ မရရှိဘဲ ပျိုးထောင်ထားသော စပါးပျိုးခင်းများ ပျက်စီးခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ စပါးစိုက်ပျိုးဖို့ မျိုးစပါးတစ်တင်းကို ငွေကျပ် ၆၅၀၀ နဲ့ တစ်ဧက သုံးတင်းနှုန်းဝယ်ယူပြီးပျိုးထောင်ခဲ့ပါတယ်၊ ကျွန်တော်ဆိုရင် ၁၆ ဧကအတွက် စပါး ၄၈ တင်း ဝယ်ယူပျိုးထောင်ခဲ့တာ ငွေကျပ်သုံးသိန်းကျော်ဖိုးဆုံးရှုံးခဲ့ပါတယ်။ လယ်စိုက်မယ်ကြံတော့ လယ်မြေတွေပေါ်မှာ ငါးကန်တူးထားတဲ့ ပေါင်တွေကပိတ်နေတော့ ရေမထွက်လို့လယ်စိုက်လို့မရဘဲ ပျိုးတွေဆုံးရှုံးခဲ့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ တစ်ဧကကို စိုက်ဘဏ်ချေးငွေကျပ် ၁၅၀၀၀၀ ချေးယူပြီး ပျိုးထောင်ခဲ့တာ အခုတော့ မျိုးဆုံးတဲ့အတွက် အကြွေးကို ဘယ်လိုပြန်ဆပ်ရမှန်းတောင် မသိတော့ဘူး။ ကျွန်တော်တို့စိုက်ကွင်းဆိုရင် ဧက ၇၀ အတွက် စပါးတင်းပေါင်း ၂၁၀ ဝယ်ယူပြီး ပျိုးထောင်ခဲ့ပေမယ့် စပါးစိုက်မရတဲ့အတွက် လယ်သမားတွေ ဒုက္ခရောက်နေ ရပါတယ်"ဟု တောင်သူ ဦးတင်လှက ပြောပြသည်။

လယ်သမားများအနေဖြင့် တရားမဝင်ငါးကန်တူးသော တွံ့တေးမြို့နယ်မှ ဦးမိုးဝင်းအား ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေအရ လယ်ယာမြေပေါ်၌ ခွင့်ပြုချက်မရှိဘဲ တရားမဝင် ငါးကန်တူးဖော်သည့်အတွက် အရေးယူပေးပါရန် သက်ဆိုင်ရာကိုလည်း တိုင်ကြားထားကြောင်းသိရသည်။ သတင်းစာရှင်းလင်းပွဲတွင် ဆင်ခြံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးနှင့် လယ်/စီ အဖွဲ့ဝင်များ၊ လယ်သမားများ တက်ရောက်ကြပြီး အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဌေးက တရားဝင်ဖြစ်ရေး မြို့နယ်မှ အရေးယူရန် ခွင့်ပြုစာရပါက လယ်သမားများ မနစ်နာရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ ဆင်ခြံကျေးရွာအုပ်စု ပိန်းစုစိုက်ကွင်း၌ ရွှေထယ်ကုမ္ပဏီမှ လယ်မြေနှင့်မြေလွတ်၊ ပလပ်မြေရိုင်းများပေါ်၌ ခွင့်ပြုချက်မရရှိဘဲ ၈၇၅ ဧကကို တရားမဝင်ငါးကန်များ တူးဖော်ထားကြောင်း၊ ငါးကန်များကြောင့် ရေစီးရေလာများပိတ်ဆို့ခြင်း၊ နှစ်စဉ် စိုက်ပျိုးသောမြေများ စပါးမစိုက်နိုင်ခြင်း၊ စိုက်ပြီးသား စပါးများရေနစ်ခြင်းတို့ကြောင့် ဒေသခံတောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးရေးအခက်အခဲရှိကြောင်းသိရသည်။

ရွှေထယ်ကုမ္ပဏီအနေဖြင့် သက်ဆိုင်ရာက ခွင့်ပြုချက်တစ်စုံတစ်ရာရရှိပါက ကျေးရွာလယ်/စီ သို့ တင်ပြရန်နှင့် ခွင့်ပြုချက် မရရှိပါက တားမြစ်ချက်ကိုလိုက်နာဆောင်ရွက်ရန် ကျေးရွာလယ်/စီ မှ အကြောင်းကြားထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**ထွန်းလှိုင်(မြိုင်)**



## သိမ်းဆည်းခံလယ်မြေများပြန်လည်ရရှိရေးနှင့် တကောင်းနီကယ်စက်ရုံဖျက်သိမ်းရေးဆန္ဒဖော်ထုတ်

**စစ်ကိုင်း နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ထီးချိုင့်မြို့နယ် မောင်းကုန်းကျေးရွာအနီးရှိ တကောင်းနီကယ်စက်ရုံတရားမဝင် တည်ဆောက်ထားမှုဖျက်သိမ်းရေးကိုဒေသခံပြည်သူအင်အား ၃၀၀ ကျော်တို့က နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ခွင့်ပြုချက်ဖြင့် ဆန္ဒဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

"ဒေသခံပြည်သူအင်အား ၃၀၀ ကျော်တို့သည် ထီးချိုင့်မြို့နယ်ဂရိတ်ဝေါလ်စက်ရုံရှိရာ မောင်းကုန်းကျေးရွာမှ နီကယ်စက်ရုံရှိရာသို့ စီတန်းလမ်းလျှောက်၍ ဆန္ဒဖော်ထုတ်ကြရာတွင် သိမ်းဆည်းခံလယ်မြေများပြန်လည်ရရှိရေး၊ ဥပဒေမဲ့တည်ဆောက်ထားသောနီကယ်စက်ရုံဖျက်သိမ်းရေး၊ ဥပဒေမဲ့ဂရိတ်ဝေါလ်စက်ရုံ ခြောက်ရုံဖျက်သိမ်းရေး၊ တိုင်းရင်းသားနိုင်ငံသားတို့၏ဘဝလုံခြုံရေးချက်ခြင်းပေး၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ နိုင်ငံတော်သမ္မတကြီးဦးထင်ကျော်ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ စသည့် ကြွေးကြော်သံများဟစ်ကြွေးကာ ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခဲ့ကြကြောင်းသိရသည်။ (အပေါ်ပုံ)

**ကိုမင်း(အင်းတော်)**

## လယ်ယာလုပ်ငန်းခွင်လုပ်သားများ အကြွေးဖြင့်သာ လုပ်ကိုင်ကြရခြင်းကြောင့် အခက်အခဲများစွာရှိနေ

**ရေတာရှည် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသူများမှာ အကြွေးစနစ်ဖြင့်သာလုပ်ကိုင်နေကြရခြင်းကြောင့် စားဝတ်နေရေးအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ အရောင်းအဝယ်အေးစက်ခဲ့သော စပါးဈေးမှာ နိုဝင်ဘာ ပထမပတ်မှ စတင်၍ တင်း ၁၀၀ လျှင် ငွေကျပ် လေးသိန်းနှစ်သောင်းနှုန်း မြင့်တက်လာသော်လည်း ပွဲစားများက စရန်သာပေးချေ၍ အကြွေးဖြင့်ရောင်းချရကြောင်း တောင်သူတစ်ဦးကပြောကြားသည်။ "သူတို့က စပါးဆိုလည်း ခြောက်မှသန့်မှဝယ်တာ၊ တစ်ခါတည်းလက်ငင်း မရှင်းပါဘူး၊ စရန်ပေးပြီးအကြွေးဝယ်တာ၊ အချို့ဆိုရင် တစ်လလောက်ကြာတဲ့အထိ မရ ကြလို့ တောင်သူတွေချာလည်ပတ်လည် ရိုက်နေတယ်၊ လုပ်အားခတွေကတောင်း၊ ကိုယ်ကမပေးနိုင်၊အဲ့လိုကိုဖြစ်နေတာ"ဟု အထက်ပါတောင်သူကပင်ဆက်၍ ပြောသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြသူအများစုမှာ တစ်နေ့လုပ် တစ်နေ့စာရှာဖွေသူများအနေဖြင့် ယခုကဲ့သို့အကြွေးစနစ်များကြောင့် အခက်အခဲများနှင့် ပတ်သက်၍ "ကျွန်မတို့ဆို မိသားစုသုံးယောက် တစ်မနက်လုပ်ရင် တစ်ယောက်ကို ငွေကျပ် နှစ်ထောင်စီဆိုတော့ ခြောက်ထောင်ဝင်ငွေရှိတယ်။ ဒါပေမယ့် အကြွေးဆိုတော့ ဆန်ဝယ်၊ ဆီဝယ်၊ ဟင်းချက်စရာဝယ်တဲ့အခါ အခက်အခဲဖြစ်တယ်။ ကျောင်းသားကလည်းရှိသေးတယ်၊ မနက်ကျောင်းသွားရင် မုန့်ဖိုးကမပေးလို့လည်းမရဘူး၊ အခြားကလေးတွေစားတော့ သူလည်းစားချင်မှာပေါ့၊ တောင်သူတွေ အကြွေးပတ်တာက ဆန်စပါးရှိတော့ တော်သေး၊ ကျွန်မတို့ကျတော့ ဒီကရမှစားရမှာ၊ အခက်အခဲတွေ အများကြီးဖြစ်ရတယ်"ဟု ပြောကြားသည်။ စပါးဈေးတက်ရိပ်ပြကာ အရောင်းအဝယ်များလာသော်လည်း တောင်သူအများစုမှာ လက်ကျန်စပါး နည်းသွားပြီဖြစ်၍ နောက်ပိုင်းကာလများတွင် ဆန်ဈေး မြင့်တက်ဖွယ်ရှိနေကြောင်း သုံးသပ်ခန့်မှန်းမှုများလည်း ရှိနေသည်။

**ကိုလွင်(ဆွာ)**

# ကဗျာဆိုတာ ကာရန်ရှိရမယ်၊ အတွေးအခေါ် လွတ်လပ်ရမယ်

**တက္ကသိုလ်တင်ခ**

ရန်ကုန် နိုဝင်ဘာ ၁၁

**၂၀၁၅ ခုနှစ်အတွက် အမျိုးသားစာပေဆု ရွေးချယ်ခံရသူများစာရင်းကို ထုတ်ပြန်လိုက်ပြီ ဖြစ်သည်။ ဘဝတစ်သက်တာလုံး စာပေရေးသားခြင်းနှင့် အကျိုးပြုစာပေများကို ပြုစုခဲ့သည့် စာပေပညာရှင်ကြီးများကိုလည်း နှစ်စဉ်ရွေးချယ်ကာ တစ်သက်တာစာပေဆု များ ရွေးချယ်ချီးမြှင့်လျက်ရှိသကဲ့သို့ အခြားစာပေပညာရှင်များကို ကဏ္ဍအလိုက် စနစ်တကျ ရွေးချယ်ကာ ဆုချီးမြှင့်ပေးလျက်ရှိသည်။ ယခုနှစ်အတွက် ရွေးချယ်ခြင်းခံရသည့် စာပေပညာရှင်အချို့ကိုတွေ့ဆုံကာ မြန်မာ့စာပေအပေါ် သဘောထားများကို မေးမြန်းခဲ့ပါသည်။**

**အမေး／အရေး**
**မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး၊ သန်းထိုက်**


တက္ကသိုလ်တင်ခ


ဆရာအောင်ခန့်(တက္ကသိုလ်ဝင်းမွန်)


ပါမောက္ခဒေါက်တာ ဒေါ်စန်းစန်းမြင့်


စာရေးဆရာ သတိုး

**တက္ကသိုလ်တင်ခ(တစ်သက်တာစာပေဆု)**

ယခုနှစ်အတွက် တစ်သက်တာစာပေဆုအတွက် ရွေးချယ်ခြင်းခံရသည့် စာရေးဆရာကြီး တက္ကသိုလ်တင်ခ၏ နေအိမ်သို့ သွားရောက်ကာ စာပေဆုနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ "၂၀၁၃ ခုနှစ်မှာ ပခုက္ကူဦးအုန်းဖေ တစ်သက်တာစာပေဆု ရရှိခဲ့သလို ၂၀၁၅ ခုနှစ်မှာ ထွန်းဖောင်ဒေးရှင်းရဲ့တစ်သက်တာစာပေဆုရရှိခဲ့ပါတယ်။ အခု ဒီနှစ်မှာတော့ နိုင်ငံတော်က ချီးမြှင့်မယ့် တစ်သက်တာအမျိုးသား စာပေဆုရရှိဖို့ ရွေးချယ်ခံရတာပါ။ စာပေရေးသားမှုနဲ့ကတော့ ၁၉၅၇ ခုနှစ်ကစပြီး သကြၤန်အထူးထုတ် မြန်မာ့အလင်းသတင်းစာ အထူးကဏ္ဍမှာ "ပွဲသဘင်မန္တလေးချင် ဘဝင်နွမ်းကာပ " အမည်ရှိတဲ့ ကဗျာနဲ့ စတင်ရေးသားခဲ့ခြင်းဖြစ်ပါတယ်။ ကဗျာနဲ့ပတ်သက်ပြီး ပြောလိုတာက ကဗျာဆိုတာ ကာရန်ရှိရင် အကောင်းဆုံးပါ။ ကာရန်ရှိတဲ့ကဗျာက လှနေတာပေါ့။ ဒါပေမယ့် ကာရန်မဲ့ ကဗျာရေးသားတာကို အားပေးရမှာ ဖြစ်ပါတယ်။ ကဗျာရေးတဲ့သူတွေဟာ လွတ်လွတ်လပ်လပ် ခံစားတွေးခေါ်ပြီး စည်းနဲ့ကမ်းနဲ့ ရေးဖို့တော့လိုတယ်။ တွေးခေါ်တဲ့ နေရာမှာလည်း အများပြည်သူကို ရှေးရှုဖို့လည်း အရေးကြီးပါတယ်။ ဝတ္ထု ရေးတဲ့အခါမှာလည်း ခေတ်အမြင်၊ ခေတ်အတွေးနဲ့ ရေးတာ လက်ခံရမှာပေါ့။ ဒါပေမယ့် အကျိုးပြုတဲ့ ရေးသားမှုမျိုးတော့ ဖြစ်သင့်ပါတယ်" ဟု စာရေးဆရာကြီး တက္ကသိုလ် တင်ခက ပြောသည်။

တက္ကသိုလ်တင်ခ၏ အမည်ရင်းမှာ ဦးတင်ခဖြစ်သည်။ ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီ ၂၇ ရက်တွင် သထုံခရိုင် သိမ်ဆိပ်မြို့နယ် ကတိုက်ကလေးကျေးရွာတွင် အဖ ဦးချစ်ကျော်၊ အမိဒေါ်သန်းရင်တို့မှ မွေးဖွားခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၌ ဝိဇ္ဇာအထွေထွေဂုဏ်ထူး (မြန်မာစာ)ဘွဲ့ရရှိခဲ့ပြီး ၁၉၆၀-၆၁ တွင် ရန်ကုန်တက္ကသိုလ်၌ မြန်မာစာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အောင်ဆန်းသူရိယ လှသောင်းကျောင်းတွင် ၁၉၆၀-၆၄ အထိ အထက်တန်းနည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၄ ခုနှစ်တွင် တပ်မတော်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၁)သို့ တက်ရောက်ခဲ့ပြီး တပ်စုမှူး၊ တပ်ခွဲမှူး တာဝန်များထမ်းဆောင်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင် စစ်တက္ကသိုလ်၌ နည်းပြဆရာ၊ လက်ထောက်ကထိက၊ ကထိက၊ ပါမောက္ခ၊ လက်ထောက်စာပေညွှန်ကြားရေးမှူးတာဝန်များ အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၁၉၇၄-၇၈ တွင် မဟာဝိဇ္ဇာဘွဲ့ကို ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး မဂ္ဂဇင်းများ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများ၌ စာပေ၊ ကဗျာများ ရေးသားခဲ့သည်။ ၁၉၉၃ ခုနှစ်၌ "မြန်မာ့ဇာတိမာန် အဘိဓာန်" စာအုပ်ဖြင့် သုတပဒေသာ(ဝိဇ္ဇာပညာရပ်)ဆုအတွက် အမျိုးသားစာပေဆု ရရှိခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ၂၀၀၄ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ လုံးချင်းစာအုပ်ရှစ်အုပ်ထုတ်ဝေခဲ့ပြီး စာနယ်ဇင်းလင်းအောင်၊ နှောင်စစ်သည်၊ တက္ကသိုလ်ဆရာတစ်ဦး၊ ဆရာခ စသည့် ကလောင်များဖြင့်လည်း စာပေများ ရေးသားခဲ့သည်။ ယခုအခါ မြန်မာစာအဖွဲ့ အဖွဲ့ဝင်နှင့် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေး အဖွဲ့တွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ဆရာအောင်ခန့်(တက္ကသိုလ် ဝင်းမွန်) (တစ်သက်တာစာပေဆု)**

ဘာသာပြန်စာပေလောကတွင် တက္ကသိုလ်ဝင်းမွန်အမည်ဖြင့်လည်းကောင်း၊ အောင်ခန့် အမည်ဖြင့်လည်းကောင်း၊ အောင်မြင်ကျော်ကြားခဲ့သည့် စာရေးဆရာ အောင်ခန့်သည် ယခုနှစ် ၂၀၁၅ ခုနှစ်အတွက် တစ်သက်တာစာပေဆု ဆွတ်ခူးနိုင်ခဲ့သော စာရေးဆရာနှစ်ဦးအနက် တစ်ဦးဖြစ်သည်။

ဆရာအောင်ခန့်သည် ၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ ဗုဒ္ဓဟူးနေ့တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကမာစဲကျေးရွာ၌ အဖ ဦးအောင်သန်းခင်၊ အမိ ဒေါ်သန်းကြည်တို့မှ မွေးဖွားခဲ့ကြောင်း အမည်ရင်းမှာ ဝင်းမြင့်၊ ဝင်းဆွေဖြစ်ကြောင်း သိရသည်။

ဆရာသည် ၁၉၆၀ ပြည့်နှစ်တွင် စာပေလောကသို့ "ဆားသည်"၊ "မိဖြူ" အစရှိသော အက်ဆေးများဖြင့် ဝင်ရောက်ခဲ့ကြောင်း၊ ဘာသာပြန်စာပေလောကတွင် စာအုပ်ပေါင်း ၆၀ ကျော် ရေးသားခဲ့ကြောင်း၊ ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်အသီးသီးတွင် မြန်မာစာဆရာ၊ မြန်မာစာဌာနတို့၌ တာဝန်ထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၉၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၌ တွဲဖက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် အငြိမ်းစားယူခဲ့ကြောင်း သိရသည်။

"စာပေမှာ အဓိကအားဖြင့် စကားပြေနှင့် ကဗျာပဲရှိပါတယ်။ ဒီနောက်မှ ပြဇာတ်စာပေပေါ်ပေါက်လာပါတယ်။ သုတစာပေနဲ့ ရသစာပေ ဆိုပြီး ခွဲထွက်လာပါတယ်။ သုတစာပေက ဗဟုသုတကို တိုးပွားစေပါတယ်။ ရသစာပေက နှလုံးသားကို ဖွံ့ဖြိုးစေပါတယ်။ နှလုံးသားကို ဖွံ့ဖြိုးစေတယ်ဆိုတာက ဘယ်ကိစ္စမဆို အလောတကြီးမလုပ်ပါဘူး။ စဉ်းစားတွေးခေါ်မှုကို ရင့်သန်စေပါတယ်။ ဒါကြောင့် လူငယ်လူရွယ်တွေအနေနဲ့ သုတစာပေကို ရသစာပေပါ လေ့လာဖတ်ရှုကြဖို့ လိုပါတယ်" ဟု စာရေးဆရာ အောင်ခန့် (တက္ကသိုလ် ဝင်းမွန်)က ပြောသည်။

စာရေးဆရာ တက္ကသိုလ် ဝင်းမွန်သည် ဘာသာပြန်စာအုပ်ပေါင်း ၆၀ ခန့် ရေးသားခဲ့ပြီး ထင်ရှားသော စာအုပ်များမှာ တာလီဒေဝီ၊ စာဖတ်သူ၊ ခေတ်သစ်ကဗျာ မိတ်ဖွဲ့၊ နေဘုရားသားတော်၊ ဟူးဟူးသတ္တဝါကြီး အစရှိသော စာအုပ်များဖြစ်သည်။ ဆရာကြီးသည် ယခုအခါ စမ်းချောင်းမြို့နယ် ပန်းတနော်လမ်း၌ မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာနေထိုင်ရင်း စာပေတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**ပါမောက္ခ ဒေါက်တာဒေါ်စန်းစန်းမြင့် (နိုင်ငံရေးစာပေဆု)**

ပါမောက္ခဒေါက်တာဒေါ်စန်းစန်းမြင့်သည် ယခုနှစ် အမျိုးသားစာပေဆုတွင် နိုင်ငံရေး စာပေဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ဆရာမကြီးသည် ပြည်ဇာတိဖြစ်ပြီး တက္ကသိုလ်အသီးသီးတွင် သမိုင်းဌာန၌ တာဝန်အဆင့်ဆင့် ထမ်းဆောင်ခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်။ ဆရာမကြီး ဆွတ်ခူးရရှိခဲ့သောနိုင်ငံရေးစာပေဆုသည် ဖဆပလ ခေတ် မြန်မာ့နိုင်ငံရေးသမိုင်း (၁၉၄၈-၁၉၅၈) စာအုပ်ကို ရေးသားပြီး ဆွတ်ခူးခဲ့ကြောင်း သိရသည်။

ဒီစာအုပ်မှာ ညီညွတ်ခြင်းကြောင့် တိုင်းပြည်အတွက်ရရှိသော အောင်မြင်မှုကောင်းကျိုးများနဲ့ ညီညွတ်ရေးပြိုကွဲမှုကြောင့် တိုင်းပြည်အပေါ် ကျရောက်စေသော ဆိုးကျိုးဂယက်များ၊ တစ်နည်းအားဖြင့် တိုင်းပြည်ရဲ့ညီညွတ်ခြင်းနဲ့ ညီညွတ်ရေးပြိုကွဲမှုကြောင့် တိုင်းပြည်အပေါ် အကျိုးသက်ရောက်မှုအရှိန် ကြီးမားကြောင်းကို ဖော်ပြထားပါတယ်။ ဒီကနေ့ခေတ်မှာ နိုင်ငံရေးသင်ခန်းစာရယူပြီး စည်းလုံးညီညွတ်မှု အဓိကလိုအပ်ကြောင်း၊ ညီညွတ်ခြင်း၏တန်ဖိုးကို အထူးအလေးထားသင့်ကြောင်း၊ တိုင်းပြည်အတွက် တစ်မျိုးသားလုံးစည်းလုံးညီညွတ်မှု ခိုင်မာစေဖို့နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်နိုင်ဖို့ ရည်မှန်းရေးသားထားခြင်း ဖြစ်ပါတယ်"ဟု ပါမောက္ခ (အငြိမ်းစား) ဒေါက်တာ ဒေါ်စန်းစန်းမြင့်က ပြောသည်။

ဆရာမကြီး ဒေါက်တာ စန်းစန်းမြင့်သည် ရန်ကုန်မြို့ ဗိုလ်ဆွန်ပက်လမ်းတွင် မိသားစုနှင့်အတူပျော်ရွှင်စွာနေထိုင်လျက် စာပေတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

**စာရေးဆရာသတိုး (ဝတ္ထုတိုပေါင်းချုပ်ဆု)**

ဆက်လက်ပြီး ဝတ္ထုတိုပေါင်းချုပ်ဆုရွေးချယ်ခြင်းခံရသည့် စာရေးဆရာ သတိုးအား မေးမြန်းခဲ့ရာ "ကျွန်တော့်အတွက် ပထမဆုံး အမျိုးသားစာပေဆုရရှိခြင်း ဖြစ်ပါတယ်။ စာပေရေးသားခြင်းကတော့ ၁၉၈၇ ခုနှစ်မှာ စတင်ခဲ့တာဖြစ်ပြီး ၂၀၀၉ ခုနှစ်ကစလို့ ဆက်တိုက်စာရေးခဲ့တာပါ။ ကျွန်တော်က ဝတ္ထုတိုချည်း သီးသန့်ရေးတာ ဖြစ်ပါတယ်။ ဝတ္ထုတိုဆိုတာ ကိုယ့်ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အကြောင်းတွေကို တိုတိုနဲ့ ထိထိမိမိ ရေးသားဖော်ပြနိုင်တယ်။ တစ်ကွက်ကောင်း၊ တစ်ချက်ကောင်းကို ရေးသားနိုင်တယ်။ စာပေနယ်ကို ဝင်ရောက်လိုတဲ့ လူငယ်တွေအတွက် စိတ်ရှည်ရမယ်၊ ဇွဲရှိရမယ်၊ စာများများ ဖတ်ရမယ်၊ စာဖတ်တဲ့အခါမှာလည်း စာစုံဖတ်ရမယ်၊ စာပေဝမ်းစာဖြည့်ရမယ်လို့ အကြံပြုချင်ပါတယ်"ဟု ပြောသည်။

စာရေးဆရာ သတိုး၏ အမည်ရင်းမှာ ဦးဝင်းနိုင်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ဇာတိဖြစ်သည်။ ၁၉၆၉ ခုနှစ် ဧပြီ ၃၀ ရက်၌ မွေးဖွားခဲ့ပြီး ရန်ကုန်တက္ကသိုလ်မှ ဥပဒေဖြင့် ဘွဲ့ရရှိခဲ့သည်။ လက်ရှိတွင် အလွတ်တန်းကျောင်းဆရာအဖြစ် လုပ်ကိုင်နေပြီး ယနေ့အထိ ဝတ္ထုတိုပေါင်း ၈၀ ကျော်ရေးသားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

# ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ် ဖွင့်ပွဲအထိမ်းအမှတ်မီးပုံးပျံလွှတ်တင်

**ပြင်ဦးလွင် နိုဝင်ဘာ ၁၁**

ပြင်ဦးလွင်မြို့တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို ယခုနှစ်တွင် (၁၂)ကြိမ်မြောက်အဖြစ် မဟာအံ့ထူးကံသာ (ပြည်ချစ်) ဘုရားကွင်းအတွင်း၌ ကျင်းပရာ နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီ ခွဲတွင် ဖွင့်ပွဲအခမ်းအနားကို ပြင်ဦးလွင်မြို့၏ အထင်ကရ အမှတ်သင်္ကေတဖြစ်သော ပန်းကမ္ဘာမျှော်စင်သီချင်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။ **(အောက်ပုံ)**

ဖွင့်ပွဲအခမ်းအနားတွင် ပညာရေး မိသားစုကျောင်းသူလေးများ၏ ပြင်ဦးလွင် မီးပုံးပျံပွဲတော်သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ခြင်း၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်၏ ပင်တိုင်တီးဝိုင်းဖြစ်သော Violet တီးဝိုင်းနှင့်အတူ နိုင်ငံကျော် အဆိုတော်များက တေးသီချင်းများဖြင့် ဧည့်ခံသီဆိုခြင်း၊ ထို့နောက် ပြင်ဦးလွင် တန်ဆောင်တိုင်ပွဲတော်ကို တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်ဋ္ဌေးက ပွဲတော်ဖွင့်လှစ်ကြောင်းကြေညာ၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းသူလေးများက ပန်းကမ္ဘာမျှော်စင်သီချင်းကို သံပြိုင်သီဆိုကပြဖျော်ဖြေပြီးနောက် အခမ်းအနားသို့ တက်ရောက်လာကြသော NGO အဖွဲ့များ၊ လူမှုရေးစီးပွားရေးအဖွဲ့များ မီးပုံးပျံပြိုင်ပွဲဝင်အသင်းအဖွဲ့များက မီးပုံးပျံငယ်အလုံး ၁၀၀၀ ကို ကောင်းကင်ယံသို့ ပြိုင်တူလွှင့်တင်ခြင်း၊ မီးအလှဆင်ထားသော မြင်းရထားပုံစံငယ်၊ နာရီစင်ပုံစံငယ်နှင့် ၂၀၁၆ ခုနှစ် ပြင်ဦးလွင်တန်ဆောင်တိုင် မီးအလှရောင်စုံစာတန်းထွက်ပေါ်လာခြင်းတို့နှင့် ဖွင့်ပွဲအထိမ်း အမှတ်မီးရှူးမီးပန်းများ လှလှပပဝေဝေဆာဆာပစ်ဖောက်လွှတ်တင်ခြင်းတို့ကို မြိုင်မြိုင်ဆိုင်ဆိုင် ပြုလုပ်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားပြုလုပ်ပြီးစီးသည့်အချိန်တွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီက စီစဉ်ထားသည့် ဖွင့်ပွဲအထိမ်းအမှတ် စိန်နားပန်မီးပုံးပျံကို မဟာအံ့ထူးကံသာ (ပြည်ချစ်) ပြင်ဦးလွင်ဘုရားကြီးနှင့်အတူ တာဝတိံသာနတ်ပြည်တွင်ရှိသည့် စူဠာမဏိစေတီတော်ကိုရည်မှန်း၍ လွှတ်တင်ပူဇော်ခဲ့ကြောင်း သိရသည်။ ယခုနှစ်မီးပုံးပျံပွဲတွင် နေ့အရုပ်အလှ ၉၇ လုံး၊ စိန်နားပန် ၂၃ လုံး၊ ညမီးကျည် ၁၂ လုံး စုစုပေါင်း ၁၃၂ လုံးကို နေ့စဉ်ပွဲစဉ်ဇယားအတိုင်း ယှဉ်ပြိုင်လွှတ်တင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



# စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပေး

**သနပ်ပင် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ကွင်းဆင်း၍ တောင်သူများအား နည်းပညာများ ထပ်ဆင့်ပို့ချနိုင်ရေးအတွက် နည်းပညာပေး ဆွေးနွေးပို့ချမှုသင်တန်းကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

သင်တန်းသို့ တိုင်းဒေသကြီးဦးစီးမှူးရုံးမှ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်ခင်စန်းမြင့်၊ တိုင်းဒေသကြီး နည်းပညာပေးတာဝန်ခံ ဒေါ်ခင်နွယ်နွယ်ဝင်း၊ ခရိုင်ဦးစီးမှူး ဦးလေးမြင့်နှင့် ခရိုင် မြေ၊ မျိုး၊ ပိုးတာဝန်ခံများက ဆောင်းသီးနှံနှင့် နွေစပါးစိုက်ပျိုးရေးတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်အရ လိုက်လျောညီထွေသော နည်းပညာများ၊ မျိုးနှင့် စိုက်နည်းစနစ်များ ပိုးမွှားရောဂါကာကွယ်နှိမ်နင်း နည်းပညာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်၊ ဝန်ထမ်း ၁၇ ဦးနှင့် အကျိုးဆောင် တောင်သူ ၂၆ ဦးတို့အား ရှင်းလင်းဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ ရောမမြို့၌ ကြည့်ရှုလေ့လာ

**နေပြည်တော် နိုဝင်ဘာ ၁၁**

အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ အလုပ်သဘောချစ်ကြည်ရေးအလည်အပတ်ရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဗင်းနစ်မြို့မှ ရောမမြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ ဒေသစံတော်ချိန်နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရောမမြို့ Leonardo da Vinci - Fiumicino လေဆိပ်သို့ ရောက်ရှိသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ရောမမြို့ Military Museum သို့ မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရောက်ရှိရာ တာဝန်ရှိသူများက ခရီးဦးကြိုဆိုကြပြီး ပြတိုက်အတွင်းလိုက်လံရှင်းလင်းပြသသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းတွင်လက်မှတ်ရေးထိုး၍ စစ်သမိုင်းပြတိုက်တာဝန်ခံ Lieutenant Colonel Cippitelli Laigi အား အထိမ်းအမှတ်တံဆိပ်ပေးအပ်ရာ ပြတိုက်တာဝန်ခံက စစ်သမိုင်းပြတိုက်အထိမ်းအမှတ် စာအုပ်နှင့် ဓာတ်ပုံများ ပြန်လည်ပေးအပ်သည်။

အဆိုပါစစ်သမိုင်းပြတိုက်သည် ၁၉၅၇ ခုနှစ်တွင်စတင်ဖွင့်လှစ်ခဲ့ပြီး ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်ကာလ စစ်ပွဲသမိုင်းများနှင့် စစ်သုံးယာဉ်များ၊ ခေတ်အဆက်ဆက်အသုံးပြုခဲ့ကြသည့် အရပ်သုံးယာဉ်များအား ခင်းကျင်းပြသထားသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ခရီးစဉ်တစ်လျှောက် အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ အတူလိုက်ပါကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မြိုင်မြို့နယ် ကမ်းပါးရေတိုက်စားမှုနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**မြိုင် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ချောင်းဆုံကျေးရွာအုပ်စု တောင်ယမားဆည် ရေပိုလွှဲမှလျှံကျသောရေများ ငါးလင်းစေ့ကျေးရွာ ကမ်းပါးရေတိုက်စားမှုနှင့်ပတ်သက်၍ ရေတိုရေရှည်ဆောင်ရွက်ရန် ညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းက တောင်ယမားဆည်ရှင်းလင်းဆောင်၌ ဆွေးနွေးညှိနှိုင်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ ခရိုင် ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးတင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ဆည်မြောင်းတာဝန်ခံ ဦးကျော်မင်းထွန်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ကမ်းပါးရေတိုက်စားမှုနှင့် ပတ်သက်၍ ရေပိုလွှဲချောင်းအတွင်း ပေါက်နေသော ပိတ်စွယ်ပင်များမှာ ချောင်းရေစီးမှုကို ဟန့်တားမှုဖြစ်နေ၍ ချောင်းရေစီးကြောင်း ပြောင်းလွဲကာ ငါးလင်းစေ့ကျေးရွာဘက်သို့ ရေတိုက်စားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပိတ်စွယ်ပင်များကိုရှင်းလင်းပြီး ရေလမ်းကြောင်းလွှဲပေးစေလိုကြောင်း ငါးလင်းစေ့ကျေးရွာ ရွာခွဲ တာဝန်ခံကဆွေးနွေးခဲ့ရာ ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနက လတ်တလော ရေလမ်းကြောင်းလွှဲသွားစေရေးအတွက် ယင်းပိတ်စွယ်ပင်များကို လူအင်အား ၂၂ ဦးဖြင့် ရှင်းလင်းဆောင်ရွက်နေပါကြောင်း၊ ပွင့်လင်းရာသီရောက်ပါက ဘက်ဟိုးယာဉ်များဖြင့် ဆက်လက်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းဦးစီးဌာန ဦးစီးမှူးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငါးလင်းစေ့ကျေးရွာကိုလည်း ရေပိုလွှဲတောင်ဘက်ရှိကုန်းမြင့်သို့ ရွှေ့ပြောင်းနေထိုင်လိုပါကြောင်းနှင့် လက်ရှိရေပိုလွှဲနေရာတွင် အာစီတံတားတစ်စင်းကို ဆည်မြောင်းဦးစီးဌာနမှ ဆောက်လုပ်ပေးစေလိုကြောင်း၊ ကျေးရွာ ရွာခွဲတာဝန်ခံက တင်ပြခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာရွှေ့ပြောင်းရေး၊ မြို့နယ်ကြီးကြပ်မှုကော်မတီ၊ မြေနေရာရွေးချယ်ရေးကွင်းဆင်းအဖွဲ့၊ ကျေးရွာကော်မတီများဖွဲ့စည်းရန်၊ ရွှေ့ပြောင်းမည့်လျာထားမြေနေရာအား ပုံစံ ၁၀၅/ ၁၀၆ ရေးဆွဲရေး၊ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိရေးတို့ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်၊ တံတားဆောက်လုပ်ရန်အတွက် ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ အထက်အဆင့်ဆင့်သို့ တင်ပြဆောင်ရွက်ရန်နှင့် မြေပိုင်ရှင်များနှင့် သဘောတူညီမှုများ ရယူဆောင်ရွက်ထားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# နေပြည်တော်၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၊ လမ်းတံတားများ ပျက်စီး



ပျဉ်းမနားမြို့နယ်အတွင်းရှိ ဇီးဖြူပင်-ပေါင်းလောင်းမြစ်ကူးတံတားရေတိုက်စား၍ ပျက်စီးနေသည်ကို တွေ့ရစဉ်

**ပျဉ်းမနား**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ဇီးဖြူပင်ကျေးရွာ မြစ်အရှေ့ဘက်ခြမ်းနှင့် ဇီးဖြူပင်ကျေးရွာအားဆက်သွယ်ထားသည့် ဇီးဖြူပင် ပေါင်းလောင်းမြစ်ကူး သစ်သားတံတားသည် ယနေ့နံနက် ၃ နာရီခန့်တွင် ငလိုက်ချောင်းနှင့် ဆင်သေချောင်းမှ တောင်ကျရေများ စီးဆင်းမှုကြောင့် အမှိုက်၊ ဒိုက်များမျောပါလာကာ တံတားတိုင်များအား ဝင်ရောက်တိုက်ခိုက်သဖြင့် ပျက်စီးမျောပါသွားကြောင်း သိရသည်။

အဆိုပါတံတားသည် အရှည် ပေ ၅၃၀၊ အကျယ်ခြောက်ပေနှင့် အခန်းပေါင်း၄၃ ခန်းပါရှိပြီး ယခုအခါ ရေစီးကြောင့် သံပေါင်ဖြင့်ပြုလုပ်ထားသော အခန်းသုံးခန်းနှင့် သစ်သားဖြင့်ပြုလုပ်ထားသော အခန်းခုနစ်ခန်း ပျက်စီးမျောပါခဲ့ပြီး သံပေါင်တစ်ခန်း၊ သစ်သားခြောက်ခန်း စုစုပေါင်း ခုနစ်ခန်း ယိုင်နဲ့ ပျက်စီးတော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းမဟော်(ပြန်/ဆက်)**

**တပ်ကုန်း**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်အတွင်းရှိ မိုးအဆက်မပြတ် ရွာသွန်း၍ မုန်ချောင်း၊ နတ်ကင်ချောင်း၊ နဝင်းချောင်းတို့ပေါင်းဆုံကာ နဝင်းချောင်းရေကြီးရေလျှံမှုကြောင့် နိုဝင်ဘာ ၁၀ ရက် ည ၇ နာရီခန့်မှစတင်ကာ ကင်းသာကျေးရွာအုပ်စု သပြေကုန်းကျေးရွာ အိမ်ခြေ ၄၆ အိမ်၊ ကြို့ကုန်းကျေးရွာ အိမ်ခြေ ၄၅ အိမ်တွင် ရေများ သုံးပေခန့် ဝင်ရောက်ခဲ့ပြီး ကင်းသာအုပ်စုအတွင်း ကွင်းအမှတ်(၁၄၅၃၊ ၁၄၅၄၊ ၁၄၅၇၊ ၁၄၅၈) တွင် လယ်ဧက ၂၂၀၊ ယာဧက ၃၂၀ ရေနစ်မြုပ်၍လည်းကောင်း၊ ရှောက်ကုန်းကျေးရွာအုပ်စု ရှောက်ကုန်းကျေးရွာအိမ်ခြေ ၃၅၀ တွင် ရေများ လေးပေခန့် ဝင်ရောက်ခဲ့ပြီး ရှောက်ကုန်းကျေးရွာကွင်းအမှတ် (၁၄၁၁-က) တွင် လယ်ဧက ၁၅၀၊ ယာ ၁၅ ဧက၊ နောင်ခမ်းကျေးရွာ ကွင်းအမှတ် (၁၄၁၂) တွင် ယာ ၁၅ ဧက၊ ပုဏ္ဏမာကျေးရွာ ကွင်းအမှတ် (၁၄၁၀) လယ်ဧက ၃၀၊ ယာဧက ၂၀ ရေနစ်မြုပ်လျက်ရှိသည်။

အဆိုပါရေဝင်ရောက်သည့်ကျေးရွာများသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးစနေထွန်း ဦးဆောင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများ ကွင်းဆင်းကြီးကြပ်ကူညီဆောင် ရွက်ပေးကြသည်။ ယင်းကျေးရွာများတွင် နိုဝင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ရေများ ပြန်လည်လျော့ကျသွားပြီး လူနှင့် တိရစ္ဆာန်များ အန္တရာယ်မရှိကြောင်း သိရသည်။

**တင်စိုးလွင်**

**ဇေယျာသီရိမြို့နယ်**

နေပြည်တော် ဇေယျာသီရိမြို့နယ် စည်ပင်ကြီးကျေးရွာအုပ်စုနှင့် သာယာကုန်း ကျေးရွာအုပ်စုတို့တွင် နိုဝင်ဘာ ၁၀ ရက် ည ၁၁ နာရီက ဆင်သေချောင်းနှင့် ငလိုက်ချောင်းဆုံရာမှ ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် စပါးခင်းများနှင့် ယာသီးနှံများ ရေဝင်နစ်မြုပ်ပြီး အနိမ့်ပိုင်းရှိ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ဆင်သေချောင်း ရေကြီးရေလျှံမှုကြောင့် ကျေးရွာအုပ်စုနှစ်ခုမှ လယ်ယာမြေ ၄၂၉ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး စည်ပင်ကြီးကျေးရွာအုပ်စု ညောင်ပင်ကြီးကျေးရွာ အနိမ့်ပိုင်းရှိ လူနေအိမ် ၉၂ လုံးတွင် ရေဝင်ရောက်ခြင်း၊ သာယာကုန်းမှ ပျဉ်းမနားဘက်သို့သွားသော တံတားမှာလည်း ရေနစ်မြုပ်နေပြီး ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများ သွားလာရေး ခက်ခဲလျက်ရှိကြောင်း သိရသည်။

ထို့ပြင် သစ်တပ်ကျေးရွာအုပ်စု ရှားစေးဖိုကျေးရွာနှင့် ပုဗ္ဗသီရိမြို့နယ် ကြံဖိုစုကျေးရွာသို့ သွယ်တန်းထားသော နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ရွှာတော်တည်းခိုရေး စခန်းသို့ ပေါင်းလောင်းမြစ်မှ ရေပို့လွှတ်သည့် အချင်းနှစ်ပေ၊ အရှည်ပေ ၇၂၀ ခန့်ရှိ ရေပိုက်လုံးတင်ကြိုးတံတားမှာ ရေစီးအရှိန်ကြောင့် သွယ်တန်းထားသည့် သံကြိုးများပြတ်ကာ ရေပိုက်လိုင်း ကျိုးပြတ်ပြီး ရေစီးဖြင့်မျောပါသွားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်း ဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

**(မိုး/ဇလ)**

## ဆင်သေချောင်းရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် တံတားပြုပြင်

**တပ်ကုန်း နိုဝင်ဘာ ၁၁**

တပ်ကုန်းမြို့နယ်၌ နိုဝင်ဘာ ၁၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆင်သေချောင်းရေကြီးမှု ဖြစ်ပွားခဲ့သည်။ အဆိုပါချောင်းရေကြီးမှုကြောင့် စိုက်ခင်းများ၊ လမ်းများ၊ ချောင်းကူးတံတားများ ပျက်စီးမျောပါမှုများ ဖြစ်ပွားခဲ့သည်။

နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှစတင်ကာ ဆင်သေချောင်းမှာ သိသိသာသာကျဆင်းခဲ့သောကြောင့် တပ်ကုန်းမြို့နှင့် နွယ်ရစ်ကျေးရွာကိုဆက်သွယ်ထားသည့် ချောင်းကူးသံကူကွန်ကရစ် တံတားကမ်းကပ်ခုံပျက်စီးနေမှုကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရွာသူ ရွာသားများ စုပေါင်းပြုပြင်လျက်ရှိကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# အာဏာလွှဲပြောင်းရေးကိစ္စများအတွက် အိုဘားမားနှင့်ထရန့် တွေ့ဆုံ




**နယူးယောက် နိုဝင်ဘာ ၁၁**

အမေရိကန်သမ္မတအဖြစ်ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရန့်သည် ရီပတ်ဘလစ်ကန်တို့အပေါ် လူထုဆန့်ကျင်ဆန္ဒပြမှုများဖြစ်ပေါ်နေချိန် အာဏာလွှဲပြောင်းရေးကိစ္စများ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး သမ္မတအိုဘားမားနှင့် တွေ့ဆုံခဲ့သည်။

ကြာသပတေးနေ့က သမ္မတအိုဘားမား၏ ဖိတ်ခေါ်မှုဖြင့် အိမ်ဖြူတော်သို့ ထရန့်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံးသည် မိနစ် ၉၀ ကြာမျှ ရုံးခန်းအတွင်း ဆွေးနွေးခဲ့ခြင်းဖြစ်သည်။ ဆွေးနွေးမှုများပြုလုပ်ပြီးနောက် ၎င်းတို့နှစ်ဦးစလုံးသည် သတင်း ထောက်များနှင့်တွေ့ဆုံခဲ့သည်။ သမ္မတအိုဘားမားက ၎င်းတို့နှစ်ဦးစလုံးသည် ပြည်တွင်းရေးကိစ္စနှင့် နိုင်ငံခြားရေးမူဝါဒများအပါအဝင် ကိစ္စအတော်များများကို ဆွေးနွေးခဲ့ကြကြောင်း ပြောသည်။

ထို့ပြင် လာမည့်နှစ်လအတွင်း သမ္မတအဖြစ် ရွေးကောက်ခံထားရသူကို အာဏာလွှဲပြောင်းရာ၌ လွယ်ကူချောမွေ့စေရေးမှာ ၎င်း၏ဦးစားပေးကိစ္စပင်ဖြစ်သည်ဟု အိုဘားမားကဆိုသည်။ အမေရိကန်၏ အရေးကိစ္စများကို ထရန့်နှင့် ၎င်း၏အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်မည်ကို အားပေးကြောင်းလည်း အိုဘားမားက ပြောသည်။

နိုင်ငံ၌ကြုံတွေ့နေရသော စိန်ခေါ်မှုများကို အတူတကွဖြေရှင်းနိုင်ရေးမှာ နိုင်ငံသားအားလုံးအတွက် အရေးကြီးကြောင်း ၎င်းကဆက်ပြောသည်။ ထရန့်ကမူ သူတို့သည် မတူညီသည့်အခြေအနေများကို ဆွေးနွေးခဲ့သည့် အကြောင်းအရာများထဲမှ အချို့မှာ အံ့သြဖွယ်ကောင်းကြောင်း၊ အချို့မှာမူ ခက်ခဲကြောင်းဆိုသည်။ ထို့အပြင် အိုဘားမားနှင့်ထပ်၍တွေ့ဆုံလိုကြောင်း ထရန့်ကဆိုသည်။ ထရန့်က ၎င်းအစိုးရအဖွဲ့ဖွဲ့သည့်အခါ အိုဘားမား၏ အကြံဉာဏ်များရယူလိုကြောင်း ရည်ညွှန်းပြောဆိုခဲ့ခြင်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# ထရန့်ကိုဆန့်ကျင်သည့် ဆန္ဒပြမှုများစိုးရိမ်ဖွယ်ရာဖြစ်လာ



**ဝါရှင်တန် နိုဝင်ဘာ ၁၁**

သမ္မတရွေးကောက်ပွဲတွင် ဒေါ်နယ်ထရန့် အနိုင်ရရှိမှုကို လက်မခံသည့် ဆန္ဒပြဆန့်ကျင်သူများသည် ကြာသပတေးနေ့တွင် အမေရိကန်မြို့ကြီးများရှိလမ်းများပေါ် ထပ်မံချီတက်ကာ နှစ်ရက်မြောက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

အရှေ့ဘက်ကမ်းခြေတွင်ဝါရှင်တန်၊ ဘယ်လ်တီမိုး၊ ဖီလာဒဲဖီးယားနှင့် နယူးယောက်ဒေသများတွင် ဆန္ဒပြဆန့်ကျင်မှုများဖြစ်ပွားခဲ့ပြီး အနောက်ဘက်ကမ်းခြေဒေသ၌မူ လော့အိန်ဂျလိစ်၊ ဆန်ဖရန်စစ္စကို၊အုတ်ကလန်၊ကယ်လီဖိုးနီးယားနှင့် အော်ရီဂွန်ဒေသများတွင်ဆန္ဒထုတ်ဖော်ရန် စုရုံးစည်းဝေးလျက်ရှိကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်မှုကို ငြိမ်းချမ်းစွာနှင့် စနစ်တကျပြုလုပ်ရမည်ဖြစ်သော်လည်းဥပဒေ မလိုက်နာသူများ ရှိနေသည်။

ဆန္ဒပြသူများသည် ပေါ့တ်လန်းရှိရဲများထံသို့ ပစ္စည်းများဖြင့်ပစ်ပေါက်ခဲ့ကြပြီး ကားများကိုအတော်အတန်ထိခိုက်ပျက်စီးစေခဲ့သည်ဟု ပေါ့တ်လန်းရဲတပ်ဖွဲ့က တွစ်တာပေါ်၌ ဖော်ပြခဲ့သည်။

အချို့မှာ ကားများနှင့် အဆောက်အအုံများကို မှုတ်ဆေးဘူးများဖြင့်ဖျန်းခဲ့ကြပြီး ပြတင်းတံခါးမှန်များကိုရိုက်ခွဲချိုးဖျက်ခဲ့ကြကြောင်းပေါ့တ်လန်းရှိ မီဒီယာများက ဖော်ပြသည်။

ပြင်းထန်ပြီး အန္တရာယ်ရှိသည့် လုပ်ရပ်များကြောင့် ပဋိပက္ခသည် ယခုအခါ အဓိကရုဏ်းကဲ့သို့ဖြစ်လာနေကြောင်း တွစ်တာပေါ်၌ ဖော်ပြထားသည်။ ဟာဘာဗရီယာအတွင်းပိုင်းရှိ ဆင်ခြေဖုံးနေရာများတွင်စုဝေးလျက်ရှိပြီး အချို့မှာ လမ်းမများပေါ်ပိတ်ထိုင်ကာယာဉ်ကြောပိတ်ဆို့အောင် ပြုလုပ်ခဲ့ကြသည်။

ဒင်ဗာ၌ လူသုံးထောင်ခန့်သည် ကော်လိုရာဒိုရှိလမ်းများပေါ်၌ စုဝေးလျက်ရှိပြီး ဒါးလက်စ်မှတစ်ဆင့် ဆန္ဒထုတ်ဖော်လျက်ရှိသည်။ဆန္ဒထုတ်ဖော်မှုများသည်စိုးရိမ်ဖွယ်ရာအခြေအနေ ဖြစ်လာကြောင်း သိရသည်။ **(ရိုက်တာ)**

# ရာဆာအာရာဖတ်သေဆုံးမှုကို စုံစမ်းစစ်ဆေးရာတွင် ရလဒ်ကောင်းများရရှိ

**ဂျေရုဆလင် နိုဝင်ဘာ ၁၁**

ပါလက်စတိုင်းသမ္မတမာမွတ်အာဘတ်စ်သည် ပါလက်စတိုင်းခေါင်းဆောင်ဟောင်း ရာဆာအာ ရာဖတ် သေဆုံးမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာတွင် ရလဒ်ကောင်းများရရှိလာကြောင်း ကြာသပတေးနေ့ကပြောသည်။ ရာဆာအာရာဖတ်သေဆုံးခဲ့ပြီး ၁၂ ကြိမ်မြောက် အထိမ်းအမှတ်ပွဲတွင်ပြောကြားခဲ့ခြင်းဖြစ်သည်။ ရာဆာအာရာဖတ် သေဆုံးမှုနှင့်ပတ်သက်၍ ပါလက်စတိုင်းစုံစမ်းစစ်ဆေးရေးကော်မတီက စုံစမ်းမှုများကို တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ရာ အမှန်တရားကိုသိရှိရန် အချိန်နီးကပ်လာပြီဖြစ်ကြောင်း မာမွတ်အာဘတ်စ်ကဆိုသည်။ လုပ်ကြံမှုကိုမည်သူကလုပ်ဆောင်ခဲ့သည်ကို ဆက်လက်ရှာဖွေနေကြောင်း၊ သက်သေအချက်အလက်များမှာ




မလုံလောက်သေးကြောင်း၊ စုံစမ်းစစ်ဆေးရေးကော်မတီက သက်သေပြနိုင်ရေးဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ အဖြေကို မကြာမီ သိရှိရတော့မည်ဖြစ်ပြီး ပြစ်မှုကျူးလွန်သူကို အံ့သြဖွယ်တွေ့ရှိရမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။ အာရာဖတ်သည် နိုဝင်ဘာ ၁၁ ရက်တွင် အမည်ဖော်ပြနိုင်ခြင်းမရှိသည့်ရောဂါဖြင့် ဆေးရုံတွင် သေဆုံးခဲ့ရသည်။ ပါလက်စတိုင်းနိုင်ငံသားအများစုက ၎င်း၏သေဆုံးမှုမှာ အစ္စရေးတို့က အဆိပ်ခတ်လုပ်ကြံခဲ့ခြင်းကြောင့်ဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ အစ္စရေး တို့ကမူ ယင်းသို့စွပ်စွဲမှုကိုငြင်းဆိုခဲ့သည်။ **(ဆင်ဟွာ)**

# အိန္ဒိယ၌ အေတီအမ်စက်များ ပြန်ဖွင့်သော်လည်း ဘဏ်များတွင် အခက်အခဲများ ဆက်လက်တွေ့ကြုံနေရ

**နယူးဒေလီ နိုဝင်ဘာ ၁၁**

ဘဏ်များနှင့် အေတီအမ်စက်များ၏ အပြင်ဘက်တွင် တန်းစီနေသော လူတန်းရှည်ကြီးမှာ ငွေများလဲလှယ်ရန် စောင့်ဆိုင်းနေကြခြင်းဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ရန် ရည်ရွယ်၍ ၅၀၀ တန် ရူပီးနှင့် ၁၀၀၀ တန် ရူပီးတို့ လဲလှယ်ရန် ကြေညာခဲ့ပြီး သုံးရက်အကြာ အေတီအမ်စက်များတွင် ငွေများပြတ်လပ်နေခဲ့သည်။ ဒေလီနှင့် မွမ်ဘိုင်းတို့ရှိ အေတီအမ်စက်များသို့ ဘီဘီစီမှ သွားရောက်လေ့လာကြည့်ရာ အေတီအမ်စက်များမှာ ပိတ်ထားခြင်းသို့မဟုတ် ငွေများထုတ်မပေးခြင်းတို့ကို တွေ့ရှိခဲ့ရသည်။

အေတီအမ်စက်များဖြင့် လူရာပေါင်းများစွာတို့ ငွေများလဲလှယ်ရန် မနက်စောစောကတည်းက တန်းစီစောင့်ဆိုင်းနေခဲ့ပြီး ၄၈ နာရီကြာ အေတီအမ်စက်များကို ပိတ်ထားခဲ့ရသည်။

ထို့နောက် သန်းခေါင်ယံအချိန်တွင် စက်များပြန်လည်ဖွင့်ပေးခဲ့ခြင်းဖြစ်သည်။

အခွန်ရှောင်ရှားသူများနှင့် အကျင့်ပျက် ခြစားသူများကို တိုက်ဖျက်ရန် ရည်ရွယ်၍ အစိုးရက လျှပ်တစ်ပြက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

သို့သော် ဝင်ငွေနည်းသော ပြည်သူများ၊ ကုန်သည်များ၊ သာမန်လူတန်းစားများမှာ ၅၀၀ တန်နှင့် ၁၀၀၀ တန်များ ဖျက်သိမ်းလိုက်သည့်အခါ အများဆုံး ထိခိုက်နစ်နာခဲ့ရသည်။ ဘဏ်များနှင့် အေတီအမ်စက်များသည် ငွေလဲလှယ်သည်ကို အကန့်အသတ်နှင့်သာ လက်ခံသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန္ဒြာမိုဒီ ၁၀၀၀ တန်နှင့် ၅၀၀ တန် ရူပီးများ ဖျက်သိမ်းမည်ဟု အင်္ဂါနေ့က ကြေညာခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့တွင် ဘဏ်များပိတ်ထားခဲ့သည်။

ကြောက်ရွံ့ထိတ်လန့်ကြသော အိန္ဒိယပြည်သူများမှာ ဘဏ်များပြန်လည် ဖွင့်လှစ်သည့် ကြာသပတေးနေ့အထိ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

ယင်းအခက်အခဲကို ဖြေရှင်းရန် ဘဏ်များက အလုပ်ချိန်ကို တိုးမြှင့်ပေးခဲ့ပြီး ၎င်းတို့၏ အလုပ်သမားများကိုလည်း ထပ်ဆောင်းချထားခဲ့သည်။ **(ဘီဘီစီ)**



# ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ခံထားရသော EMG ၏ CEO နှင့် အယ်ဒီတာချုပ် သက်ဆိုင်ရာသို့ လာရောက်အဖမ်းခံ၊ တရားရုံးသို့ ပို့ဆောင်ကာ ချုပ်ရက် ရမန်ယူ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်ထားသော Eleven Media Group ၏ CEO ဒေါက်တာသန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့သည် ယနေ့ မွန်းလွဲပိုင်းက သက်ဆိုင်ရာသို့ လာရောက်အဖမ်းခံခဲ့သဖြင့် တာမွေမြို့နယ် တရားရုံးသို့ ပို့ဆောင်ကာ ချုပ်ရက်ရမန်ယူခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

"ဒီအမှုနဲ့ ပတ်သက်လို့ အမှုဖွင့်ခံထားရတဲ့သူတွေအနေနဲ့ ဒီနေ့ မွန်းလွဲ ၂ နာရီမှာ ကျွန်တော့်ရုံးကို လာရောက်အဖမ်းခံခဲ့ပါတယ်။ ဒါကြောင့် ဒီအမှုကို ကြီးကြပ်ဆောင်ရွက်ပေးတဲ့ ကျွန်တော်က အမှုစစ်ရှိတဲ့ တာမွေမြို့နယ်ရဲစခန်းကို လာပို့တာပါ။ ပြီးရင် အမှုနဲ့ ပတ်သက်ပြီး အမှုတွဲတည်ဆောက်မယ်။ သက်သေခံပစ္စည်းတွေကို သိမ်းဆည်းမယ်။ ၆၆(ဃ)နဲ့ပတ်သက်ပြီး ရမန်ယူမယ်။ ရဲလုပ်ငန်းပြည့်စုံပြီး ဥပဒေအကြံပြုချက် ကျလာရင် တရားစွဲဆိုဖို့ အမြန်ဆုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီအမှုဟာ ရဲအရေးပိုင်တဲ့ အမှုဖြစ်ပါတယ်၊ အဲဒီအတွက် ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက တာမွေမြို့မရဲစခန်း၌ မီဒီယာများကို ပြောကြားသည်။



"ဝန်ကြီးချုပ်တစ်ဦး ဒေါ်လာတစ်သိန်းခန့်တန်သည့် Patek Phillipe နာရီ ဝတ်ဆင်သည်။ ယင်းနာရီကို လက်ဆောင်ပေးသူမှာ မူးယစ်ဆေးဝါးမှုဖြင့် မကြာသေးမီက ထောင်ကလွတ်လာခဲ့သော သူဌေးတစ်ဦးဖြစ်ပြီး အစိုးရ အကူးအပြောင်းကာလတွင် မြို့သစ်စီမံကိန်းကို တင်ဒါအောင်မြင်ခဲ့သူ တစ်ဦးဖြစ်ကြောင်း သိရသည်"ဟု Eleven Media Group ၏ CEO နှင့် Eleven Media Group လူမှုကွန်ရက် စာမျက်နှာတို့တွင် ဖော်ပြခဲ့မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က နိုဝင်ဘာ ၉ ရက်တွင် တာမွေမြို့မရဲစခန်း၌ ဆက်သွယ်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာမွေမြို့မရဲစခန်းက ဆက်သွယ်ရေး ဥပဒေပုဒ်မ- ၆၆ (ဃ)ဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက သက်ဆိုင်ရာအနေဖြင့် အမှုဖွင့်ခံရသူ Eleven Media Group ၏ CEO ဒေါက်တာ သန်းထွဋ်အောင်နှင့် အယ်ဒီတာချုပ် ဦးဝေဖြိုးတို့အား လိုက်လံစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်း မတွေ့ရှိသည့်အတွက် Eleven Media Group ၏ တာဝန်ရှိသူတို့ထံ အကြောင်းကြားခဲ့ကြောင်း၊ ရောက်လာပါက သက်ဆိုင်ရာသို့ ပို့ဆောင်ပေးရန် တာဝန်ရှိသူတို့အား ဆင့်ခေါ်စာ ပေးပို့ခဲ့ကြောင်း၊ သက်ဆိုင်ရာအနေဖြင့်လည်း ပူးပေါင်းအဖွဲ့များဖြင့် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း၊ ယနေ့တွင် ၎င်းတို့ လာရောက်အဖမ်းခံခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးက ပြောကြားသည်။

ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Novotel ဟိုတယ်၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ခဲ့သည့် စီးပွားရေးလုပ်ငန်းရှင် ဦးမောင်ဝိတ်ကို နိုဝင်ဘာ ၁၀ ရက် ညနေပိုင်းတွင် သက်ဆိုင်ရာက တာမွေမြို့မရဲစခန်း၌ ခေါ်ယူစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

၎င်းတို့နှစ်ဦးအား ခရိုင်ရဲတပ်ဖွဲ့က သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့သို့ လွှဲအပ်ခဲ့ပြီးနောက် ညနေပိုင်းတွင် တာမွေမြို့နယ် တရားရုံး၌ ချုပ်ရက်ရမန်ရယူခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)**
**ဓာတ်ပုံ - ဇေဇော်**

# မောင်တောမြို့နယ်၌ တစ်ဖက်နိုင်ငံကူးလှေပေါ်မှ လူတစ်ဦးနှင့် မသင်္ကာဖွယ်ရာလူများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း တပ်မတော်(ရေ)မှ နယ်မြေလုံခြုံရေး ဆောင်ရွက်စဉ် ယနေ့ နံနက် ၄ နာရီ ၁၅ မိနစ်ခန့်က မကျီးချောင်းဝကျေးရွာနှင့် မောင်နီကျေးရွာအကြားနတ်မြစ်အတွင်း၌ တစ်ဖက်နိုင်ငံသို့ဖြတ်ကူးနေသောလောင်းလှေတစ်စင်းအား တွေ့ရှိ၍ လိုက်လံဖမ်းဆီးရာ လှေပေါ်ပါ အမျိုးသား လေးဦးအနက် သုံးဦးမှာ နတ်မြစ်အတွင်းသို့ ခုန်ချထွက်ပြေးသွားပြီး ကျန်ရှိသူ မာမွတ်ရှော်ရှိ (ဘ)ဟာမိအမ်ဆမ်ကို ဖမ်းဆီးရမိသည်။

အလားတူ လှုဖိုးခေါင်ကျေးရွာ တစ်ဝိုက် တပ်မတော်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်စဉ် ယနေ့ နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် လှုဖိုးခေါင်ကျေးရွာမှ ထွက်ခွာလာသော မသင်္ကာဖွယ် မော်စတာရ်(ဘ)အဒူရော်ရိုက်ကို ဖမ်းဆီးရမိသည်။



မာမွတ်ရှော်ရှိနှင့် မော်စတာရ်



ရော်ဟီးမူလာနှင့် အာမာန်အူလာ

ထို့ပြင် ယနေ့ ညနေပိုင်းတွင် ဘဂုံးနားကျေးရွာသို့ ဝင်ရောက်ရှာဖွေရှင်းလင်းရာ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဖေ့ဘုတ်အကောင့် Ma Swe Zin အမည်ဖြင့် နိုင်ငံတော်နှင့် တပ်မတော်အပေါ် အကြည်အညိုပျက်စေမည့် မဟုတ်မမှန် သတင်းလွှင့်သူ ရော်ဟီးမူလာ(ဘ) နော်ဇီရာမောက်နှင့် ညီဖြစ်သူ အာမာန်အူလာတို့အား တယ်လီဖုန်းနှင့်အတူ ဖမ်းဆီးရမိသည်။

နိုဝင်ဘာ ၁၀ ရက် ညနေ ၃ နာရီခွဲခန့်ကလည်း ပူးပေါင်းအဖွဲ့များက သတင်းအရ ခမောင်းဆိပ်ကျေးရွာသို့ သွားရောက်ရှင်းလင်းရာ သက်ဆိုင်ရာ ကျေးရွာနေ မသင်္ကာဖွယ် ဘင်္ဂါလီများဖြစ်ကြသည့် ဒီမိုဟာမက်(ဘ) မူဆာဟာလီ၊ မော်လဝီဆော်ပီ ဟာလောင်(ဘ) မူလာဟူစိန်နှင့် မာမတ်အာလောင်(ဘ) မော်ဟီအာမတ်တို့ သုံးဦးအား ဖမ်းဆီးရမိသည်။ **(အောက်ပုံ)**



အဆိုပါ ဖမ်းဆီးရမိသူများအား တရားဥပဒေအရ စစ်ဆေးအရေးယူဆောင်ရွက်နိုင်ရေး မောင်တောမြို့မရဲစခန်း နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်း (ကျီးကန်းပြင်)နှင့် ခမောင်းဆိပ်ရဲစခန်းများသို့ စနစ်တကျ လွှဲပြောင်းအပ်နှံပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## ပြန်ကြားရေးဝန်ကြီးဌာန
## သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
## Digital Newspaper အားအကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများကို Digital Newspaper အဖြစ် ပြောင်းလဲဆောင်ရွက်ရန်အတွက် အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီများအနေဖြင့် အဆိုပြုပုံစံအား ၁၆-၁၁-၂၀၁၆ရက်မှစ၍ နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပြုလွှာပုံစံနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ အဆိုပြုလွှာများအား ၁၂-၁၂-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၁၆း၃၀ နာရီအတွင်း နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ တင်ပြရမည်ဖြစ်ပြီး သတ်မှတ်ရက်ထက်ကျော်လွန်တင်ပြသည့် အဆိုပြုပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ | အဆိုပြုလွှာပုံစံများတင်သွင်းရန်လိပ်စာ |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈ | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်<br>ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၃၉၀ |

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မော်တော်ယာဉ် ၂၄၇စီးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | Van/Saloon | ၁၀၀ စီး |
| (ခ) | Mini Bus(29 Seater) | ၃၆ စီး |
| (ဂ) | Bus(45 Seater) | ၅ စီး |
| (ဃ) | Pick Up | ၅၀ စီး |
| (င) | Light Turck | ၅၀ စီး |
| (စ) | Container Box Truck | ၄ စီး |
| (ဆ) | Carrier Truck | ၂ စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင် တင်ဒါပုံစံ တစ်စောင်လျှင်ကျပ် ၅၀၀၀၀/-(ကျပ်ငါးသောင်းတိတိ) ဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံရောင်းမည့်ရက်** -၂၁-၁၁-၂၀၁၆ ရက်မှ ၉-၁၂-၂၀၁၆ ရက်အထိ (ရုံးချိန်အတွင်း)

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်

၅။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၄-၁၂-၂၀၁၆ရက် နံနက် ၁၀ နာရီ

၆။ **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၀၈၈၊ ၀၁-၆၅၁၀၃၉

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန**

**ပျောက်ဆုံးကြောင်း** ကျွန်တော် ဦးတူးရိန် ၁၂/ကမရ(နိုင်)၀၂၃၂၉၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၄၈၇၉၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂) ရပ်ကွက်၊ အောင်မြေသာစည်လမ်း၊ ငါးထပ်ရှိသော အမှတ် ၁၀၆၊ ငါးလွှာ၊ အခန်း ၄၀၁၊ အကျယ်အဝန်း ပေ (၁၈×၃၆)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားချက်အရပ်ရပ်အားလုံးတို့သည် ဒေါ်နှင်းလဲ့ထွန်း ၁၂/လမန(နိုင်)၀၁၇၇၃၄ မှ အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းပြီး လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအားလက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူထံမှ ဝယ်ယူရန်အတွက် ကျွန်မ ဒေါ်ဂလေရာမန်ဆွိသန်း ၄/ဟခန(နိုင်) ၀၃၈၂၃၅ က စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မည့် တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများသည် ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဂလေရာမန်ဆွိသန်း**
**ဖုန်း-၀၉-၉၆၁၀၆၂၂၂၀**
**Email-maiclaratang @ gmail.com**
**လိပ်စာ- အမှတ် ၁၇၊ ငါးလွှာ၊ မင်းလမ်း၊ (၁၃) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ဃ/၆၉၄၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးစည်သူ ၇/ပတတ(နိုင်) ၀၉၆၆၆၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း** ယာဉ်အမှတ် 7J/6158 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊တိုင်းရုံး (ပဲခူး)**

## အမည်ပြောင်း

ဦးကိုမြင့်- ဒေါ်လှလှသန်းတို့၏သား သာပေါင်းမြို့နယ်၊ ရှမ္မမြောင် (အလက) တတိယတန်းမှ မောင်သော်ဇင်ခန့်အား မောင်သော်ဇင်ထွဋ်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သော်ဇင်ထွဋ်**

## အမည်ပြောင်း

ဦးညိမ်းချမ်းကျော်၏သမီး ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့၊ (၉) ရပ်ကွက်၊ ဖအောင် ဝဲရွာလယ် အလက(ခွဲ) ပဥ္စမတန်းမှ မယွန်းပန်းအိမ်အား မအိမ့်သက်မှူးခင်ဟု ပြောင်းလဲခေါ်ပါရန်။

**မအိမ့်သက်မှူးခင်**

## အမည်မှန်

ဓနုဖြူမြို့နယ် အုပ်ချုပ်မှုအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၏ အစောင့်ဝန်ထမ်းဖြစ်သည့် ဦးအောင်ဆန်း၏ အမည်မှန်မှာ ဦးအောင်ဆန်းဦး ၁၄/ဓနဖ(နိုင်)၀၃၆၄၆၅ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဦး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/9813 ၏ ဖောင်းကြွ နံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

# အောင်လံ-သမ္ဘုလ ကားလမ်းပေါ်ရှိ ကွန်ကရစ်တံတား ရေတိုက်စား၍ပြိုကျ

**အောင်လံ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၁ နာရီခန့်က အောင်လံမြို့၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ အောင်လံ-သမ္ဘုလကားလမ်းပေါ်ရှိ စမ်းကလေးကျေးရွာအနီး အလျား ၄၅ ပေ၊ အနံ ၁၈ ပေ၊အမြင့် ၁၃ ပေရှိ ကွန်ကရစ်တံတားမှာ မိုးရွာသွန်းမှု များပြားသဖြင့် ရေတိုက်စားပြီး လုံးဝ ပြိုကျပျက်စီးခဲ့သည်။ ထို့ကြောင့် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတိုးကြည်နှင့်ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ အရာရှိများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ လာရောက်၍ ကားများ၊ ဆိုင်ကယ်များ ဆက်လက်ဆက်သွယ် သွားလာနိုင်ရေးအတွက် တံတားဘေးချောင်းအတွင်း မြေထိုးစက်ဖြင့် ယာယီလမ်းဖောက်၍ ဆောင်ရွက်ထားရှိသဖြင့် ယခုအခါ အရှိန်အဟုန်မပျက် ဆက်သွယ်သွားလာနိုင်ကြပြီဖြစ်ကြောင်းသိရသည်။

**သိန်းလွင်(ပြန်/ဆက်)**



# ကျောချောင်းတစ်ဖက်ကမ်းကျေးရွာရှိ ခရီးသွားပြည်သူများ ဗောကွင်းဖောင်များဖြင့် ဖြတ်သန်းသွားလာနေရ

**ပေါက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ အဓိကချောင်းမကြီးနှစ်ခုဖြစ်သည့် ယော ချောင်းနှင့် ကျောချောင်းတည်ရှိရာ ယောချောင်းဘေးတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများသည် နိုင်ငံတော်မှ တံတားကြီးနှစ်စင်း တည်ဆောက်ပေးထားသည့်အတွက် မြို့ပေါ်သွားလာရေး အဆင်ပြေသော်လည်း ကျောချောင်းဘေးတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများမှာ မိုးတွင်းကာလ ရေကြီးချိန်တွင် သွားလာရေးအခက်အခဲ ဖြစ်ပေါ်လျက်ရှိသည်။ ကျောချောင်းဘေးရှိ မြောက်ဘက်ကျေးရွာ၊ ရွှေဘုံသာကျေးရွာ၊ ကျောက်တန်းကျေးရွာမှ ခရီးသွားပြည်သူများ မိမိတို့၏ စီးပွားရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များနှင့်ပတ်သက်၍ ပေါက်မြို့ပေါ်သို့ လာရောက်သည့်အခါ ကားတာယာလေလုံးနှင့် ဝါးများဖွဲ့စည်းထားသည့် ဗောကွင်းဖောင်များဖြင့် ဖြတ်သန်းသွားလာနေရကြောင်း သိရသည်။

ထိုသို့ ဖြတ်သန်းသွားလာရာတွင် မြောက်ဘက်ကျေးရွာမှ ပရဟိတစေတနာရှင်လူငယ်အဖွဲ့က အလှည့်ကျပို့ဆောင်ပေးလျက်ရှိရာ ခရီးသွားပြည်သူများက မိမိတို့သဒ္ဓါစိတ်ရှိသလောက် ပြန်လည်ကူညီကြပြီး ရရှိလာသည့် အလှူငွေများကို မိမိကျေးရွာအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် နွေရာသီပေါက်မြို့ပေါ်သို့ အများပြည်သူများ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်ရေးအတွက် လူကူးဝါးတံတားတည်ဆောက်ရန်ဖြစ်ကြောင်း မြောက်ဘက်ကျေးရွာနေ ပရဟိတလူငယ်တစ်ဦး၏ ပြောပြချက်အရ သိရသည်။ **ဉာဏ်တိုး(ပေါက်)**

# နတ်မောက်မြို့နယ်တွင် မိုးကြီး၍ နေအိမ်များရေနစ်မြုပ်

**နတ်မောက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် န/ကျားထူးအုပ်စု ဘူတာကျေးရွာတွင် နိုဝင်ဘာ ၁၀ ရက် ညသန်းခေါင်ခန့်က ရွာသွန်းခဲ့သည့်မိုးကြောင့် အိမ်ခြေ ၄၅ အိမ်ခန့် ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာကို နိုဝင်ဘာ ၁၁ ရက်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသောင်းရွှေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်နှင့် မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက လာရောက်ကြည့်ရှုခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာပြည်သူများနှင့်အတူ ရေမြောင်းများ ဖောက်ပေးခြင်း၊ နွားနှင့်ဆိတ်များကို ရေလွတ်သည့်နေရာများသို့ သွားရောက်ထားရှိခြင်းတို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**လှဝင်း(နတ်မောက်)**

# မိုင်းယောင်းမြို့နယ်၌ မိုးအဆက်မပြတ် ရွာသွန်း ချောင်းရေလျှံမှုကြောင့် လူနေအိမ်လေးလုံးပျက်စီး

**မိုင်းယောင်း နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် နိုဝင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နမ့်ယောင်းချောင်းရေကြီးရေလျှံမှု ဖြစ်ပေါ်ပြီး မုန်းလိုက်ကျေးရွာအုပ်စု မိုင်းဟန်ကျေးရွာ၌ လူနေအိမ်သုံးလုံး ရေနစ်မြုပ်ပျက်စီးခြင်း၊ နေအိမ်တစ်လုံး ရေမျောပါခြင်းနှင့် အီတန်ယာဉ် တစ်စီး ပျက်စီးဆုံးရှုံးခြင်းတို့ဖြစ်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှု ဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ သွားရောက်ဆောင်ရွက်ပေးပြီး ရေဘေးသင့် အိမ်ထောင်စုလေးစုအား ကျေးရွာရှိ နီးစပ်ရာဆွေမျိုးနေအိမ်များ၌ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနှင့်တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

# တောင်သာမြို့နယ်၌ မိုးရွာနေစဉ် အုတ်တံတိုင်း အခန်း ၅၀ ကျော် ပြိုကျ

**တောင်သာ နိုဝင်ဘာ ၁၁**

တောင်သာမြို့နယ်၌ မိုးများအဆက်မပြတ်ရွာသွန်းသဖြင့် နိုဝင်ဘာ ၉ ရက် နံနက် ၃ နာရီခန့်က တောင်သာ အထက မြောက်ဘက် အကျယ် ၆ ပေ၊ အမြင့် ၆ ပေရှိ အုတ်တံတိုင်းအခန်း ၅၅ ခန်း နေရာ သုံးနေရာ၌ ပြိုကျပျက်စီးခဲ့သည်။

အဆိုပါရက်တွင် မိုးရေချိန်လက်မမှာ ၃ ဒသမ ၉၅ အထိရှိခဲ့ပြီး အုတ်တံတိုင်းများ၏ ကြံ့ခိုင်မှုအားနည်းခြင်း၊ ကျောင်းဝင်းအတွင်း ရေစီးရေလာ ရေထွက်ပေါက် မကောင်းခြင်း၊ လမ်းသွယ်ဘက်၌ ရေဝပ်အားများပြီး ရေစီးဆင်းမှု အဆင်မပြေခြင်းနှင့် ရေမြောင်းဖောက်ရန် လိုအပ်နေခြင်းများရှိနေကြောင်း သိရသည်။

**လင်းလက်ကြယ် (တောင်သာ)**


## ပြည်ထဲရေးဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သော ရဲတပ်ဖွဲ့သုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ ဝယ်ယူရန် ဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်မှာ ၁၆-၁၁-၂၀၁၆ ရက် (ဗုဒ္ဓဟူးနေ့) မှ ၂၁-၁၁-၂၀၁၆ရက် (တနင်္လာနေ့)အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ရက်မှာ ၂၅-၁၁-၂၀၁၆ ရက် (သောကြာနေ့) ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား(၁)စောင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးတွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိလိုပါက ဖုန်း-၀၆၇-၅၅၀၁၉၃၊ ၀၆၇-၅၅၀၂၀၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြေငြာခြင်း

၁။ မြန်မာ့မီးရထားမှပြန်လည်အသုံးပြု၍မရတော့သည့်အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်လေလံတင်ရောင်းချပါမည်-

| စဉ် | ပစ္စည်းအမျိုးအမည် | တည်နေရာ | အရေအတွက် |
| --- | --- | --- | --- |
| ၁။ | ချောဆီပျက် | မလွှကုန်းဒီဇယ်စက်ရုံ | (၇၉၂၈)ဂါလံ |
| ၂။ | ချောဆီပျက် | အင်းစိန်ဒီဇယ်စက်ရုံ | (၅၇၂၂)ဂါလံ |

တင်ဒါပိတ်ရက်/ အချိန် -၂၈.၁၁.၂၀၁၆(တနင်္လာနေ့)(၁၂း၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၅.၁၁.၂၀၁၆) ရက်နေ့မှစ၍ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား ကုန်သည်လမ်း၊ (၅၁)လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၉၁၉၉၁၊ ၂၉၁၉၉၄

## ကြေညာချက်

၁၉-၁၀-၂၀၁၆ ရက်ထုတ် အာရုဏ်ဦးဂျာနယ်ပါ အင်တာဗျူးနှင့်ပတ်သက်၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဂုဏ်ဒြပ်သိက္ခာကို ထိခိုက်စေခြင်းဖြစ်ပေါ်ခဲ့ပါ၍ တရားဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်သော်လည်း ယနေ့ ၉-၁၁-၂၀၁၆ ရက်တွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကကြီးများ၊ ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့်ဒါရိုက်တာ မောင်မျိုးမင်း(ရင်တွင်းဖြစ်)တို့တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ဒါရိုက်တာမောင်မျိုးမင်း(ရင်တွင်းဖြစ်)မှ ၄င်းပြောဆိုဖြေကြားခဲ့သော စကားရပ်များသည် ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဂုဏ်ဒြပ်သိက္ခာများကို ထိခိုက်စေခဲ့ပါသဖြင့် နာယကကြီးများ၏ ဆန္ဒသဘောထားအရလည်းကောင်း၊ လောကသားအချင်းချင်းစည်းလုံးညီညွတ်ရေးကို ရှေးရှု၍လည်းကောင်း၊ မိမိကိုယ်တိုင်ဖြေကြားခဲ့သော စကားရပ်များကို မိမိကိုယ်တိုင်ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှလည်း တရားစွဲဆိုထားသောကိစ္စများကို ပြန်လည်ရုပ်သိမ်းပေးပါမည့်အကြောင်း နာယကကြီးများ ရှေ့မှောက်တွင် နှစ်ဖက်သဘောတူ၍ ဤကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

**အစည်းအဝေးတက်ရောက်သူများ**

**နာယက** - **ဗိုလ်ကလေးဦးတင့်အောင်၊ ပန်းချီဦးစိုးမိုး၊ ဦးနှင်းမိုး၊ ဦးဌေးအောင်**

**အမှုဆောင်များ** - **ဦးအေးကြူလေး၊ ဦးဘုန်းမော်၊ ဦးခင်မောင်ချင်း၊ ဦးတင်ငြိမ်း၊ ဦးကျော်ညွန့်၊ ဒေါ်ယဉ်ယဉ်လှဲ့**

**သရုပ်ဆောင်** - **ဦးပြေတီဦး**



(လူမင်း)
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ဒါရိုက်တာ
မောင်မျိုးမင်း(ရင်တွင်းဖြစ်)

## ကားငှားလိုသည်
**ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ**
ဖုန်း - ၀၉ - ၂၅၀၅၃၀၀၀၄
၀၉ - ၂၆၀၃၆၀၀၀၆

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၇၄၇၂၇ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

မော်တော်ယာဉ်/မော်တော်ဆိုင်ကယ် အမှတ် ၄၂ယ/၇၈၁၃၈ Dayang 125 ဆိုင်ကယ်လက်ဝယ်ရှိသူ Sabi Thim Co., Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၀ယ/၈၉၆၇၉ Kenbo-125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စုစုဌေး ၈/ရစက(နိုင်)၀၀၇၀၇၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**




## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၃၇၃ကိုမူလအမည်ပေါက် ဗိုလ်မှူးခင်မောင်ကျော်ကိုယ်စား ဦးစိန်လှမောင်မှ မြေပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် မြေချပါမစ် (အိမ်ရာဆောက်လုပ်ခွင့်၊ မှီခိုသူစာရင်း) ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**မြေယာရုံးခွဲ(၅)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ခရီးသည်တင်ယာဉ်လေးစီး ဆင့်ကဲတိုက်မှု လှည်းတန်းမီးပွိုင့်အနီးဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ကမာရွတ်မြို့နယ် လှည်းတန်းမီးပွိုင့်အနီးတွင် ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က ခရီးသည်တင် မော်တော်ယာဉ်လေးစီး ဆင့်ကဲတိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှုမှာ ရန်ကုန်-အင်းစိန်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ခရီးသည်တင် မြောက်ပိုင်းခရိုင် (၁၂၄)(လော့ကား) ယာဉ်လိုင်းမှ ယာဉ်အမှတ် 3C/3203 က ရှေ့မှမောင်းနှင်နေသော (၄၅) ယာဉ်လိုင်းမှ ယာဉ်အမှတ် 4B/ 6433၊(၁၂၄) (လော့ကား)ယာဉ်လိုင်းမှ ယာဉ်အမှတ် 2C/9644 နှင့် (၁၂၄) (လိုင်သာယာ) ယာဉ်လိုင်းမှ ယာဉ်အမှတ် 9D/ 2504 တို့ကို အရှိန်မထိန်းနိုင်ဘဲ ဆင့်ကဲတိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။



(၁၂၄) ယာဉ်လိုင်းမှ ယာဉ်မောင်းကို ယာဉ်မောင်းခန်းမှ ဆွဲထုတ်ရန် ကယ်ဆယ်ရေးအဖွဲ့များက ကြိုးစားနေမှုကို တွေ့ရစဉ်



(၁၂၄) ယာဉ်လိုင်း မှ ယာဉ်မောင်းကို ဆွဲထုတ်ပြီးနောက် မော်တော်ယာဉ်အား တွေ့မြင်ရစဉ်

ယာဉ်တိုက်မှုကြောင့် ခရီးသည် ၁၀ ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ရာ ဆေးရုံသို့ တင်ပို့ထားကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ နောက်ဆုံးမှ ဝင်ရောက်တိုက်မိခဲ့သော (၁၂၄) ယာဉ်လိုင်း၊ ယာဉ်အမှတ် 3C/ 3203 မှ ယာဉ်မောင်းသူကိုလည်း ကယ်ဆယ်ရေးအဖွဲ့များက တစ်နာရီနီးပါးခန့်ကြာအောင် ယာဉ်မောင်းခန်းမှ ခက်ခဲစွာ ဆွဲထုတ်ကာ ဆေးရုံသို့ တင်ပို့ခဲ့ရသည်။

ယာဉ်တိုက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ လိုအပ်သော စုံစမ်းစစ်ဆေးမှုများကို ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# TNLA လက်နက်ကိုင်အဖွဲ့မှ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်း ဗုံးသီးပေါက်ကွဲ၊ ကလေးငယ်တစ်ဦး ဗုံးစထိမှန် ဒဏ်ရာရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ခမ်းမြို့နယ် လွယ်ဟောင်ကျေးရွာအနီး၌ တပ်မတော်စစ်ကြောင်းများက နိုဝင်ဘာ ၁၀ ရက် မွန်းလွဲပိုင်းက နယ်မြေရှင်းလင်း စဉ် TNLA လက်နက်ကိုင်အဖွဲ့မှ အင်အား ၄၀ ခန့်နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး TNLA လက်နက်ကိုင်အဖွဲ့ထံမှ အမ် ၂၂ သေနတ်တစ်လက်၊ ကျည်အိမ်နှစ်ခု၊ ကျည်အတောင့် ၃၀၊ အာပီဂျီ ဒုံးသီးတစ်လုံး၊ လမ်းလျှောက်စကားပြောစက် တစ်လုံး၊ TNLA တံဆိပ်ပါ ပြောက်ကျား ယူနီဖောင်းနှစ်စုံတို့အား သိမ်းဆည်းရမိ ခဲ့သည်။

TNLA လက်နက်ကိုင်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲခန့်တွင် နမ့်ခမ်းမြို့နယ် မိုင်းဝီးကျေးရွာအနီး တပ်မတော်စစ်ကြောင်း နေရာယူထားသည့် မုံးဝီးစခန်း၏ အရှေ့မြောက်ဘက်မှ လက်နက် ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ခဲ့ရာ တပ်မတော်စစ်ကြောင်းမှ ပြန်လည်ပစ်ခတ်သဖြင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ် ခန့်တွင် ပြန်လည်ဆုတ်ခွာသွားသည်။

TNLA လက်နက်ကိုင်အဖွဲ့မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာအတွင်း နေအိမ်များအနီး လမ်းပေါ်သို့ ဗုံးသီးတစ်လုံး ကျရောက်ပေါက်ကွဲခဲ့သဖြင့် နေအိမ်၏ရှေ့၌ ဆော့ ကစားနေသည့် အသက်ကိုးနှစ်အရွယ် မောင်ကျော်မအောင်(ဘ) ဦးအိုက်စိုင်း၏ ညာဘက်ပေါင်တွင် လက်နက်ကြီးအစ ထိမှန် (စိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ လက်နက်ကြီးအစ ထိမှန် ဒဏ်ရာရရှိခဲ့သော မောင်ကျော်မအောင်အား တပ်မတော်စစ်ကြောင်းမှ လိုအပ်သည့် ဆေးကုသမှုများ ဆောင်ရွက်ပေးပြီး မုံးဝီး တိုက်နယ်ဆေးရုံသို့ လွှဲပြောင်းကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

**မင်းဘာဝ မင်းမိသားစု၊ မင်းပတ်ဝန်းကျင်လုံခြုံဖို့ မူးယစ်ဆေးကို ရှောင်ရှားစို့**

# အမှုနှင့်မဆိုင်၍ လွတ်ခဲ့သူ နှစ်ဦးကို နောက်ဆက်တွဲအမှုကြောင့် ပြန်လည်ဖမ်းဆီးခဲ့ရ

**မိတ္ထီလာ နိုဝင်ဘာ ၁၁**

မိတ္ထီလာတစ်မြို့လုံးက စိတ်ဝင်စားနေသည့် မိတ္ထီလာမြို့ပေါ်မှ ဆိုင်ကယ် ၂၃ စီး ခိုးယူခဲ့သည့် ဝန်ဇင်းရပ်ကွက်နေ ချစ်မင်းစိုး (၃၃ နှစ်)၊ ဇော်ဝင်းထိုက်(၂၀ နှစ်)၊ ရတနာမာရ်အောင် ရပ်ကွက်နေ မြင့်စိုး(၅၅ နှစ်)နှင့် ခိုးရာပါဆိုင်ကယ်လက်ခံသူ တောင်ကြီးမြို့နေ အောင်အောင်(ခ)ကိုမင်း (၃၂ နှစ်)တို့အား မြို့နယ်တရားရုံး၌ နိုဝင်ဘာ ၉ ရက်က အမှုစတင်လက်ခံခဲ့သည်။ ၄င်းတို့ကို မြို့နယ်တရားရုံးသို့ အမှတ်(၃) ရဲစခန်းမှူး ဒုရဲအုပ် ဇော်လွင်က တာဝန်ယူ၍ မြို့နယ်တရားရုံးအချုပ်သို့ ပို့ဆောင်ခဲ့သည်။

မိတ္ထီလာမြို့နယ် တရားရုံးက ဆိုင်ကယ်ခိုးမှုများထဲမှ အမှတ်(၃)ရဲစခန်း (ပ) ၄၈/ ၂၀၁၆ ပုဒ်မ-၃၈၀ အမှုကို တရားရုံး ရာကြီးမှု အမှတ်-၁၄၁၂ ဖြင့် လက်ခံကြားနာခဲ့ပြီး ချစ်မင်းစိုးနှင့် ဇော်ဝင်းထိုက်တို့ကိုသာ တရားစွဲဆိုခဲ့သည်။ ကျန်သူများဖြစ်သည့် မြင့်စိုးနှင့် အောင်အောင်(ခ) ကိုမင်းတို့မှာ ထိုအမှုထဲတွင် မပါဝင်သဖြင့် လွတ်ပြီဆိုကာ တရားရုံးမှ မိမိနေအိမ်များသို့ ပြန်သွားခဲ့ကြသည်။

ဤကဲ့သို့ ဆိုင်ကယ်ခိုးမှုများတွင် မပါဝင်သော မြင့်စိုးနှင့် အောင်အောင်တို့မှာ နောက်ဆိုင်ကယ်ခိုးမှုများတွင် ပါဝင်နေသဖြင့် အမှုဆက်လက်ရင်ဆိုင်ရန် နိုဝင်ဘာ ၉ ရက် ညက မြင့်စိုးအား ရတနာမာရ်အောင်ရပ်ကွက် နေအိမ်တွင် လည်းကောင်း၊ တောင်ကြီးသို့ပြန်သွားသည့် ခိုးရာပါဆိုင်ကယ် လက်ခံသည့် အောင်အောင်(ခ) ကိုမင်းအား နိုဝင်ဘာ ၁၀ ရက်က တောင်ကြီးမြို့သို့လည်းကောင်း သွားရောက်၍ အချိန်မီပြန်လည်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**

# ရန်ကုန် - နေပြည်တော် အမြန်လမ်း၌ အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်

**ကျောက်တံခါး နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-နေပြည်တော် အမြန်လမ်း မိုင်တိုင်အမှတ် (၇၉/၀-၁) ကြားတွင် နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီက ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားခဲ့သည်။

နေပြည်တော်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ညီညီထွန်း(၃၉ နှစ်) ဝမ်းတွင်းမြို့နယ်နေသူ မောင်းနှင်သည့် မစ်ဆူဘီရှီကင်တာယာဉ်သည် လမ်းလယ်ကျွန်းရှိကပ်တုံး အားဝင်ရောက်တိုက်မိကာ အရှိန်မထိန်းနိုင်ဘဲ ယာဘက်သို့ တိမ်းမှောက်ခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့တွင် ထိခိုက်ဒဏ်ရာ မရရှိကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကျောက်တံခါးမြို့နယ် မြို့ချောင်းအမြန်လမ်း ရဲစခန်းက ယာဉ်မောင်းအား အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**




**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကုသရေးဦးစီးဌာန၊ အထွေထွေရောဂါကုဆေးရုံကြီး၊ မိတ္ထီလာမြို့တွင် တက်ရောက် ကုသလျက်ရှိသော လူနာများအားကုသပေးရန် လိုအပ်သော (FDA) အသိအမှတ်ပြု ဆေးဝါး၊ ဆေးပစ္စည်း၊ ဓာတ်ခွဲနှင့် ဓာတ်မှန် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ လိုင်စင်ရ ဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၁၁-၂၀၁၆ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့် အချိန်** - ၁၄-၁၂-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်ဆေးဝါးများစာရင်း အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာအတိုင်း ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဝယ်ယူရေးလုပ်ငန်းကော်မတီ**
**အထွေထွေရောဂါကုဆေးရုံကြီး (မိတ္ထီလာ)**
**မန္တလေးတိုင်းဒေသကြီး**
**ဖုန်း-၀၆၄-၂၃၀၀၄**



**အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်**
**၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း**
**အခမ်းအနားသို့တက်ရောက်ရန် ဖိတ်ကြားခြင်း**

၂၀၁၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း ၈၅ဒသမ၈၄ ရာခိုင်နှုန်းဖြင့် ထူးချွန်စွာအောင်မြင်ကြပြီး မြန်မာတစ်နိုင်ငံလုံးအဆင့် ဒုတိယနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဒုတိယရရှိသူ တစ်ဦး၊ မြန်မာတစ်နိုင်ငံလုံးအဆင့် သတ္တမနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် သတ္တမရရှိသူ တစ်ဦး၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဒသမအဆင့်ရရှိသူတစ်ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ၇၅ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၅ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၇၈ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၆၂ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၅၀၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၇ဦး စုစုပေါင်းဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူ ၄၀၇ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၀-၁၁-၂၀၁၆ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ဒဂုံသီရိခန်းမ၊ အထက (၁)ဒဂုံ

**မှတ်ချက်။** ။ ကျောင်းသား ကျောင်းသူများ ဆုပေးပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ၁၈-၁၁-၂၀၁၆ရက် (သောကြာနေ့)တွင် ဆုယူခြင်း၊ အစမ်းလေ့ကျင့်ရန် ဒဂုံသီရိခန်းမသို့ နံနက် ၉ နာရီ အရောက် လာကြပါရန်။

**မိဘဆရာအသင်း**
**အထက(၁) ဒဂုံ**



**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀**
**အမရပူရမြို့နယ်တရားရုံး**
**၂၀၁၆ ခုနှစ် တရားမကြီးအမှုအမှတ်-၁၀၂**

၁။ ဦးကံထွန်း နှင့် ဦးထွေးမြင့်
၂။ မငြိမ်းငြိမ်းစိုး
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက် (ယခုနေရပ်လိပ်စာ မသိသူ) ဦးထွေးမြင့် သိစေရမည်။

သင့်အပေါ်၌ တရားလိုများဖြစ်ကြသော ဦးကံထွန်း၊ မငြိမ်းငြိမ်းစိုးက စာချုပ်အသစ်ချုပ်ဆိုပေးစေလိုမှုနှင့် မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက် (၁၃၇၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၅ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများစွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာစေရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုစွဲဆိုသည့် အမှုအကြောင်းအရာနှင့်ပတ်သက်၍ သင်ကထုချေအမီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးလိုက်ရမည်။ သင်ကထုချေတင်သွင်းလိုလျှင် အမှုမဆိုင်မီနေ့ရက်က တင်သွင်းရမည်။

၂၀၁၆ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

**(ခင်မြင့်လွင်)**
**မြို့နယ်တရားသူကြီး**
**အမရပူရမြို့နယ်တရားရုံး**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 7J/4579 Nissan AD VY 12,S/W(4x2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထိုက်ထိုက်ဝင်း ၉/ခမစ(နိုင်)၀၄၇၆၉၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၄ယ/၆၉၂၈ New Canbo -110 ,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုလေး ၉/မနမ(နိုင်)၀၇၇၆၉၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**



**ပုံစံ(၁) လျှောက်ထားခြင်း**

ယာဉ်အမှတ် 5K-6066 ၏ အခွန်ပေးဆောင်ပြီးကြောင်း ပုံစံ(၁)141308 အစိမ်းပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားကြောင်းဖြစ်ပါသဖြင့် ယခင်ပုံစံ(၁) ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးယောဆို (မိုးကုတ်မြို့)**

# ပြည်ပနိုင်ငံများတွင် မြန်မာ့ရိုးရာဝိုင်းဖွဲ့ခြင်းလုံးခတ်အားကစား တိုးတက်ပြန့်ပွားရေး ငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာများ ကူညီထောက်ပံ့

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**

**ဓာတ်ပုံ- မင်းထက်**

**ရန်ကုန် နိုဝင်ဘာ ၁၁**

မြန်မာ့ရိုးရာ ဝိုင်းဖွဲ့ခြင်းလုံးခတ်အားကစား တိုးတက်ပြန့်ပွားရေး အိမ်နီးချင်းပြည်ပနိုင်ငံများဖြစ်သည့် လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများအား မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ ငွေကြေးနှင့် နည်းပညာပိုင်းဆိုင်ရာများကို နိုဝင်ဘာ ၇ ရက်မှ ၁၁ အတွင်း သွားရောက်ကာ ကူညီထောက်ပံ့ပေးခဲ့ကြောင်း မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်မှ သိရသည်။

မြန်မာ့ရိုးရာ ဝိုင်းဖွဲ့ခြင်းလုံးခတ်အားကစား တိုးတက်ပြန့်ပွားရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ဝိုင်းဖွဲ့ခြင်းလုံးခတ် အားကစားပြိုင်ပွဲများ စဉ်ဆက်မပြတ် ပါဝင်နိုင်ရေး အိမ်နီးချင်းနိုင်ငံများနှင့် ပြည်ပနိုင်ငံများ စည်းရုံးရေးခရီးတွင် ယခုကဲ့သို့ လာအိုနိုင်ငံခြင်းလုံးအဖွဲ့အား မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ်က ငွေကြေး၊ နည်းပညာနှင့် ရိုးရာခြင်းလုံးများ ကူညီထောက်ပံ့ပေးခဲ့ခြင်း ဖြစ်သည်။ အဆိုပါ မြန်မာ့ရိုးရာ ဝိုင်းဖွဲ့ခြင်းလုံးခတ်အားကစား တိုးတက်ပြန့်ပွားရေးခရီးစဉ်တွင် မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ် အကြံပေး၊ အာရှခြင်းလုံးအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးပြည့်စုံမြင့် ဦးဆောင်ကာ နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုအဖွဲ့အနေဖြင့် ဦးအေးသောင်းနှင့် ဦးလှမင်းတို့ လိုက်ပါ သွားသည့်အဖွဲ့သည် နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ အိမ်နီးချင်း လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ သွားရောက်ခဲ့သည်။



**လာအိုနိုင်ငံခြင်းလုံးဖွဲ့ချုပ်သို့ ငွေကြေးနှင့် ရိုးရာခြင်းလုံးများကူညီထောက်ပံ့ပေးနေစဉ်**

"အခု မြန်မာ့ရိုးရာ ဝိုင်းဖွဲ့ခြင်းလုံးခတ်အားကစား တိုးတက်ပြန့်ပွားရေးခရီးစဉ်မှာ ကျွန်တော်တို့ မြန်မာ့ရိုးရာ ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကြီးက အမေရိကန်ဒေါ်လာ ၁၀၀၀၀ နဲ့ ရိုးရာခြင်းလုံးတွေကို လာအိုနိုင်ငံမှာ ရိုးရာခြင်းလုံးအဖွဲ့ချုပ် ဖွဲ့စည်းဖို့နဲ့ နည်းပညာပိုင်းဆိုင်ရာအတွက် ကူညီထောက်ပံ့ပေးတာ ဖြစ်တယ်။ ကမ္ဘောဒီးယားနိုင်ငံကိုလည်း နည်းပညာပိုင်းဆိုင်ရာ ကူညီထောက်ပံ့ပေးဖို့ သွားရောက်ခဲ့ပြီး ဒီဇင်ဘာ ၁၂ ရက်မှာလည်း အလားတူခရီးစဉ်မျိုး ဖိလစ်ပိုင်နိုင်ငံကို သွားရောက်ဖို့ စီစဉ်ထားပါသေးတယ်"ဟု မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုအောင်က ပြောသည်။

ယင်းခရီးစဉ်သည် မလေးရှားနိုင်ငံတွင် ကျင်းပမည့် (၂၉) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ရိုးရာခြင်းလုံးခတ်အားကစားနည်း ထည့်သွင်းကျင်းပရန် ပြိုင်ပွဲကျင်းပရေးကော်မတီက ခွင့်ပြုပြီးဖြစ်သော်လည်း ပြိုင်ပွဲဝင် ငါးနိုင်ငံ ပါဝင်ယှဉ်ပြိုင်မှသာလျှင် ပြိုင်ပွဲဖြစ်မြောက်မည် ဖြစ်သည့်အတွက် ယခုကဲ့သို့ ငွေကြေးပိုင်းဆိုင်ရာနှင့် အားကစားပစ္စည်းပိုင်းဆိုင်ရာတို့ကို အိမ်နီးချင်းနိုင်ငံများသို့ ကူညီထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာ့ရိုးရာ ခြင်းလုံးခတ်အားကစားကို အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် အားကစားအသွင် စဉ်ဆက်မပြတ် ဆက်လက်ပါဝင်နိုင်ရေး၊ ယင်းအပြင် အာရှနှင့် အိုလံပစ်အားကစားစာရင်းဝင်အဖြစ် ရောက်ရှိနိုင်ရေးနှင့် ဒေသတွင်း မိတ်ဖက်နိုင်ငံများတွင် ခြင်းလုံးအဖွဲ့ချုပ်များ သီးသန့်ဖွဲ့စည်းပေးနိုင်ရေးအတွက် ယခုကဲ့သို့ သွားရောက်စည်းရုံး ကြိုးပမ်းရခြင်းဖြစ်ကြောင်း သိရသည်။

# မင်္ဂလာဆောင်၌ လူ ၁၃၀ ကျော် အစာအဆိပ်သင့်မှုဖြစ်ပွား

ကန့်ဘလူ နိုဝင်ဘာ ၁၁

**စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ဇီးကနားကျေးရွာအုပ်စု လျှော်ဖြူကုန်းကျေးရွာတွင် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက မင်္ဂလာဆောင်၌ ဧည့်သည်များကို ထမင်းဖြင့်ဧည့်ခံကျွေးမွေးရာ ကျေးရွာသူ ကျေးရွာသားများ အစာအဆိပ်သင့်ပြီး အော့အန်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။**

အဆိုပါ မင်္ဂလာဆောင်ဧည့်ခံပွဲသို့ လာရောက်ကြသော ဇီးကနားကျေးရွာနှင့် လျှော်ဖြူကုန်းကျေးရွာတို့မှ အမျိုးသား ၇၈ ဦး၊ အမျိုးသမီး ၅၄ ဦး၊ စုစုပေါင်း ၁၃၂ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားခဲ့ပြီး လျှော်ဖြူကုန်းကျေးရွာဘုန်းကြီးကျောင်းတွင် ကျန်းမာရေးဆေးခန်းဖွင့်လှစ်၍ ချပ်သင်းတိုက်နယ်ဆရာဝန် ဒေါက်တာ ကျော်မျိုးအောင်နှင့် ကျန်းမာရေးဝန်ထမ်း ၁၁ ဦး၊ ကန့်ဘလူမြို့ ခုတင် (၁၀၀)ဆံ့ ဆေးရုံမှ လက်ထောက်ဆရာဝန် ဒေါက်တာ အုပ်စိုးလင်းနှင့် ကျန်းမာရေး ဝန်ထမ်း ငါးဦးတို့က လူနာများအား ကျန်းမာရေးပြုစုစောင့်ရှောက်ပေးလျက် ရှိသည်။ **(ယာပုံ)**

ယင်းအစာအဆိပ်သင့်မှု ဖြစ်ပွားရာသို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးသက်လွင်၊ မြို့နယ် စီ/ခန့်ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်ဇော်တို့က ကြီးကြပ်၍ ကိုးထောင်ဘို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရဲကင်းစခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဝန်ထမ်းများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ရာ ညနေ ၅ နာရီတွင် ကျန်းမာရေးကောင်းမွန်သွားသဖြင့် ၎င်းတို့လိုရာသို့ ပြန်သွားကြပြီဖြစ်ကြောင်းနှင့် အစာအဆိပ်သင့်မှု ဖြစ်ပွားစေခဲ့သော ထမင်းဟင်းများကို ထုပ်ပိုးပြီး ကျန်းမာရေးဌာနမှ ဓာတုဗေဒဌာနသို့ ပို့အပ်ထင်မြင်ချက် တောင်းခံသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဖြစ်ပွားရခြင်းမှာ ဧည့်ခံကျွေးမွေးသော ပဲပြုတ်သည် နှစ်ချို့ပဲများဖြစ်ပြီး တာရှည်ခံဆေးများ ဖြန်းထားပြီး ရေစင်အောင် မဆေးခြင်းကြောင့်လည်းကောင်း၊ ချဉ်ရည်ဟင်းတွင် ပါဝင်သော ချဉ်ပေါင်ရွက်၊ ဆလတ်ရွက်၊ ကန်စွန်းရွက်၊ ရုံးပတီသီးများတွင် ဆေးဖျန်းမှုကြောင့် ရေပြောင်အောင် မဆေးသဖြင့်လည်းကောင်း အစာအဆိပ်သင့်မှုဖြစ်နိုင်ကြောင်း ဝိုင်းဝန်းပြုစုသူတစ်ဦးက သုံးသပ်ပြောကြားသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



## မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးစံဖေ-ဒေါ်အေးမျှင်)နှင့်[ဦးအောင်ခင်(ရိုးမဘဏ်ဥက္ကဋ္ဌ)]-ဒေါ်ကြည်လေးတို့၏မြေး၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မေလိခလမ်း၊ အမှတ်(၂/က)နေ ဦးတင်အုန်း (အုပ်ချုပ်မှုဒါရိုက်တာ H.N.D.Co.,Ltd. Yoma Jewellery)-ဒေါ်မိမိခင်တို့၏သားလတ်

**မောင်နေသွေး**
**Business in Commerce(Marketing Management)Kaplan Higher Education Academy Singapore**

နှင့်

ရန်ကုန်မြို့နေ
(ဒုတိယဗိုလ်မှူးကြီး ဗေယျကျော်ထင်ဇော်ဝင်း-ဒေါ်မြဥမ်း)နှင့်(ဦးဘိုးဘ)-ဒေါ်ကံတို့၏မြေး၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကန်လမ်း၊ အမှတ် ၈၁နေ ဒုတိယဗိုလ်မှူးကြီးအောင်ဇော်ဝင်း(ငြိမ်း) ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) (ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)-ဒေါ်ခင်ဆွေမြင့် တို့၏ တစ်ဦးတည်းသောသမီး

**မကေခိုင်ဇော်**
**B.Sc (Chemistry)**
**Diploma in Business Management(ABE UK)**
**West London Business College London UK**

တို့၏၆-၁၁-၂၀၁၆ရက်တွင် Novotel Max Yangon Hotel(Yangon Ballroom) ၌ ကျင်းပသည့် ဧည့်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ် ပန်းချီးမြှင့်ပေးပါသော ဖေဖေဦးတင်အုန်းနှင့် မေမေဒေါ်မိမိခင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များဆင်မြန်းပေးပါသော ဖေဖေ ဦးအောင်ဇော်ဝင်းနှင့် မေမေဒေါ်ခင်ဆွေမြင့်တို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ လူကြီးမင်းများ နှင့်တကွနှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားသို့ ကိုယ်တိုင်မကြွရောက်နိုင်ပါသော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် မိသားစုများအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မသျှင်မင်းသွယ်၊ မင်္ဂလာစံပယ်ပန်းကလပ်ကိုင်ဆောင်ပါသော မသက်ထားဆွေ၊ လက်ထပ်လက်စွပ်ကလပ် ကိုင်ဆောင်ပေးပါသော မချောစုဟန်၊ မင်္ဂလာသတို့သားအရံများဖြစ်ကြသော မောင်ကျော်မိုးထက်နှင့် မောင်တင့်အောင်ကျော်တို့အားလည်းကောင်း၊ မင်္ဂလာသတို့သမီးအရံများဖြစ်ကြသော မအိမ့်မွန်ချိုနှင့် မသဇင်ဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော တေးသံရှင် ရွှေယမင်းဦး၊ မေတ္တာဖြင့် လက်ဝတ်ရတနာများဆင်မြန်းပေးပါသော Win & San(Diamonds and Fine Jewellery)မှ ဦးဝင်းနိုင်နှင့် သီဟသုခမ္မ သင်္ဂီဒေါ်စမ်းစမ်းတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်ဝတ်စုံတော်ဝင်သူ မေဦးမောင်၊ မိတ်ကပ်မေစံပယ်ညို၊ ဒီဇိုင်နာအေးနွယ်ချော၊ ပန်းအလှဆင်မြန်းပေးပါသော Rosana၊ ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးပေးပါသော Forever Group၊ မင်္ဂလာဖိတ်စာရိုက်နှိပ်ပေးသော Dagon Printing၊ Novotel မှ မန်နေဂျာနှင့်ဝန်ထမ်းများ၊ Inya Lake Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

**နှစ်ဖက်မိဘများနှင့် မောင်နေသွေး-မကေခိုင်ဇော်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ပြည်သူ့ဝန်ထမ်းအကယ်ဒမီ

**ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းများ(ပုဂ္ဂလိကဝန်ထမ်း)အတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**

အကြောင်းအရာ။ **လျှောက်လွှာပိတ်ရက် ပြင်ဆင်သတ်မှတ်ကြောင်းကြေညာခြင်း**

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့အောက်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တို့တွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတည်ထောင်ပြီး ဖွင့်လှစ်မည့် ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာသင်တန်းသို့ နိုင်ငံသားပိုင် ပြင်ပပုဂ္ဂလိကကုမ္ပဏီ၊ အဖွဲ့အစည်းများမှ ပုဂ္ဂလိကဝန်ထမ်းများ လျှောက်ထားနိုင်ကြောင်း မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် ၂၄-၁၀-၂၀၁၆နှင့် ၂၅-၁၀-၂၀၁၆ရက်နေ့များတွင် ဖော်ပြကြေညာခဲ့ပြီး ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၁၉-၁၁-၂၀၁၆ ရက်နေ့နှင့် ၂၀-၁၁-၂၀၁၆ ရက်နေ့များတွင် ကျင်းပမည် ဖြစ်ကြောင်းလည်း ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

၂။ သို့ရာတွင် အထက်ဖော်ပြပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းအတွက် ဝင်ခွင့်ရေးဖြေစာမေးပွဲကို ကျင်းပပြုလုပ်ခြင်းမပြုတော့ဘဲ လူတွေ့စစ်ဆေးခြင်းကိုသာ ၁၅-၁၂-၂၀၁၆ ရက်နေ့နှင့် ၁၆-၁၂-၂၀၁၆ ရက်နေ့များတွင် ရုံးအမှတ်(၁၇)၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နေပြည်တော်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် လျှောက်လွှာပိတ်ရက်အား အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါကြောင်း အသိပေးကြေညာပါသည်-

| **မူလရက်** | **ပြင်ဆင်ရက်** |
|---|---|
| ၁၁-၁၁-၂၀၁၆ (သောကြာနေ့) | ၃၀-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) |

၃။ ဤကြေညာချက်ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website များဖြစ်သော ucsb.imis.com.mm နှင့် www.ucsb.gov.mm တွင်လည်း ဖော်ပြထားပါသည်။

## ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဇင်မေကျော် လက်ရှိ ကိုင်ဆောင်အသုံးပြုနေသော ပန်းရောင်ကာဗာဖြင့် ရွှေရောင်အမျိုးအစား i Phone 6 ဟန်းဆက် (မျက်နှာပြင်မှန်ကွဲ)မှာ ၂၀-၁၀-၂၀၁၆ ရက်တွင် လမ်း ၇၀၊ ၂၉×၃၀ ကြား စာချုပ်ရုံးအနီး နံနက် ၁၁ နာရီဝန်းကျင်ခန့်က ပျောက်ဆုံးသွားပါကြောင်းနှင့် တွေ့ရှိ၍ ပြန်လည်ပေးအပ်ပါက ကျေးဇူးဆပ်မည်ဖြစ်ပါကြောင်း အများသိစေရန် လေးစားစွာ အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မေကျော်**
**ဖုန်း-၀၉-၇၉၀၈၀၆၉၅၅**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ဝဲလောင်(အထက)နဝမတန်းမှ မနွယ်နီလင်းနှင့် အဋ္ဌမတန်းမှ မဝတီလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်းလှိုင် ၉/ကပတ(နိုင်)၁၉၅၁၃၄ ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၈)၊ ကော်လံ(၁)ပါ ငြင်းချက်ထုတ်ရန် သမ္မန်စာတွင် (ဇော်မင်းအောင်) မြို့နယ်တရားသူကြီး၊ နွားထိုးကြီးမြို့ ဟုသာ ပါရှိရာ နွားထိုးကြီးမြို့နယ်တရားရုံးဟု ဖြည့်စွက်ပြင်ဆင်ဖတ်ရှုပါရန်။

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက(ခွဲ) အဋ္ဌမတန်း (A)မှ မလှိုင်ရွှေဇင်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးသန်းရွှေ ၁/မညန(နိုင်)၁၁၆၄၀၇ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက(ခွဲ) အဋ္ဌမတန်း (A)မှ မနန္ဒာလင်း၏ ဖခင်အမည်မှန်မှာ ဦးစန်းငွေ ၁/မညန(နိုင်)၁၅၄၃၄၈ ဖြစ်ပါသည်။

## အမည်မှန်

မိုးညှင်းမြို့နယ်၊ အောင်သပြေ(၁) ရပ်ကွက်နေ ဦးဇော်ဆိုင်း၏သား မောင်မရန်ကွန်ဂျပ်၏ အမည်မှန်မှာ မောင်အမ်ဂျက်အောင်လတ် ၁/မညန(နိုင်)၁၂၇၀၈၇ ဖြစ်ပါသည်။

**ဦးဇော်ဆိုင်း**

## ဖခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက(ခွဲ) အဋ္ဌမတန်း(A)မှ မဇင်မာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ထွေး ၁/မညန(နိုင်)၀၄၇၉၆၈ ဖြစ်ပါသည်။

## မိခင်အမည်မှန်

မိုးညှင်းမြို့နယ်၊ မိုင်းနောင် အထက(ခွဲ) အဋ္ဌမတန်း(A)မှ မောင်ငြိမ်းချမ်းကျော်၏ မိခင်အမည်မှန်မှာ ဒေါ်ထားဝင်း ၅/ပလဘ(နိုင်)၀၄၈၃၇၅ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးဇော်မိုးဝင်း ၇/ဇကန(နိုင်)၀၃၉၅၇၀ ၏သမီး သာယာဝတီခရိုင်၊ ဇီးကုန်းမြို့၊ အထက မြို့မ စတုတ္ထတန်းမှ မသက်ဇွန်ထက်အား မသက်ထက်ဇွန်ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ထက်ဇွန်**

# ရတနာသုံးပါးကုသိုလ်တရားများလွှမ်းခြုံထားသည့် လတန်ဆောင်

**ဝိသဇ္ဇက(ပဲခူး)**

သာမညဖလသုတ်တော်ဆိုသည်မှာ ရဟန်းပြုခြင်းအကျိုးဟု အဓိပ္ပာယ်ရ၏။ သာမညဖလသုတ်သည် "ဒီဃနိကာယ် သီလက္ခန္ဓဝဂ္ဂ"ပါဠိတော်၌ လာရှိ၏။ ဤသုတ်သည် ရဟန်းသံဃာတော်တို့အတွက် ကြေးမုံမှန်ချပ်ကြီးသဖွယ်ဖြစ်၏။ ကိုယ်ကျင့်သီလရှိသည်၊ မရှိသည်ကို ဤသုတ်ဖြင့် ထင်ဟပ်စေနိုင်၏။

မြတ်ဘုရားရှင်သည် အဇာတသတ်မင်းကို တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်တွင် "သာမညဖလသုတ္တန်တရားတော်ဖြင့် ရဟန်းပြုခြင်းအကျိုးကို ဟောဖော်မြွက်ကြား တော်မူသည်ကို အကြောင်းပြု၍ "သာမညဖလအခါတော်နေ့" ဟူ၍ ဖြစ်ပေါ်လာ၏။

အဇာတသတ်မင်းသည် ဖခင်ဖြစ်သူ ဗိမ္ဗိသာရမင်းကြီးကို သတ်မိသောကြောင့် ကံကြီးထိုက်ကာ ညစဉ်ညတိုင်းအိပ်မပျော်သည့် ရောဂါဝေဒနာကို ခံစားနေရ၏။ မျက်လုံးအစုံတို့ကို လုံချက်ပေါင်းမြောက်မြားစွာဖြင့် ထိုးဆွသလိုခံစားရ၏။ ယင်းသို့သောဝေဒနာကို မည်သည့်သမားတော်တို့ဖြင့်မျှ ကု၍မပျောက်၊ မင်းထံပါးခစားသည့်အမတ်ကြီးများက အိပ်မပျော်သောဝေဒနာကို ကုစားရန် တိတ္ထိဆရာကြီးခြောက်ဦးတို့အား ချဉ်းကပ်ရန် အကြံပြုကြသည်။

တိတ္ထိဆရာကြီးခြောက်ဦးမှာ-

၁။ "ပုရဏာကဿပ" ဆရာကြီးသည် "အကရိယဝါဒ" အယူမှားကို ခံယူထားသူဖြစ်၏။ အကြောင်းက "ကံ"တရားကိုပယ်၍ မပြုမလုပ်ရဝါဒသမားဖြစ်၏။

၂။ "အဇိတကေသကမ္ဗလ" ဆရာကြီးသည် "နတ္ထိဝါဒ" ဟူသော အယူမှားကို ယုံကြည်သူဖြစ်၏။ အကျိုး"ဝိပါက" ကိုပယ်၏။ "မရှိဝါဒ"သမားဖြစ်၏။

၃။ "မက္ခလိဂေါသာလ" ဆရာကြီးသည် "တဟေတုကဝါဒ"သမားဖြစ်၏။ ကံနှင့် ကံ၏အကျိုးကို ပြိုင်တူပယ်၏။ အဆုံးမှာတော့ ကြောင်းကျိုးပယ်ဝါဒသမားဖြစ်၏။

၄။ "ပကုစကစ္စာယန" ဆရာကြီးသည်လည်း ထူးမခြားနား "အကင္ဒဝါဒ" အယူမှားကိုပင် သက်ဝင်ယုံကြည်သူဖြစ်၏။ ပြုပြင်ခံစားခြင်းမရှိ၊ အလိုအလျောက် ဖြစ်သည်ဟု ယူဆယုံကြည်၏။ "မပြုမပြင်ဝါဒသမား"ဖြစ်၏။

၅။ "သဉ္စယမေဠပုတ္တ" ဆရာကြီးသည်လည်း "အမရာဝိက္ခေပဝါဒ"ဟူသည့် အယူမှားကိုပင် ယုံကြည်သူဖြစ်၏။ မေးသည်ကို တိုက်ရိုက်မဖြေဘဲ ရှောင်လွှဲဖြေတတ်၏။ "မရေမရာဝါဒသမား"ဖြစ်၏။

၆။ "နိဂဏ္ဌနာဋပုဏ္ဏာ" ဆရာကြီးသည်လည်း "ဓာတုရာမသံဝရာဝါဒ"သမားဖြစ်၏။ သူ့အယူက စောင့်စည်းမှုလေးမျိုးဖြင့် ကံသုံးပါးကိုထိန်းထား၏။ ယင်းဆရာကြီးကို အိန္ဒိယနိုင်ငံ၌ဇိန(ဂျိန)ဟုခေါ်၏။ ဂျိန်းဘာသာဖြင့် ယနေ့တိုင်ထင်ထင်ရှားရှားရှိ၏။

အဇာတသတ်မင်းအတွက် တိတ္ထိကြီးတို့၏ညွှန်ပြမှုသည် အကျိုးမဖြစ်၊ ကျေနပ်လောက်သည့် အဖြေကိုမရ။ ရောဂါလည်း မပျောက်ဖြစ်နေသည်။ ထိုစဉ်သမားတော်ကြီး ဇီဝက၏အကြံပြုချက်အရ မြတ်ဘုရားထံလျှောက်ထားရန် သွားရောက်၏။

ဆရာဇီဝကသည် ဘုရားကျောင်းတော်သို့သွားရန် စီစဉ်ရာတွင် မိန်းမအခြွေအရံငါးရာတို့ကို ယောကျ်ားကဲ့သို့ စစ်ဝတ်တန်ဆာဖြင့် ဝတ်ဆင်ကြကာ ဆင်မယဉ်သာငါးရာကိုစီးလျက် ဘုရင်ကို စောင့်ရှောက်လိုက်ပါစေ၏။ အလင်းရောင်မရှိသည့် နေဝင်ပြီးချိန်ဖြစ်၍ လိုက်ပါသူအားလုံး မီးတိုင်များကိုယ်စီ ထွန်းညှိကိုင်ဆောင်ကြရ၏။ အဇာတသတ်မင်းနှင့် အခြွေအရံပရိသတ်အပေါင်းတို့သည် တန်ဆောင်မုန်းလပြည့်နေ့ည၌ မြတ်ဘုရားရှင်ထံသွားရာတွင် မီးရှူးတိုင်များထွန်းညှိကာ သွားရောက်ဖူးမြော်သောထုံးကို နှလုံးမူ၍ တန်ဆောင်မုန်းလ၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်ကြီးကို ကျင်းပကြခြင်းဖြစ်ဟန်ရှိကြောင်း ထင်ရှားစေသည်။

ဆီမီး၊ မီးရှူးတိုင်ကို ရှေးခေတ်သုံးပေါရာဏအခေါ်အားဖြင့် တန်ဆောင်(တန်ဆောင်တိုင်)ဟုခေါ်၏။ တန်ဆောင်မုန်းလတွင် ဆောင်းဦးရာသီဖြစ်သဖြင့် အအေးဓာတ်ဖြန့်ကြက်ချိန်



တွင် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် နက္ခတ်ပွဲတော်ကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပကြသည်။ တန်ဆောင်မုန်းလတွင် ကြတ္တိကာနက္ခစောင့်နတ်မင်းကြီးသည် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုဆိုသည်။ ဤကဲ့သို့ မီးနတ်သား လူ့ပြည်သို့ဆင်းသက်လာသောအခါ ဘုရင်နှင့်တကွ တိုင်းသူပြည်သားလူအများက မီးနတ်သားကို ဆီမီးများထွန်းညှိကာ ပူဇော်ကြသော အစဉ်အလာရှိသည်ဟု ဆိုသည်။

ဤလတွင် ဆီမီးထွန်းညှိပူဇော်ကြရာတွင် တာဝတိံသာနတ်ပြည်နှင့် ဗြဟ္မာပြည်တွင်ရှိ သိဒ္ဓတ္ထမင်းသားအလောင်းတော်၏ စေတီနှစ်ဆူတည်ထားရာ(၁)တာဝတိံသာနတ်ပြည်၌ စူဠာမဏိစေတီတော်တွင် ဘုရားအလောင်းတော်ဘဝ သိဒ္ဓတ္ထမင်းသားသည် သက်တော် ၂၉ နှစ်တွင် သူအို၊သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီးလေးပါးကိုမြင်တော်မူ၍ ညဉ့်သန်းခေါင်းယံအချိန်တွင် တောထွက်တော်မူခဲ့လေသည်။ အနော်မာမြစ်တစ်ဖက်ကမ်းတွင် ရဟန်းပြုရန်အတွက် သန်လျက်တံဖြင့် ဆံတော်ကိုဖြတ်၍ အဓိဋ္ဌာန်ပြုကာ မကိုဋ်နှင့်တကွ ဆံထုံးတော်ကို ကောင်းကင်သို့ မြှောက်တင်လိုက်လေ၏။ အဓိဋ္ဌာန်မှာ မိမိသည် ဘုရားစင်စစ်ဖြစ်ပါလျှင် မကိုဋ်နှင့်တကွ ဆံထုံးတော်သည် ကောင်းကင်၌ချိတ်ဆွဲထားသကဲ့သို့ တည်ပါစေ။ဘုရားဖြစ်နိုင်သူမဟုတ်ပါက မြေပြင်သို့ကျပါစေဟူ၍ဖြစ်၏။ မြှောက်တင်လိုက်သော ဆံထုံးတော်သည် တစ်ယူဇနာခန့်မြင့်သော ကောင်းကင်၌ တည်နေလေ၏။

သိကြားမင်းသည် နတ်တို့မျက်စိဒိဗ္ဗစက္ကုဉာဏ်ဖြင့်မြင်၍ မကိုဋ်တော်နှင့်တကွ ဆံထုံးတော်ကို ရွှေပန်းတောင်းဖြင့် ဆောင်ယူကာ တာဝတိံသာနတ်ပြည်၌ မကိုဋ်တော်နှင့် ဆံထုံးတော်ကို ဌာပနာသွင်း၍ ရတနာခုနစ်ပါးတို့နှင့် စီခြယ်ကာ စေတီတော်ကိုတည်ထားလေ၏။ ဤသို့မကိုဋ်တော်နှင့် ဆံထုံးတော်ကို ထည့်သွင်းဌာပနာထားခြင်းကြောင့် "စူဠာမဏိ"စေတီတော်ဟုခေါ်တွင်ခဲ့သည်။

အကနိဋ္ဌဗြဟ္မာပြည်၌ ဒုဿစေတီတော်တွင် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါက သိဒ္ဓတ္ထမင်းသားသည် ဆံထုံးကိုဖြတ်၍ ရဟန်းပြုတော့မည့်အဖြစ်ကို မြင်သောကြောင့် တိစီဝရိတ်(သင်္ကန်းသုံးထည်)၊ သပိတ်၊ ဓား၊ အပ်နှင့်အပ်ချည်၊ ခါးပန်းကြိုး၊ ရေစစ်ဟူသော ပရိက္ခရာရှစ်ပါးကို သိမ်းဆည်းထားရာ ပရိက္ခရာကိုယူဆောင်လာပြီး ဘုရားအလောင်းတော်အား ဆက်ကပ်လှူဒါန်းခဲ့၏။ သိဒ္ဓတ္ထမင်းသားသည် ဝတ်လဲတော်ပုဆိုးကိုချွတ်၍ ပရိက္ခရာရှစ်ပါးကိုကြည်ညိုဖွယ်ဖြစ်အောင် ဝတ်ရုံလိုက်၏။ ဃဋိကာရဗြဟ္မာကြီးသည် အလောင်းတော်၏ ဝတ်လဲတော်ပုဆိုးကိုယူဆောင်၍ ရူပဝစရဗြဟ္မာပြည်တွင် အမြင့်ဆုံးဖြစ်သော အကနိဋ္ဌဗြဟ္မာဘုံ၌ ဝတ်လဲတော်ပုဆိုးကို ဌာပနာသွင်းထားသောကြောင့်"ဒုဿစေတီ"ဟု ခေါ်တွင်ခဲ့သည်။ ထိုစေတီတော်တို့အားရည်စူး၍ ဆီမီးပူဇော်၏။

ယင်းသို့သောစေတီတော်တို့ကိုရည်မှန်း၍ တန်ဆောင်မုန်းလပြည့်နေ့၌ ဆီမီးပူဇော်ကြရ၏။ ဆီမီးထွန်းညှိပူဇော်လှူဒါန်းရခြင်း၏ အကျိုးကိုဖော်ပြရလျှင် ပဒုမုတ္တရဘုရားရှင်ပွင့်တော်မူစဉ်က သူကြွယ်တစ်ယောက်သည် လူအများတို့ဗောဓိပင်၌ မီးပူဇော်သည်ကိုမြင်၍ သူသည်လည်း ဆီမီးခွက်တို့ကိုထွန်းညှိပူဇော်၏။ ထိုကောင်းမှုကြောင့် သေပြီးနောက်ဘဝများ၌ နတ်ပြည်၊ လူ့ပြည်တို့၌ အကြိမ်ကြိမ်ဖြစ်ရ၏။ လူဖြစ်သော ဘဝဝယ် မိမိ၏အထက်၌ မီးရောင်ထွန်းတောက်ပသည်။ နံရံ၊ တောင်၊ ကျောက်ပြင်တို့ကိုဖောက်၍ ယူဇနာတစ်ရာမြင်နိုင်သော နတ်မျက်စိကိုရ၏။ သတ္တစက္ခုအမည်ရှိသော စကြဝတေးမင်းဖြစ်ခဲ့ရ၏။ ဂေါတမဘုရားရှင်လက်ထက်၌ ပဉ္စဒီပကမထေရ်မြတ်ဖြစ်၍ ရဟန္တာဖြစ်သွား၏။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည်တို့မှ စေတီများကိုရည်မှန်း၍ ဆီမီးပူဇော်ကြလျှင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ပူဇော်ရသကဲ့သို့ ဖြစ်ပေ၏။

အဇာတသတ်မင်းသည် မြတ်ဘုရားရှင်ထံမှောက်ရောက်ရှိခဲ့ပြီး မြတ်ဘုရားရှင် ဟောဖော်ညွှန်ပြတော်မူသည့် သာမညဖလသုတ်တရားတော်ကို နာကြားလိုက်ရသည့်အခါ အိပ်မပျော်သော ရောဂါဝေဒနာသည် ထိုညမှာပင်ပျောက်ကင်းသွားသည်။ ရဟန်းပြုခြင်း၏အကျိုး သာမညဖလကိုလည်း နားလည်သဘောပေါက်သွားသည်။ မြတ်ဘုရားရှင်၏ တရားတော်ကြောင့် ရတနာသုံးပါးကို နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်သွား၏။ ပုထုဇဉ်ထဲတွင် ရတနာသုံးပါးကို အကြည်ညိုဆုံးပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ခံခဲ့ရ၏။ နောင်သောအခါ မြတ်ဘုရားသာသနာ၌ ပိဋကတ်တော်များ မယိမ်းမယိုင်ရလေအောင်၊ မပျောက်ပျက်ရလေအောင် ပထမသံဃာရတနာတင် ဒါယကာမင်းအဖြစ် ခံယူနိုင်ခဲ့၏။ မြတ်ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည့်အခါ မြတ်ဘုရားရှင်၏ ဓာတ်တော်များကိုသိမ်းဆည်း၍ ဓာတ်တော်ကြီးတိုက် တည်ထားခဲ့၏။ အဇာတသတ်စုဆောင်းထားသည့် ဓာတ်တော်များကို သီရိဓမ္မာသောကမင်းကြီးက စေတီပေါင်းရှစ်သောင်းလေးထောင်တည်ကာ သာသနာပြုနိုင်ခဲ့၏။ ဗုဒ္ဓသာသနာနှစ်ကို အတိအကျသတ်မှတ်ခဲ့၏။ သာသနာပြုလုပ်ငန်းကြီးသုံးရပ်ဖြင့် ဗုဒ္ဓသာသနာအတွက် ကြီးမားသောအကျိုးကို ပြုနိုင်ခဲ့၏။ ဤကား "သာမညဖလသုတ်"၏ အကျိုးဆက်ဟု ဆိုနိုင်သည်။

ဤတန်ဆောင်မုန်းလတွင် အဖသတ်မိသည့် သားတော် အဇာတသတ်မင်း၏ အကုသိုလ်အပြစ်သည် ကံကြီးထိုက်သည်ဖြစ်၏။ သို့သော် ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါးကို နှစ်နှစ်ကာကာ လေးစားယုံကြည်စွာဖြင့် ကြည်ညိုခဲ့ခြင်းကြောင့် အကုသိုလ်ကံများကို ကုသိုလ်ကံများသာ လွှမ်းခြုံထားနိုင်။ အလွန်အပြစ်ကြီးသူတို့ ကျခံရမည့် "မဟာအဝီစိငရဲ" ၌ မကျခံရတော့ဘဲ အပြစ်ပေါ့သော "လောဟကုမ္ဘီငရဲ" ၌သာ ခံစားရ၏။ ဤကား ရတနာသုံးပါးကို သက်ဝင်ယုံကြည်ကိုးကွယ်မှု၏ အကျိုးကိုခံစားရခြင်းဖြစ်လေ၏။ ဤနမူနာကောင်းကို သူတော်စင်တို့သတိချပ်သင့်၏၊ မိမိတို့ကိုယ်တိုင် မိမိတို့အကုသိုလ်တို့ကိုရှောင်၍ ကုသိုလ်တရားတို့ကို ပွားများရာ၏။ ရတနာသုံးပါးကို သက်ဝင်ယုံကြည်စွာ မြတ်နိုးကိုးကွယ်ဆည်းကပ်ရာ၏။ **ဓာတ်ပုံ-တင်စိုး**

## ရေတာရှည်မြို့ သမိုင်းဝင်ဓာတ်တော်ဘုရားကြီးတွင် ဆွမ်းတော်ကြီးတင်လောင်းလှူပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကျင်းပမည်

**ရေတာရှည် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၁)ရပ်ကွက် ကရင်ချောင်းလမ်းရှိ သမိုင်းဝင်



ဓာတ်တော်ဘုရားကြီးတွင် (၁၃)ကြိမ်မြောက် ဆွမ်းတော်ကြီးတင် လောင်းလှူပွဲ၊ ဆီမီးပူဇော်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော်ကို နိုဝင်ဘာ ၁၄ ရက် ညနေပိုင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အဆိုပါပွဲတော်တွင် ရေတာရှည်မြို့ပေါ်ရပ်ကွက်များမှ အလှူရှင်များအပြင် မြို့ဒေသဝန်းကျင်ကျေးရွာများမှ ဒေသခံ များ၊ မြို့ခံပြည်သူများ လာရောက်ကြကာ အလွန်စည်ကားလှသည်ကို ယခင်နှစ်က မြင်တွေ့ခဲ့ရသည်။

**ကိုလွင်(ဆွာ)**

## ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**မန္တလေး နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက်က မန္တလေးမဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၄၂ လမ်း သိပ္ပံလမ်းကြားရှိ ဂရိတ်ဝေါလ်ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က အမှာစကားပြောကြားပြီး သုတေသီဖွံ့ဖြိုးရေးပညာ့ရောင်ခြည် အကြီးတန်းသုတေသီ ဦးတင်မောင်သန်းက ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ နောက်ခံအကြောင်းအရင်းနှင့် မူဝါဒဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သဘောတရားများအကြောင်း ဆွေးနွေးခဲ့သည်။ ထို့နောက် ဖွံ့ဖြိုးရေးပညာ့ရောင်ခြည်မှ သုတေသီ ဦးမိုးမင်းသော်က မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းအခန်း ကဏ္ဍဆိုင်ရာ ဖြစ်ရပ်လေ့လာတွေ့ရှိချက်အကြောင်း ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ကျော်ထူး(မန္တလေး)**

## တရားမဝင်ပိတောက်ခွဲသားများယာဉ်ဖြင့် သယ်ဆောင်လာစဉ် သိမ်းဆည်းရမိ

**နောင်ချို နိုဝင်ဘာ ၁၁**

တရားမဝင်သစ်များ ယာဉ်ဖြင့်သယ်ဆောင်နေကြကြောင်း သတင်းရရှိထားသောကြောင့် နိုဝင်ဘာ ၇ ရက် ည ၁၀ နာရီက နောင်ချိုမြို့နယ် သစ်တောဦးစီးဌာနဝန်ထမ်းများနှင့် ဘန့်ဘွေးနယ်မြေရဲ ကင်းစခန်းမှုရဲတပ်ဖွဲ့ဝင် ပူးပေါင်းအဖွဲ့တို့သည် ဘန့်ဘွေးကျေးရွာ အိုရီယမ်တယ်တိုးဂိတ်၌ စောင့်ဆိုင်းနေစဉ် မန္တလေးဘက်မှ လားရှိုးမြို့ဘက်သို့ ယာဉ်မောင်းဇော်မျိုးထွန်း(ခ)ကတုံးမောင်းနှင်လာသော 3I/----- ကန်တာခြောက်ဘီး အဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တွင် ကုန်မျိုး စုံဖြင့်ဖုံးအုပ်၍ တရားမဝင်တင်ဆောင်လာသည့် ပိတောက်ခွဲသားဆိုက်စုံ ၃၅၁ ချောင်း စုစုပေါင်း ၃၆၃ တုံး (၀ ဒသမ ၃၉၀၈)တန်ကို ရှာဖွေသိမ်းဆည်းရမိသဖြင့် နောင်ချိုမြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# သစ်တောများ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကောင်းမွန်ရေးအတွက် အရေးပါ

**နေပြည်တော် နိုဝင်ဘာ ၁၁**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အပြည်ပြည်ဆိုင်ရာအဖွဲ့( IUCN )၊ ဒေသခံပြည်သူ့သစ်တော ဖွံ့ဖြိုးရေးဌာန (RECOFTC)၊ The Nature Conservancy-TNC တို့ ပူးပေါင်းကျင်းပသည့် မြန်မာနိုင်ငံတွင် သစ်တောပျက်စီးပြုန်းတီးသွားသော မြေနေရိယာများအား ပြန်လည်ထူထောင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၉ ရက်က သင်္ဂဟဟိုတယ် နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံ ဧရိယာ၏ ၄၃ ရာခိုင်နှုန်းခန့်သည် သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး အာရှတိုက်ရှိ သစ်တောဖုံးလွှမ်းမှု ကောင်းမွန်သည့်နိုင်ငံများတွင် တစ်ခုအပါအဝင် ဖြစ်သော်လည်း သစ်နှင့်သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ တရားမဝင်သစ်ခုတ်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်းနှင့် မြို့ပြဧရိယာများတိုးချဲ့ခြင်း စသည့်အကြောင်းအရင်းများကြောင့် ပြီးခဲ့သည့်ဆယ်စုနှစ်များအတွင်း သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းများ ပိုမိုဖြစ်ပွားခဲ့ကြောင်း၊ သစ်တောများသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအပြင် သဘာဝပတ်ဝန်းကျင်နှင့်ဂေဟစနစ်များ ကောင်းမွန်ရေးအတွက်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲကို မြန်မာနိုင်ငံ၏ သစ်တောပြန်လည်ထူထောင် ထိန်းသိမ်းရေးဆိုင်ရာ ဦးတည်ချက်နှင့် အစီအစဉ်များအား ပိုမိုထိရောက်စေရန်၊ သစ်တောပြန်လည်ထူထောင်ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာအယူအဆနှင့် လုပ်ငန်းရပ်များအား ပိုမိုနားလည်သဘောပေါက်စေရန်နှင့် သစ်တောပြန်လည်ထူထောင်ရေး လုပ်ငန်းရပ်များအတွက် ကမ္ဘာ့သဘာဝဝန်းကျင်ဆိုင်ရာ ထောက်ပံ့မှုအစီအစဉ် (GEF Fund)မှ ရန်ပုံငွေရရှိနိုင်ရေး စတင်ဆောင်ရွက်နိုင်ရန်၊ သစ်တောများ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ စီမံကိန်းများအတွက် အရေးပါသည့် ဆက်စပ်ပတ်သက်သူများအား ရည်ရွယ်၍ ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများ၊ IUCN၊ TNC၊ RECOFTC၊ Queensland University၊ WCS နှင့် FAO မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အလုပ်ရုံဆွေးနွေးပွဲကို သုံးရက်ကြာကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြန်မာကုမ္ပဏီအများစုနှင့် မြန်မာစီးပွားရေးလုပ်ငန်းအများစုသည် စီမံကိန်းမရေးဆွဲဘဲ ဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရဟုဆို

**မုံရွာ နိုဝင်ဘာ ၁၁**

မြန်မာကုမ္ပဏီအများစုနှင့် မြန်မာစီးပွားရေးလုပ်ငန်းအများစုသည် ခေတ်အဆက်ဆက် နိုင်ငံရေးအခြေအနေတွင် နိုင်ငံ၏ စီးပွားရေးမူဝါဒများအရ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် စီမံကိန်း(Plan) ဆိုသည်ကို တိတိကျကျသတ်သတ်မှတ်မှတ် မရေးဆွဲနိုင်ကြဘဲ အပြောင်းအလဲတစ်လျှောက် အလိုက်သင့်လိုက်ပါဆောင်ရွက်ခဲ့ကြသည်ကိုတွေ့ရကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးမှူး ဦးဆန်းထွဋ်ကိုထံမှ သိရသည်။

"ဒီကနေ့ကမ္ဘာမှာ ထိပ်ဆုံးရောက်အောင်မြင်နေကြတဲ့ နိုင်ငံစုံကုမ္ပဏီကြီး (Multinational Company) အများစုဟာ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းတွေက စတင်ခဲ့ကြတာဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ထိပ်တန်းရောက်အောင်မြင်နေကြတဲ့ ကုမ္ပဏီမှန်သမျှဟာ ဝုန်းခနဲ ထိပ်ဆုံးကိုရောက်လာကြတာမဟုတ်ဘဲ တစ်ဆင့်ပြီးတစ်ဆင့် Plan ချပြီး စီးပွားရေးကို ချဲ့ထွင်လာကြတာဖြစ်ပါတယ်။ လူအများစုဟာ လက်ရှိလုပ်ကိုင်နေတဲ့ သမားရိုးကျနယ်ပယ်ထဲမှာနေလိုပြီး လက်ရှိဝင်ငွေအမြတ် စတာတွေနဲ့ တင်းတိမ်နေတတ်ကြတယ်။ အဲဒီလိုအနေအထားကနေ ရုန်းထွက်ပြီး စိန်ခေါ်မှုတွေကို ချဲ့ထွင်ရင်ဆိုင်နိုင်မယ်ဆိုရင် လက်ရှိရတဲ့ ဝင်ငွေအမြတ်ပမာဏထက် အဆပေါင်းများစွာ တိုးတက်ရရှိလာနိုင်မှာ ဖြစ်ပါတယ်" ဟု ဦးဆန်းထွဋ်ကိုက ပြောပြသည်။

နိုင်ငံတကာတွင်ရှိနေသော စီးပွားရေးလုပ်ငန်းအများစုသည် စီးပွားရေးကို တစ်စပြီးတစ်စ စီမံကိန်းများချမှတ်ကာ တိုးတက်လာအောင် ချဲ့ထွင်ကြိုးစားလေ့ရှိကြသည့်အတွက် Multi-national အဆင့် ကုမ္ပဏီကြီးများအထိ ဖြစ်လာကြသောကြောင့် မိမိတို့စီးပွားရေးလုပ်ငန်းများ ရေရှည်တိုးတက်ဖွံ့ဖြိုးစေရန် မည်သည့်အချိန်တွင် မည်မျှအကျိုးအမြတ်ရနိုင်မည်ကို တွက်ချက်နိုင်သည့် Business Plan များကို ကြိုတင်ပြင်ဆင်တတ်ရန်လိုအပ်ကြောင်း ၎င်းကထပ်လောင်း အကြံပြုပြောကြားသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# သုံးခွမြို့နယ်တွင် ပဲတီစိမ်းစိုက်ပျိုးမှုအတွက်တောင်သူပညာပေးသင်တန်းဖွင့်

**သုံးခွ နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးမှုအတွက် GHP ESihf GAP နည်းစဉ်များအတိုင်း စိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များပို့ချသော တောင်သူပညာပေးသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက်က မဟာအတုလဝေယံသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရွှေဖြူ၊ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးထွန်းမြင့်နှင့် Brught Light ကုမ္ပဏီမှ ဒေါက်တာကျော်ဝင်းတို့က အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါက်တာစန်းစန်းဝင်းက GHP, GAP နှင့် ပိုးသတ်ဆေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်ဝင်းဝင်းမိုးက မြေဩဇာစနစ်တကျသုံးစွဲရေး ကိစ္စရပ်များ၊ ဒေါ်ဆွေဆွေဦး (ဦးစီးအရာရှိ)က ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရေးနှင့်ပတ်သက်သောကိစ္စရပ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းသင်ကြားပို့ချခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ ဒေသခံတောင်သူ ၄၀၀ ခန့် တက်ရောက်ခဲ့ပြီး တောင်သူများ၏သိရှိလိုသည့် မေးမြန်းတင်ပြချက်များကို တာဝန်ရှိသူများက ရှင်းလင်းဖြေကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## သတင်းအတိုအထွာ

### စလင်း-စေတုတ္တရာသွားကားလမ်း လမ်းပခုံးချဲ့လုပ်ငန်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးလုပ်ငန်းမှ ခွင့်ပြုငွေဖြင့် စလင်း-စေတုတ္တရာသွားကားလမ်းကို ပြုပြင်ရန်လိုအပ်သည့်နေရာများအား ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများဆောင်ရွက်ရာတွင် ရှေးဦးစွာ စေတုတ္တရာသွားကားလမ်းရှိ ဆင်ကျုံးရွာမှ မောက္ကလန်းကုန်းအထိ ခုနစ်ဖာလုံအား လမ်းဘေးဝဲယာ တစ်ဖက်လျှင်အကျယ် ၁၀ ပေ၊ အမြင့် ၈ လက်မဖြင့် မြေသားလမ်း ပခုံးတိုးချဲ့ခြင်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ ယင်းလုပ်ငန်းအတွက် မြေနီကျင်း ၂၀၀၀ ထောင်အသုံးပြုရန်လျာထားကြောင်း သိရသည်။ စလင်း-စေတုတ္တရာသွားကားလမ်းမှာ မူလကတ္တရာလမ်းသည် ကားချင်းရှောင်တိမ်းရာတွင် အခက်အခဲရှိ၍ ယခုလမ်းပခုံးများ ချဲ့ခင်းပေးလိုက်သဖြင့် ယာဉ်များအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

### ဖယောင်းအလင်းရောင် ၉၉၉၉ တိုင်ထွန်းညှိပူဇော်မည်

စမ်းချောင်းမြို့နယ် ဗားကရာကျောင်းတိုက်အတွင်းရှိ အတုလာဓိပတိ မဟာမုနိသကျကိုးထပ်ကြီးဘုရားဂေါပကအဖွဲ့မှ ကြီးမှူး၍ (၂၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက်(တန်ဆောင်မုန်းလပြည့်နေ့)အရုဏ်တက်တွင် ဘုရားကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးနှင့်အတူ သက်သတ်လွတ်မဲဇလီဖူးသုပ် ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်သည်။ ညနေ ၆ နာရီ ၁၂ မိနစ်တွင် ဘုရားကြီးဂန္ဓကုဋိတိုက်အတွင်းနှင့် ရင်ပြင်တော်ပေါ်၌ ဖယောင်းအလင်းတိုင် ၉၉၉၉ တိုင် ထွန်းညှိပူဇော်ပြီး မဲဇလီဖူးတင်း ၈၀ ကို သက်သတ်လွတ်သုပ်၍ ဘုရားဖူးလာပြည်သူများကို ဝေငှသွားမည်ဖြစ်ကြောင်း သိရ သည်။ **ကိုကြီးတင်**



နိုဝင်ဘာ ၉ ရက်က ပဲခူးမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများသို့ ကျောင်းသူ ကျောင်းသားများ ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ မူးယစ်ဆေးဝါး အသုံးမပြုရေးနှင့် လူကုန်ကူးမှုအန္တရာယ်မှ ကင်းဝေးစေရေးတို့ အသိပညာဗဟုသုတများရရှိစေရန် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီး မျိုးမင်းထိုက်၏ ညွှန်ကြားမှုဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး ဦးဆောင်၍ မှူခင်းပညာပေးပြခန်း ယာဉ်ဖြင့် လှည့်လည်ပညာပေးပြသခဲ့စဉ် (ဝ၅၁)

### (၁၂)နှစ်အရွယ် မိန်းကလေးတစ်ဦးအား အုပ်ထိန်းသူထံပြန်လည်အပ်နှံ

တိုက်ကြီးမြို့မရဲစခန်းမှ နယ်ထိန်းရဲတပ်ကြပ် ထွန်းထွန်းဝင်း၊ ဂျိုးဖြူကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်း၊ ရာအိမ်မှူး ဒေါ်လှလှတို့အဖွဲ့သည် နယ်မြေအတွင်း လုံခြုံရေးဆောင်ရွက်စဉ် ဂျိုးဖြူစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်းရှေ့ကထိန်အလှူခံမဏ္ဍပ်အနီးတွင် နိုဝင်ဘာ ၉ ရက်က (၁၂ နှစ်) အရွယ်ခန့် မိန်းကလေးတစ်ဦး ယောင်လည်လည်ဖြစ်နေသည်ကိုတွေ့ရှိ၍ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ ခေါ်ယူမေးမြန်းရာ ဥက္ကံမြို့ စာဖြူစုရွာတွင် မိဘများနှင့် နေထိုင်သူဖြစ်ကြောင်းသိရပြီး တိုက်ကြီးမြို့ ဘူတာရပ်ကွက် ရန်ကုန်-ပြည် ကားလမ်းဘေး လွင်လက်ဖက်ရည်ဆိုင်တွင် အလုပ်လုပ်နေသော အစ်မဖြစ်သူနှင့်အတူ လာရောက်နေထိုင်သူဖြစ်ကြောင်း သိရ၍ ဂျိုးဖြူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် အစ်မအရင်းဖြစ်သူထံသို့ ကောင်းမွန်စွာ ပြန်လည်အပ်နှံခဲ့ကြောင်း သိရသည်။
**ထွန်းလှိုင်(မြိုင်)**



# မန္တလေး - မြစ်ကြီးနားလမ်းပိုင်း ရွှေဘိုနှင့်မုဆိုးခြုံဘူတာကြား သံလမ်းများအစားထိုးပြုပြင်

**ရွှေဘို နိုဝင်ဘာ ၁၁**

ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အစီအစဉ်အရ မီးရထားတိုင်း (၂) ရွာထောင် အင်ဂျင်နီယာမှူး၏ စီမံမှုဖြင့် မုဆိုးခြုံဘူတာမှ ရွှေဘိုဘူတာအထိ မိုင်တိုင်အမှတ် ၄၃၆/၁၁ မှ ၄၄၄/၈ အကြား ဟောင်းနွမ်းပြီး ကြံ့ခိုင်မှုအားနည်းနေသော သံလမ်းများအစားထိုးလဲလှယ်ခြင်း၊ ကျောက်ဖို့ခြင်း၊ ဇလီဖားတုံးများစစ်ဆေးခြင်း၊ သံလမ်းနှစ်ခုအကွာအဝေးဖြစ်သော တစ်မီတာ (၃ပေ ၃ လက်မ ၃ မူး) ကို ပြန်လည်စိစစ်ချိန်ကိုက်ခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းမှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရှေးယခင်ကစ၍ အစဉ်အဆက်သုံးလာခဲ့သော ရထားသံလမ်း တစ်ချောင်း၏ အရှည်မှာ ၃၉ ပေရှိပြီး ယခု အစားထိုးလဲလှယ်သော သံလမ်းမှာ ၃၉ ပေ ကိုးချောင်းကိုဆက်ထားသဖြင့် အရှည် ၃၅၁ ပေရှိသည်။ အဆိုပါ သံလမ်းဆက်သည့်လုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်တွင် ကိုရီးယားမှလာရောက်၍ တည်ဆောက်ထားသော စက်ရုံမှထုတ်လုပ်ပေးခြင်းဖြစ်သည်။ ယခုအချိန်အထိ မိုင်တိုင်အမှတ် ၄၃၆/၁၁ မှ မိုင်တိုင်အမှတ် ၄၄၂/၂၂ အထိ သံလမ်းအငယ်တန်းအင်ဂျင်နီယာ (၃) ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၅ ဦးတို့က ဆောင်ရွက်လျက်ရှိရာ ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။
**ကျော်ဇော**

# နယ်စပ်ဒေသများ ငြိမ်းချမ်းဖွံ့ဖြိုးအလှတိုးစေဖို့

မြင့်စိုး(နတလ)

**နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ သင်တန်းအမှတ်စဉ်(၁၄) သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက မိမိတို့၏ဒီဂရီကောလိပ်များသည် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် မွေးထုတ်ပေးသည့် နေရာများဖြစ်ပြီး သင်တန်းဆင်းတိုင်းရင်းသားလူငယ်များအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရမည့် နယ်မြေဒေသများရှိ တိုင်းရင်းသားလူမျိုးများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ကြမည်ဟု ယုံကြည်ပါကြောင်း၊ အထူးအလေးထားမှာကြားလိုသည်မှာ မိမိတို့၏ မူလလုပ်ငန်းတာဝန်များဖြစ်သော ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအပြင် ပြည်ထောင်စု၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၌ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းမှာကြားခဲ့ပါသည်။**

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ သင်တန်း အမှတ်စဉ်(၁၄)တွင် ကျောင်းဆင်း ကျောင်းသား အရေအတွက်မှာ ဝိဇ္ဇာဘွဲ့ရ ကျောင်းသား ၃၈ ဦး၊ သိပ္ပံဘွဲ့ရ ကျောင်းသား ၁၉၈ ဦး၊ B.Tech ဘွဲ့ရကျောင်းသား ၁၃၅ ဦး စုစုပေါင်း ၃၇၁ ဦး ဖြစ်ပါသည်။ လက်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည် ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)တွင် ပထမနှစ်မှ စတုတ္ထနှစ်အထိ သင်တန်းသားစုစုပေါင်း ၈၃၂ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းစသော တိုင်းရင်းသားလူမျိုးများ စုံညီစွာ ပါဝင်နေကြောင်းတွေ့ရသည်။ နယ်စပ်ရေးရာဝန်ကြီး ဌာနအောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း)ဟူ၍ ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်သင်ကြား ပေးလျက်ရှိရာ ၂၀၀၃ ခုနှစ်၌ သင်တန်းဆင်းခဲ့သော အမှတ်စဉ်(၁)မှ ၂၀၁၅ခုနှစ် သင်တန်းဆင်းအမှတ်စဉ် (၁၄)အထိ သင်တန်းဆင်းပြီး ကျောင်းသားဦးရေမှာ ဝိဇ္ဇာဘွဲ့ရ ၅၈၇ ဦး၊ သိပ္ပံဘွဲ့ရ ၁၄၂၈ ဦး၊ AGTI ဒီပလိုမာ ၈၁၉ ဦး၊ B.Tech ဘွဲ့ရကျောင်းသား ၁၃၅ ဦး စုစုပေါင်း ၂၉၆၉ ဦးဖြစ်သည်။ ဘွဲ့ရကျောင်းသားများအား အလုပ်တာဝန်ကိုပါ တစ်ပါတည်း အပ်နှင်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများသို့ စေလွှတ်တာဝန် ထမ်းဆောင်စေခဲ့ရာ နယ်စပ်ဒေသများနှင့် ထိုဒေသများတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးစသည့် လုပ်ငန်းတာဝန်များကို ထမ်းရွက်နိုင်ရန် အတွက် နိုင်ငံတော်အစိုးရ၏ကိုယ်စား တာဝန်ပေးအပ်ခြင်း လည်း မည်ပေသည်။

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနကို ဖွဲ့စည်းဆောင်ရွက်ရသည့် အဓိက ရည်ရွယ်ချက်(၂)ရပ်မှာ အောက်ပါ အတိုင်းဖြစ်သည်-

(က) နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအား အခြေခံပညာ၊ အဆင့်မြင့်ပညာများ သင်ကြားလေ့ကျင့်ပေးပြီး နယ်စပ်ဒေသ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊

(ခ) နယ်စပ်ဒေသမှ အမျိုးသမီးငယ်များအား အိမ်တွင်းမှု သက်မွေးလုပ်ငန်းများ သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများ ထူထောင်နိုင်သည်အထိ အကူအညီဆောင်ရွက်ပေးရန်၊



သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသားမိဘများ

အဆိုပါ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်တွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် (စစ်ကိုင်း)၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၄ ကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း ကိုးကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၈ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ လူငယ်သင်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သော တိုင်းရင်းသားလူငယ်လေးများသည် အထက်ပါ တက္ကသိုလ်နှင့် ကောလိပ်များတွင် ဆက်လက်ပညာဆည်းပူးခွင့်ရရှိမည်ဖြစ်သည်။ အမျိုးသမီးငယ်လေးများက စစ်ကိုင်း (ရွာသစ်ကြီး)ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် B.Ed ငါးနှစ် သင်တန်းများ ဆက်လက်သင်ယူနိုင်ပြီး နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းကောင်းများအဖြစ် မွေးထုတ်ပေးလျက်ရှိသည်။ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)၏ ထူးခြားချက်မှာ လာမည့်စာသင်နှစ်တွင် တိုင်းရင်းသားလူငယ်များကို သာမက တိုင်းရင်းသူလေးများကိုပါ စိစစ်လက်ခံပြီး ဝိဇ္ဇာ၊ သိပ္ပံနှင့် အင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းသူအိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်ပြီးပါက ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)တွင်လည်း နောင်လာမည့်စာသင်နှစ်များတွင် တိုင်းရင်းသူလေးများကို လက်ခံသင်ကြားပေးမည်ဖြစ်ပါသည်။ မိမိတို့ လူငယ်သင်တန်းကျောင်းများတွင် တက်ရောက်သင်ကြားလျက်ရှိသော တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ပြီးသည့် တိုင်းရင်းသူလေးများထဲမှ B.Ed ငါးနှစ်သင်တန်းဝင်ခွင့်မမီသူများအနေဖြင့် အဆိုပါ ဒီဂရီကောလိပ်နှစ်ခုတွင် တက်ရောက်သင်ယူနိုင်မည့် အခွင့်အရေးကောင်းတစ်ရပ်လည်း ဖြစ်ပေသည်။

ယနေ့အချိန်အခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ်တည်ဆောက်ရာတွင် သဘာဝသယံဇာတ အရင်းအမြစ်များ၊ ပထဝီအနေအထားအရ တည်နေရာ အနေအထားကောင်းများ ပိုင်ဆိုင်ထားခြင်းကြောင့် မကြာမီကာလအတွင်း ဖွံ့ဖြိုးတိုးတက်လာမည်ဟု နိုင်ငံတကာက လေ့လာဆန်းစစ်အကဲ ဖြတ်ထားကြကြောင်း သိရှိရပါသည်။ ထိုကဲ့သို့ အခြေခံကောင်းများ ပိုင်ဆိုင်ထားသော်ငြားလည်း မိမိတို့နိုင်ငံ၏ အားသာချက်မှန်သမျှကို ဖျက်ဆီးပစ်နိုင်သည့် အရာတစ်ခုမှာ စွမ်းဆောင်နိုင်ရည်ချို့တဲ့ခြင်း၊ တစ်နည်းအားဖြင့်ဆိုသော် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းပင်ဖြစ်ပေသည်။ သည့်အတွက်ကြောင့်လည်း နိုင်ငံတော် အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နယ်စပ်ဒေသများ အပါအဝင် နိုင်ငံနှင့်အဝန်း လွှမ်းခြုံဆောင်ရွက်ပေးနေသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး၏ တိုက်တွန်းမှာကြားချက်နှင့်အညီ သင်တန်းဆင်း တိုင်းရင်းသားလူငယ်များသည် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အထူးလိုအပ်လှပေသည်။

သင်တန်းသားများအဖြစ် စတင်စိစစ်ရွေးချယ်စဉ်ကတည်းက နယ်စပ်ဒေသများတွင် မွေးဖွားကြီးပြင်းခဲ့သော၊ နယ်စပ်ဒေသများတွင် ပြန်လည်တာဝန်ထမ်းဆောင်နိုင်သော၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်လည်းမစိမ်းသော လူငယ်လူရွယ်များစွာ ပါဝင်လာခဲ့သည်။

ထို့ပြင် ပြည်ထောင်စုစိတ်ဓာတ်ဘာသာရပ်ကို ကျေညက်စွာ သင်ယူလေ့လာခွင့်ရထားပြီးသော ကျောင်းသားလူငယ်များအနေဖြင့် နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်သည် မည်မျှအရေးကြီးသည်ကို သိရှိနားလည်သဘောပေါက်ထားကြပြီးဖြစ်သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း “ နောင်မျိုးဆက်သစ်များအတွက် ထားခဲ့ရမည့် အကောင်းဆုံးအမွေအနှစ်သည် ငြိမ်းချမ်းရေးပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးရရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုကို မရရှိနိုင်ပါကြောင်း၊ ထို့ပြင် စည်းလုံးညီညွတ်မှုရှိမှသာ ငြိမ်းချမ်းနိုင်မည်ဖြစ်သည့်အတွက် ညီညွတ်ရေးကိုအခြေခံသည့် ငြိမ်းချမ်းရေးကို ဖန်တီးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးမှတစ်ဆင့် မိမိတို့လိုလားသည့် ချမ်းသာကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံကို ထူထောင်နိုင်မည်ဖြစ်ပါကြောင်း၊ နောင်မျိုးဆက်သစ်များကို တစ်ဆင့်ပြီးတစ်ဆင့် ကောင်းမွန်သည့် အမွေနှင့်အတူ တာဝန်များကိုလည်း လက်ဆင့်ကမ်းပေးသွားရမည်ဖြစ်ပါကြောင်း” မိန့်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပေရာ သင်တန်းဆင်း တိုင်းရင်းသား လူငယ်များအနေဖြင့် ဝန်ကြီးဌာနအသီးသီးကို ကိုယ်စားပြုလျက် မိမိတို့၏ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝများ မြင့်မားလာစေရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ကျရေး၊ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်များ တစ်ဆင့်ပြီး တစ်ဆင့် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းလာစေရေးတို့အတွက် အမျိုးသားရေးတာဝန်တစ်ရပ်သဖွယ် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရင်း နိုင်ငံတော်က မျှော်မှန်းထားသည့် သားကောင်းရတနာများအဖြစ် ရောက်ရှိအောင် ကြိုးပမ်းအားထုတ်နိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

# မြင်းမူမြို့နယ်တွင် ကျေးရွာသစ်လူပ်ရှားမှုနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအားလေ့လာ

**မြင်းမူ နိုဝင်ဘာ ၁၁**

ကိုရီးယားသမ္မတနိုင်ငံ၏ ငွေကြေးအခမဲ့ ထောက်ပံ့မှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကန်ဖျား ကျေးရွာ ကျေးရွာသစ်လှုပ်ရှားမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေမှုများကို မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နန္ဒာတောင်ကျေးရွာသစ်လှုပ်ရှားမှု အဖွဲ့မှ နိုဝင်ဘာ ၈ ရက်က လာ ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

လာရောက်လေ့လာသူများကို မြင်းမူမြို့နယ် ကန်ဖျား ကျေးရွာသစ်လှုပ်ရှားမှု SMU ဥက္ကဋ္ဌ ဦးမောင်ကြိုင်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးခေါင်းဆောင် ဦးသန်းမင်းထိုက်၊ ဝင်ငွေတိုးပွားရေး ခေါင်းဆောင် ဒေါ်သီတာနှင့် SMU အဖွဲ့မှ စာရင်းကိုင်(၁) ဦးချစ်စိုးတို့က ကိုရီးယားသမ္မတနိုင်ငံမှ အခမဲ့ ထောက်ပံ့သော မြန်မာငွေကျပ်သိန်း ၅၀၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များဆောင်ရွက်မှုနှင့် အခြေခံစီးပွားရေး လုပ်ငန်းများ တိုးတက်လာမှုများကို ရှင်းလင်းပြောကြားကြသည်။ ယင်းနောက် ပုသိမ်ကြီးမြို့နယ် နန္ဒာတောင်ကျေးရွာ SMU ဦးတင်လှနှင့် အသင်းဝင် ၃၀၀ ကျော်တို့သည် ကန်ဖျားကျေးရွာအတွင်း ပေ ၅၀၀၀ ကျောက်ချောလမ်း ခင်းကျင်းပြီးစီးမှု လမ်းများဖြောင့်တန်းစွာရှိရေး၊ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းများ ဆောင်ရွက်ထားမှု၊ တောင်သူ ၇၀ အား ရင်းနှီးငွေများထုတ်ချေးထားမှုနှင့် အထွက်တိုးမျိုးများ စိုက်ပျိုးထားရှိမှု၊ လက်ရက်ကန်းလုပ်ကိုင်နေသူ ၅၀ ရက်ကန်းစင် ၃၀၀ ကျော်မှ အဝတ်အထည်ရရှိမှုနှင့် ဈေးကွက်တွင် ဖြန့်ချိနေမှုများကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

ယခုအခါ မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ ကျေးရွာသစ်စီမံချက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကြောင့် ကျေးရွာပြည်သူများမှာ အလုပ်အကိုင်အခွင့်အလမ်း ပေါ်များလာပြီး မိသားစုဝင်ငွေ ပိုမိုရရှိလာခြင်းများကြောင့် ကျေးရွာသစ်စီမံကိန်းမှာ အောင်မြင်လျက်ရှိကြောင်း သိရသည်။

**အောင်စိုးဇေ (ပြန်/ဆက်)**



# ASOCIO အစည်းအဝေးနှင့် ASOCIO ICT Summit 2016 ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

နိုင်ငံတကာမှ IT နယ်ပယ်တွင် ဦးဆောင်နေသူများနှင့် ဝါရင့်ကျွမ်းကျင်ပညာရှင်များ ပါဝင်ဆွေးနွေးကြမည့် (၄၂)ကြိမ်မြောက် Asian-Oceanian Computing Industry Organization(ASOCIO) Council အစည်းအဝေး၊ ASOCIO General Assembly နှင့် ASOCIO ICT Summit 2016 ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ပံ့ပိုးမှုဖြင့် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ နိုဝင်ဘာ ၁၅ ရက်နှင့် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ထုတ်ပြန်ချက်အရ သိရသည်။

ASOCIO ICT Summit ကို "Accelerate Digital Transformation through Leveraging ASEAN Economic Community (AEC) Opportunities" ဟူသော Theme ဖြင့် ကျင်းပမည်ဖြစ်ရာ နိုင်ငံတကာမှ IT နယ်ပယ်တွင် ဦးဆောင်နေသူများနှင့် ဝါရင့်ကျွမ်းကျင် ပညာရှင်များ၏ အတွေ့အကြုံများနှင့် ဆွေးနွေးတင်ပြချက်များကို သိရှိနိုင်မည်ဖြစ်သည်။

ပထမနေ့တွင် အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ပေါင်းစည်းရေး အရှိန်အဟုန်မြှင့်တင်ခြင်းအတွက် ICT ၏ အခန်းကဏ္ဍ၊ အာဆီယံနိုင်ငံများအတွင်းမှ IT နည်းပညာ ထူးချွန်ထက်မြက်သူများအား လွတ်လပ်စွာ ကူးသန်းလုပ်ကိုင်နိုင်မှုအတွက် ASOCIO ၏ ဆောင်ရွက်ပေးနိုင်မည့် အခန်းကဏ္ဍ၊ အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးစနစ် အပိုင်းအခြား အကန့်အသတ်မရှိ ဆောင်ရွက်လာနိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံအတွင်းမှ IT နည်းပညာ ထူးချွန်ထက်မြက်သူများအား အာဆီယံ စီးပွားရေးအသိုက်အဝန်းနှင့် အာရှနိုင်ငံများအတွက် ပြုစုပျိုးထောင် စုဆောင်းထားခြင်းဖြင့် မြန်မာ IT ပညာရှင်များအတွက် အခွင့်အလမ်းများ စီစဉ်ပေးမည့် အခြေအနေများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယနေ့တွင် အာရှနှင့် သမုဒ္ဒရာဒေသရှိ နိုင်ငံများ၌ ICT ကူးပြောင်းခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် တည်ဆောက်နိုင်မည့် ပုံစံများနှင့်အတူ Smart City ထူထောင်ခြင်းဆိုင်ရာ စိန်ခေါ်မှုများကို ဆွေးနွေးအကြံပြုကြမည်ဖြစ်ပြီး ICT ဆိုင်ရာ လုပ်ငန်းရှင်များ အပြန်အလှန်ချိတ်ဆက်မှုများ ရရှိစေရေးအတွက်လည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASOCIO ICT Summit 2016 သို့တက်ရောက်လိုသည့် နည်းပညာလုပ်ငန်းရှင်များအပါအဝင် အခြားလုပ်ငန်းရှင်များအနေဖြင့် ဝက်ဘ်ဆိုက်လိပ်စာ (www.asocioictsummit2016.org)တွင် အသေးစိတ်အချက်အလက်များကို လေ့လာ၍ သတ်မှတ်ဝင်ကြေးကို စုံစမ်းကာ တက်ရောက်လိုပါက ဖောင်များကို ဖြည့်စွက်၍ဖြစ်စေ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း-၀၁- ၆၅၂၃၀၇ နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းဖုန်း-၀၁-၆၅၂၂၃၈ သို့ ဆက်သွယ်၍ဖြစ်စေ တက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ကွန်ပျူတာပညာရှင်အသင်းဝင်များနှင့် ကွန်ပျူတာလုပ်ငန်းရှင်အသင်းဝင် ကုမ္ပဏီများအတွက် ဝင်ကြေးကို အထူးနှုန်း သတ်မှတ်ပေးထားကြောင်း သိရသည်။



၂၀၁၄ ခုနှစ်က ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သော ASOCIO ICT Summit အခမ်းအနား

ASOCIO သည် အာရှနှင့် သမုဒ္ဒရာဒေသရှိ နိုင်ငံပေါင်း ၂၄ နိုင်ငံမှ ကိုယ်စားပြု IT Industry အဖွဲ့အစည်းများနှင့် အဖွဲ့ဝင်များအကြား အတူတကွ ရှင်သန်ခြင်းနှင့် ကူးလူးဆက်သွယ်ခြင်း ပိုမိုကောင်းမွန်လာစေရန်နှင့် ဒေသအတွင်း အိုင်တီနည်းပညာကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ၁၉၈၄ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် အဖွဲ့အစည်းဖြစ်သည်။

ASOCIO ၏ အဖွဲ့ဝင်နိုင်ငံများမှာ ဩစတြေးလျ၊ ဘင်္ဂလားဒေ့ချ်၊ ဘူတန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မကာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ မြန်မာ၊ နီပေါ၊ နယူးဇီလန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ကိုးရီးယား၊ သီရိလင်္ကာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများဖြစ်ပြီး လက်ရှိတွင် အဖွဲ့ဝင် ICT နည်းပညာဆိုင်ရာ ကုမ္ပဏီပေါင်း ၁၀၀၀၀ ကျော်ရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်က ဦးဆောင်၍ ASOCIO ၏ Associate Member အဖြစ် ၁၉၉၈ ခုနှစ်တွင် ဝင်ရောက်ခဲ့ခြင်း ဖြစ်သည်။

ASOCIO အဖွဲ့အစည်းကြီးသည် ICT နယ်ပယ်မှ ထိပ်တန်းပုဂ္ဂိုလ်များက ဦးဆောင်၍ ICT ဆိုင်ရာ ထိပ်တန်း ဆွေးနွေးပွဲများကိုလည်း ဒေသတွင်းနိုင်ငံများ၌ နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။ နှစ်စဉ် နှစ်ပတ်လည် နှီးနှောဖလှယ်ပွဲများကို အဖွဲ့ဝင်နိုင်ငံများ၌ လက်ခံကျင်းပစေပြီး အိမ်ရှင်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရေးရှုလျက် ဦးစားပေးလုပ်ငန်းများနှင့် သက်ဆိုင်သော ဝါရင့်အတွေ့အကြုံရှိ ပညာရှင်များ၏ ဟောပြောမှုများ၊ Panel Discussion များ ပြုလုပ်ကာ ICT ဆိုင်ရာ လုပ်ငန်းရှင်များအချင်းချင်း အပြန်အလှန်ချိတ်ဆက်မှုများ ရရှိစေရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်တွင် ASOCIO အစည်းအဝေးနှင့် ICT Summit ကို မြန်မာနိုင်ငံမှ လက်ခံကျင်းပရန် အလှည့်ကျရောက်လာခြင်းဖြစ်ကာ အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) စတင်ခြင်းနှင့်လည်း တိုက်ဆိုင်လျက်ရှိကြောင်း၊ ပြည်တွင်းမှ ICT နည်းပညာဆိုင်ရာ လုပ်ငန်းများအပါအဝင် အာဆီယံ ၁၀ နိုင်ငံမှ နည်းပညာလုပ်ငန်းများအနေဖြင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းခြင်း(Digital Transformation)ကို အရှိန်အဟုန်မြှင့်၍ အာဆီယံစီးပွားရေး အသိုက်အဝန်းသို့ ချိတ်ဆက်နိုင်ရန်နှင့် အခြားသော အာရှနှင့် သမုဒ္ဒရာဒေသ ၁၄ နိုင်ငံရှိ ICT ဆိုင်ရာ စီးပွားရေးလုပ်ငန်းများသို့ ချိတ်ဆက်ကာ ကြီးမားသော စီးပွားရေးအခွင့်အလမ်း ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ASOCIO အစည်းအဝေးနှင့် ICT Summit ကို ကျင်းပသည့် ရည်ရွယ်ချက်များအနေဖြင့် အာဆီယံနိုင်ငံများအတွင်း အီလက်ထရွန်နစ်ကူးသန်းရောင်းဝယ်ရေးစနစ် အပိုင်းအခြား အကန့်အသတ်မရှိ ဆောင်ရွက်လာနိုင်မှုကို နားလည်သဘောပေါက်စေရန်၊ အာရှနှင့် သမုဒ္ဒရာဒေသရှိ နိုင်ငံများ၌ ICT ကူးပြောင်းခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် တည်ဆောက်နိုင်မည့် ပုံစံများကို သိရှိလာနိုင်စေရန်၊ ICT ကို အသုံးပြုခြင်းဖြင့် အစိုးရ၏ စီမံခန့်ခွဲမှု အုပ်ချုပ်ရေးယန္တရား ခိုင်မာအားကောင်းလာပြီး သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်ပေါ်လာစေရန်၊ ICT အသုံးပြုခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် ဈေးကွက်အခြေအနေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာကောင်းများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာ အဖိုးတန်သည့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်စေရန်၊ ICT ကို အသုံးပြုခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်၊ ICT အသုံးချနိုင်မှုကို သိရှိနားလည်ပြီး ICT နည်းပညာအသုံးချမှု ပိုမိုတိုးတက်ကျယ်ပြန့်လာစေရန်၊ ICT စီးပွားရေးလုပ်ငန်းကို နိုင်ငံတော်၏ အဓိကကျသော စီးပွားရေးကဏ္ဍတစ်ခုအဖြစ် ဖြစ်ပေါ်လာအောင်ပြုလုပ်နိုင်ရန် ရည်ရွယ်ကြောင်း မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ထုတ်ပြန်ချက်အရ သိရသည်။

**သူရဖြိုး**

# မိုဘိုင်းဖုန်းတွေရဲ့ RAM နဲ့ မင်မိုရီဆိုတာ

**သူရဖြိုး**

ယခင်တစ်ပတ်က မိုဘိုင်းဖုန်းအသစ်တွေမှာ ပါဝင်နေတဲ့ နည်းပညာသစ်တစ်ခုဖြစ်တဲ့ On the Go အကြောင်း ဖော်ပြပြီးဖြစ်ပါတယ်။ အခုတစ်ပတ်မှာတော့ မိုဘိုင်းဖုန်းသုံးသူတိုင်း အခြေခံသိသင့်တဲ့ အချက်တစ်ခုဖြစ်တဲ့ RAM နဲ့ ဖုန်းထဲမှာ မူလပါဝင်တဲ့ မင်မိုရီ(Built in memory)အကြောင်း၊ ပြင်ပ မင်မိုရီကတ် ထိုးစိုက်သုံးမယ်ဆိုရင် ဘယ်လောက်အထိ ထိုးစိုက်သုံးခွင့်ရှိတယ်ဆိုတဲ့ သတ်မှတ်ချက်တွေအကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**RAM နဲ့ မင်မိုရီ**

ဖုန်းကြော်ငြာတွေကို ကြည့်မယ်ဆိုရင် အဲဒီဖုန်းရဲ့ Space တွေထဲမှာ RAM က ဘယ်လောက်၊ မင်မိုရီက ဘယ်လောက်ဆိုတာ ဖော်ပြထားတာကို တွေ့ရမှာဖြစ်ပါတယ်။ RAM ဆိုတဲ့ Random access memory နဲ့ memory ဘာကွာသလဲဆိုတာ ကွန်ပျူတာနဲ့ မစိမ်းတဲ့လူတွေကတော့ သိကြတာများပါတယ်။ RAM ဆိုတာက ကွန်ပျူတာမှာပါတဲ့ RAM နဲ့ အတူတူဖြစ်ပြီး မင်မိုရီဆိုတာကတော့ ကွန်ပျူတာထဲက Hard disk လို ဒေတာတွေ သိမ်းဆည်းတဲ့အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာက နှစ်နှစ်၊ သုံးနှစ်လောက်အတွင်းမှာ မိုဘိုင်းဖုန်းတွေ ရုတ်တရက်များလာမှ ကိုင်ဖူးကြတဲ့သူတွေကများတော့ RAM နဲ့ မင်မိုရီ ဘာကွာလဲဆိုတာ မသိကြတဲ့သူတွေ အများကြီးရှိနေပါသေးတယ်။

**အင်တာနယ်မင်မိုရီ**

မင်မိုရီဆိုတာက အချက်အလက်တွေ သိမ်းဆည်းရာနေရာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းတွေမှာ Internal Memory ဆိုတဲ့ ဖုန်းဝယ်ကတည်းကပါတဲ့ မင်မိုရီကတစ်ပိုင်း၊ မင်မိုရီကတ် ထပ်စိုက်သုံးလို့ ရလာတဲ့မင်မိုရီက တစ်ပိုင်းရှိပါတယ်။ အဲဒီမင်မိုရီအထဲမှာ ဖုန်းစဝယ်ကတည်းက ပါလာတဲ့ စက်လည်ပတ်စနစ်(Firmware)အပါအဝင် အပလီကေးရှင်းတွေ၊ နောက်ထပ်ကိုယ်တိုင် ထပ်သွင်းထားတဲ့ အပလီကေးရှင်းတွေ၊ ကင်မရာက ရိုက်လိုက်တဲ့ ဓာတ်ပုံတွေနဲ့ ဗီဒီယိုတွေ၊ အသံဖမ်းလိုက်တဲ့ ဖိုင်တွေနဲ့ ဖုန်းပြောရင်း အသံဖမ်းထားတဲ့ ဖိုင်တွေ၊ အင်တာနက်သုံးရင်း ဒေါင်းလုပ်ဆွဲလိုက်တဲ့ ဖိုင်တွေနဲ့ သီချင်းတွေ၊ Zapya နဲ့ ဘလူးတုသ်ကနေ ရဲ့ယူလိုက်တဲ့ ဖိုင်တွေ၊ Viber လို မက်ဆင်ဂျာတွေသုံးတဲ့အခါ သူများက ပို့လိုက်တဲ့ ဓာတ်ပုံတွေ၊ ဂိမ်းတွေဆော့တဲ့အခါ လယ်ဗယ်တစ်ခုတက်ရင် တစ်ခုစာ သိမ်းထား(Save)ပေးတဲ့ ဖိုင်တွေ၊ ဖုန်းရဲ့ Note ထဲမှာ ရေးလိုက်တဲ့စာတွေ အကုန်လုံးဟာ မင်မိုရီထဲမှာ သိမ်းဆည်းတာဖြစ်ပါတယ်။

အဲဒီအထဲမှာ အခြားမင်မိုရီသုံးထားတဲ့ အချက်အလက်တွေကို လိုသလိုလျှော့လို့ရပေမယ့် ဖုန်းရဲ့ စက်လည်ပတ်စနစ်(Firmware)အတွက် နေရာတစ်ခုကိုတော့ လုံးဝလျှော့လို့မရဘဲ သတ်မှတ်ပေးထားရပါတယ်။ ဒါကြောင့် ဖုန်းသစ်တစ်လုံးဝယ်တဲ့အခါ မင်မိုရီက 4GB လို့ဆိုပေမယ့် တကယ်သုံးလို့ရတဲ့ နေရာလွတ်က 3GB လောက်ပဲရှိတာ၊ မင်မိုရီက 8 GB ဆိုပေမယ့် နေရာလွတ်က 5GB ကျော်ကျော်လောက်ပဲ ရှိတာမျိုးတွေ တွေ့ရတာဖြစ်ပါတယ်။ ဖုန်းထဲမှာပါလာတဲ့ အပလီကေးရှင်းတွေကို ဘယ်လိုပဲ ဖြုတ်ဖြုတ်၊ ဒေတာတွေကို ဘယ်လိုပဲရှင်းရှင်း ရေးထားတဲ့ မင်မိုရီအတိုင်း အပြည့်မရတာက Firmware က နေရာယူထားလို့ဖြစ်ပါတယ်။

**မိုက်ခရို SD ကတ်**

ဒါကြောင့် ဖုန်းတွေမှာ ဒေတာပမာဏ များများသုံးဖို့ဆိုရင် မင်မိုရီကတ်တွေ ထပ်စိုက်သုံးရပါတယ်။ မင်မိုရီကတ်ကို ထပ်စိုက်သုံးတဲ့အခါမှာ သတိပြုရမှာက ကိုယ့်ရဲ့ဖုန်းက ဘယ်လောက်အထိကို ထပ်သုံးဖို့ ထောက်ပံ့ပေးလဲဆိုတာဖြစ်ပါတယ်။ အခုအချိန်မှာ မင်မိုရီကတ်တွေက 256 GB ပမာဏလောက်အထိ ထွက်နေတာဖြစ်ပြီး လွန်ခဲ့တဲ့ငါးနှစ်လောက်ကဆိုရင် စားပွဲတင်ကွန်ပျူတာတစ်လုံးရဲ့ Hard disk က 80GB လောက်သာ စံထားအသုံးပြုခဲ့ကြတာဖြစ်တဲ့အတွက် ကွန်ပျူတာသုံးလုံးလောက်နဲ့ သိမ်းထားရမယ့် ဒေတာပမာဏကို လက်သည်းခွံလောက် ကတ်ပြားလေးထဲမှာ သိမ်းထားနိုင်တယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။

သို့သော် ကိုယ့်ဖုန်းမှာ မင်မိုရီကတ်ထည့်သုံးမယ်ဆိုရင်တော့ မင်မိုရီကတ်(Micro SD)ကတ်လေးက ဘယ်လောက်များတဲ့ ဒေတာပမာဏကို သိမ်းနိုင်တယ်ဆိုဆို ကိုယ့်ဖုန်းက အဲဒီပမာဏကို ထောက်ပံ့ပေးနိုင်မလားဆိုတာ ကြည့်ရမှာဖြစ်ပါတယ်။ ဖုန်းရဲ့ CPU အမျိုးအစား ကောင်းရင်ကောင်းသလို၊ RAM ပမာဏ များရင်များသလို ဒေတာများများသုံးနိုင်တဲ့ မင်မိုရီကတ်ကို သုံးနိုင်မှာဖြစ်ပါတယ်။ ဖုန်းဝယ်မယ်ဆိုရင် ကိုယ့်ဖုန်းက မင်မိုရီကတ်ကို ဘယ်လောက်အထိ support လုပ်ပေးနိုင်တဲ့ဖုန်းလဲလို့ ဆိုင်မှာမေး လိုက်တာက အတိအကျ သိရမှာဖြစ်ပါတယ်။

ဒါပေမယ့် အခုအချိန်မှာ 256GB အပြည့် ဒေတာထည့်ထားတဲ့ မင်မိုရီကတ်ကို ထောက်ပံ့ပေးတဲ့ဖုန်းက အင်မတန် ရှားပါသေးတယ်။ ဖုန်းအများစုဟာ မင်မိုရီ 32 GB, 64 GB လောက်ကိုသာ Support လုပ်ပေးကြပြီး 128 GB ကတ်ကို Support ပေးနိုင်တဲ့ဖုန်းတောင် တော်တော်ရှားပါတယ်။

**RAM**

RAM ဆိုတာက မင်မိုရီအမျိုးအစားတစ်ခုဖြစ်ပေမယ့် ဒေတာတစ်ခုကို သိမ်းထားသလို အမြဲနေရာယူနေတာ မဟုတ်ပါဘူး။ ဖုန်းကို ဂဏန်းပေါင်းစက်သုံးတာ၊ ဂိမ်းတစ်ခုဆော့တာ၊ အင်တာနက်သုံးတာ၊ ဓာတ်ပုံရိုက်တာ၊ သီချင်းဖွင့်တာ စသည်ဖြင့် ဘာပဲလုပ်လုပ် ဖုန်းကို သုံးလိုက်တဲ့အခါတိုင်း ဖုန်းဟာ အဲဒီအသုံးပြုမှုအတွက် ဖုန်းထဲမှာ တွက်ချက်အလုပ်လုပ်ပြီး အဖြေရလဒ်ကို ပြပါတယ်။ ဂဏန်းပေါင်းစက်သုံးရင် အဖြေကို ပြပေးတာဟာ အရိုးရှင်းဆုံး အလုပ်လုပ်ပုံဖြစ်ပါတယ်။ သေနတ်ပစ်တဲ့ ဂိမ်းတစ်ခုဆော့ရင် ကျည်ဆံမှန်သွားလို့ ရန်သူသေသွားပုံကို ပြတာမျိုးဟာလည်း ဖုန်းက အတွင်းထဲကနေ တွက်ချက်အလုပ်လုပ်ပေးနေတာဖြစ်ပါတယ်။

အဲဒီလို ကိုယ်သုံးလိုက်တဲ့ အရာတိုင်းအတွက် အတွင်းထဲကနေ တွက်ချက်အလုပ်လုပ်ပေးတဲ့ မင်မိုရီကို RAM လို့ ခေါ်တာဖြစ်ပါတယ်။ ဓာတ်ပုံတစ်ပုံကို ဖုန်းထဲသိမ်းထားသလို အမြဲနေရာယူမနေဘဲ အလုပ်တစ်ခုလုပ်ဖို့ လိုအပ်ရင် လိုအပ်သလိုယာယီနေရာယူပြီး လုပ်ဆောင်ချက်ကို လုပ်ပြီးသွားရင် အလိုလို နေရာလွတ်ပြန်ပေါ်သွားတဲ့ မင်မိုရီဖြစ်ပါတယ်။

ဒါပေမယ့် ဖုန်းကို ဘာမှမသုံးဘဲ ထားမယ်ဆိုရင်တောင် RAM ဟာ အလုပ်နည်းနည်းကိုတော့ အမြဲလုပ်နေရပါတယ်။ ပါဝါခလုပ်ကို နှိပ်လိုက်တာနဲ့ ဖုန်းရဲ့ Lock Screen ကို ဖွင့်ပေးအောင်၊ လော့ဖွင့်တာမှန်ရင် ဖုန်းကို ပွင့်သွားအောင် RAM က အလုပ်စလုပ်ရပါတယ်။ အဲဒီကနေ ဖုန်းကိုသုံးပြီဆိုရင်တော့ သုံးတာများရင် များသလို RAM ကိုလည်း များများသုံးလာရပါတယ်။

ဒီတော့ ဖုန်းကို ဖုန်းပြောရုံလောက်၊ ဓာတ်ပုံရိုက်ရုံလောက် သုံးမယ်ဆိုရင် RAM ပမာဏ များများမလိုပေမယ့် အင်တာနက်လည်းသုံးမယ်၊ ဂိမ်းတွေလည်း ဆော့မယ် စသည်ဖြင့် လုပ်ဆောင်ချက်များများလုပ်မယ်ဆိုရင် RAM ပမာဏကို ပိုများများလိုပါတယ်။ ဖုန်းတွေမှာ ဂိမ်းတွေဆော့ရင်း ရုတ်တရက် Home ကို နှိပ်ထွက်လိုက်ရင် ဖုန်းက သုံးရတာ လေးနေတာမျိုးတွေ ဖြစ်တာဟာ RAM က ဂိမ်းအတွက် အလုပ်လုပ်နေရဆဲမှာ နောက်တစ်ခုအတွက် အသင့်ပြင်ထားပေးရတာမျိုးကြောင့် RAM ပမာဏ မလုံလောက်လို့ ဖြစ်ပါတယ်။

**RAM များလေ ဈေးကြီးလေ**

ဖုန်း၊ ကွန်ပျူတာနည်းပညာတွေနဲ့ အလှမ်းဝေးတဲ့လူတွေအနေနဲ့ RAM ဆိုတာ ဘယ်လိုအလုပ်လုပ်သလဲ သိပ်မသိကြလို့ RAM ပမာဏ ဘယ်လောက်ရှိတယ် ဆိုပေမယ့် ဒေတာလည်း သိမ်းလို့မရဘူးလို့ ထင်ကြတာတွေ ရှိပါတယ်။ ဒီနေ့ကာလလို လုပ်ဆောင်ချက်အရမ်းမြင့်တဲ့ဖုန်းတွေ၊ ကိုယ်ရေးလက်ထောက်တစ်ယောက်လို အသုံးပြုလို့ရတဲ့ ဖုန်းတွေဟာ RAM ကိုလည်း အများကြီး သုံးရပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်က စားပွဲတင် ကွန်ပျူတာတွေဟာ RAM 1GB လောက်ပါဝင်ပြီး စာစီစာရိုက်၊ ဗီဒီယိုကြည့်၊ ဂိမ်းတချို့ကစားတာလောက် လုပ်နိုင်ခဲ့ပေမယ့် အခုမိုဘိုင်းဖုန်းတွေမှာ ပါနေတဲ့ RAM က 2GB လောက်ဟာ အနည်းဆုံးဖြစ်နေပါပြီ။ အချို့ဆို 3GB လောက်ပါပြီး မော်ဒယ်မြင့်ဖုန်းအချို့ဆို 4GB လောက် ပါနေကြပါပြီ။ နောင်မှာလည်း ဒါထက် ထပ်တိုးလာဦးမှာဖြစ်ပါတယ်။ ဖုန်းတွေဟာ အမှန်တကယ်လည်း RAM ပမာဏများဖို့လိုပြီး နည်းရင် အလုပ်ကိုမဖြစ်နိုင်တဲ့သဘောမျိုး ဖြစ်နေပြီဖြစ်ပါတယ်။

ဒါကြောင့် ဖုန်းတစ်လုံးဝယ်တဲ့အခါမှာ အင်တာနယ်မင်မိုရီ ဘယ်လောက်ပါတယ်ဆိုတာက အရေးကြီးသလို RAM ဘယ်လောက်ပါတယ်ဆိုတာကလည်း အင်တာနယ်မင်မိုရီထက်တောင် ပိုအရေးကြီးကြောင်း သိဖို့လိုပါတယ်။ ပြီးတော့ RAM ပမာဏများတဲ့ ဖုန်းတွေက ဈေးကြီးနေတာမြင်ရင်လည်း အဲဒါဟာ အလကားနေရင်း ဈေးကြီးနေတာမဟုတ်ဘဲ တကယ်ထိုက်တန်လို့ ဈေးကြီးနေတယ်ဆိုတာသိဖို့ လိုပါတယ်။ တချို့ဖုန်းတွေဟာ ကျန်တဲ့လုပ်ဆောင်ချက်တွေ အားလုံးတူပြီး RAM မှာ Edition နှစ်မျိုးနဲ့ ထွက်တတ်ပါတယ်။ RAM အမြင့်က ဈေးတစ်မျိုး၊ အနိမ့်က ဈေးတစ်မျိုးနဲ့ ရောင်းကြပါတယ်။ အဲဒီလိုဖုန်းမျိုးကို ရွေးဝယ်ရမယ့်အခါ ဖြစ်နိုင်မယ်ဆိုရင်၊ ငွေကြေးတတ်နိုင်မယ်ဆိုရင် RAM အနိမ့် Edition နဲ့ အမြင့် Editionမှာ ဈေးကွာတာကိုမကြည့်ဘဲ RAM အမြင့်ကိုသာ ရွေးချယ်ဝယ်ယူသင့်ကြောင်းလည်း အကြံပြုလိုက်ပါတယ်။

# အဲဗာတန်က ခေါ်ယူဖွယ်ရှိနေတဲ့ ဒီပေး

အဲဗာတန်က မန်ယူကစားသမား မစ်ဖစ်ဒီပေးကို အငှားခေါ်ယူဖို့ စဉ်းစားနေပြီလို့ ဆိုပါတယ်။ နည်းပြ ရော်နယ်ကိုးမန်းက ဟော်လန်သား ဒီပေးကို တစ်နိုင်ငံတည်းသားဖြစ်လို့ ခေါ်ယူကစားဖို့ ဆန္ဒရှိနေတယ်လို့ ဆိုပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဒီပေးဟာ ၂၀၁၅ ခုနှစ်က မန်ယူကို ပေါင် ၂၅ သန်းနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အဲဗာတန်နည်းပြ ကိုးမန်းက ဒီပေးရဲ့ အခြေအနေကို စောင့်ကြည့်နေခဲ့ပါတယ်။ မန်ယူမှာ နေရာမရဖြစ်လာတဲ့ ဒီပေးကို အဲဗာတန်အသင်းက အငှားခေါ်ယူသွားဖို့ ပြင်ဆင်မှုတွေပြုလုပ်နေပြီလို့ ဆိုပါတယ်။

ဒီပေးဟာ နည်းပြမော်ရင်ဟိုလက်ထက်မှာ ပုံမှန်ခြေစွမ်းပြကစားခွင့်တွေ ပျောက်ဆုံးနေတယ်လို့ ဆိုပါတယ်။ မန်ယူ တာဝန်ရှိသူတွေအနေနဲ့လည်း ဒီပေးကို အသင်းမှ ထွက်ခွာခွင့်ပေးဖို့ စဉ်းစားနေပြီလို့ ဆိုပါတယ်။ အဲဗာတန်အသင်းနည်းပြ ကိုးမန်းအနေနဲ့ ဒီပေးကို အရခေါ်ယူသွားဖွယ်ရှိနေပါတယ်။



# ချယ်လ်ဆီးနဲ့အတူ ခြေစွမ်းပြခွင့်မရတဲ့ မီခေးလ်အိုဘီ




ဂျွန်မိုက်ကယ်အိုဘီဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၁ နှစ်ကြာကစားပြီး ဖလား ၁၀ လုံးရယူပေးခဲ့သော်လည်း ယခုနှစ် နည်းပြသစ် ကွန်တီးလက်ထက်မှာ တစ်မိနစ်မျှ ကစားပေးနိုင်ခြင်းမရှိသေးဘူးလို့ ဆိုပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားနိုင်ငံသား ကွင်းလယ်ကစားသမား အိုဘီဟာ ချယ်လ်ဆီးအသင်းမှာ ဂျွန်တယ်ရီပြီးရင် ဒုတိယသက်တမ်းအရှည်ကြာဆုံးကစားပေးတဲ့ ကစားသမားဖြစ်ပါတယ်။ ချယ်လ်ဆီးနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ဟာ လာမယ့်နှစ်မှာ ကုန်ဆုံးတော့မှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးမှုတွေ ပြုလုပ်တာ မတွေ့ရသေးပါဘူး။

နည်းပြ ကွန်တီးကလည်း သူ့ကိုပွဲထွက်ကစားခွင့်မပေးဘူးလို့ ဆိုပါတယ်။ လာမယ့် ၂၀၁၇ ခုနှစ်မှာတော့ ဂျွန်အိုဘီဟာ ချယ်လ်ဆီးကနေ ထွက်ခွာဖွယ်ရှိနေပါတယ်။ မီခေးလ်အိုဘီဟာ ၂၀၀၆ ခုနှစ်က နိုင်ဂျီးရီးယားကလပ် လိုင်အော်စလိုမှ ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားခဲ့ပါတယ်။ သူဟာ ချယ်လ်ဆီးအသင်းနဲ့အတူ ၁၁ နှစ်တာအတွင်း ဖလားတွေရရှိအောင် အဓိက ခြေစွမ်းပြပါဝင်ကစားခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် နည်းပြ ကွန်တီးလက်ထက်မှာတော့ ခြေစွမ်းပြခွင့်မရဘဲ ဖြစ်နေပါတယ်။

❐ ကောင်းမြတ်သူ - စုစည်းသည်။ ❐



# အီတလီ၊ စပိန်တို့ အနိုင်မျှော်လင့်ရမယ့် ဥရောပဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲ

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲရဲ့အုပ်စုပွဲစဉ်တွေကို နိုဝင်ဘာ ၁၂ ရက်ညပိုင်းမှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နာမည်ကြီးအသင်းတွေဖြစ်တဲ့ အီတလီ၊ စပိန်အသင်းတွေအခြေအနေကောင်းနိုင်မလားကြည့်ရမှာဖြစ်သလို အမှတ်လိုအပ်ချက်တွေရှိနေတဲ့ အသင်းတွေရဲ့အားထုတ်မှုက မျှော်လင့်ချက်ပြည့်ဝနိုင်မလားဆိုတာကလည်း စိတ်ဝင်စားစရာဖြစ်နေပြန်ပါတယ်။

**လက်ချင်စတိန်းနဲ့ အီတလီ**

အုပ်စု(G)မှာ အီတလီတို့ ပုံမှန်ခြေစွမ်းပြနေပြီး တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ပေမယ့် ခံစစ်ကြောင်းက ပွဲတိုင်း ဂိုးတွေပေးနေရပါတယ်။ အီတလီတို့က လက်ရှိအုပ်စုပွဲစဉ် သုံးပွဲကစားပြီးချိန်မှာ ခုနစ်မှတ်ရနေတာမို့ အုပ်စုထိပ်ဆုံးက စပိန်နဲ့ ရမှတ်တူနေပါတယ်။ သုံးပွဲကစားပြီးချိန်မှာ အမှတ်မရသေးတဲ့ လက်ချင်စတိန်းဟာ ရှုံးပွဲတွေ ဆက်တိုက်ဖြစ်နေတဲ့အပြင် သုံးပွဲမှာ ၁၂ ဂိုး အထိပေးထားရတဲ့ ခံစစ်ပိုင်းဆိုးရွားမှုလည်းရှိနေတာကြောင့် ဒီပွဲဟာ အီတလီရဲ့နိုင်ပွဲပဲဖြစ်ဦးမှာပါ။

**စပိန်နှင့် မက်ဆီဒိုးနီးယား**

အုပ်စု(G)မှာ စပိန်တို့ ခုနစ်မှတ်ရထားပြီး တိုက်စစ်ထက်မြက်ကြောင်းလည်း ပြသထားနိုင်ပါတယ်။ အုပ်စုပွဲစဉ်သုံးပွဲစလုံး ရှုံးထားတဲ့ မက်ဆီဒိုးနီးယားတို့က ဒီပွဲမှာ စပိန်ကိုလည်း ခြေရည်တူကစားဖို့ ခဲယဉ်းပါလိမ့်မယ်။ စပိန်တို့ရဲ့ခံစစ်ပိုင်းက အကောင်းဆုံးအနေအထားရှိတဲ့အပြင် အမှားအယွင်းလည်းမရှိတာမို့ မက်ဆီဒိုးနီးယားတို့ ဒီပွဲမှာ တစ်မှတ်ရဖို့တောင်မလွယ်ပါဘူး။

**ဘယ်လ်ဂျီယံနှင့် အက်စ်တိုးနီးယား**

အုပ်စု(H)မှာတော့ ဘယ်လ်ဂျီယံတို့က သုံးပွဲကစား၊ သုံးပွဲစလုံးအနိုင်ရပြီး ကိုးမှတ်ရရှိကာ အုပ်စုကိုဦးဆောင်ထားပါတယ်။ အက်စ်တိုးနီးယားတို့ကတော့ သုံးပွဲကစား၊ သုံးမှတ်ရရှိထားလို့ ဒီပွဲမှာ အမှတ်ရယူနိုင်ရေးကြိုးစားလာပါလိမ့်မယ်။ ဘယ်လ်ဂျီယံဟာ သုံးပွဲကစားပြီးချိန်မှာ ၁၃ ဂိုးသွင်းယူနိုင်ခဲ့သလို ပေးဂိုးလည်းမရှိပါဘူး။ ခံစစ်ပိုင်းအားနည်းတဲ့ အက်စ်တိုးနီးယားဟာ အခုပွဲမှာ ဘယ်လ်ဂျီယံရဲ့ဖိအားပေးမှုကို ကြုံရပြီး မျှော်လင့်ချက်မဲ့သွားနိုင်တဲ့ ခံစားမှုမျိုးပဲ ကြုံတွေ့ရနိုင်ပါတယ်။

**ဆိုက်ပရပ်စ်နှင့် ဂျီဘရော်တာ**

အုပ်စု(H)မှာ နှစ်သင်းစလုံး သုံးပွဲကစားပြီးချိန်အထိ အမှတ်မရသေးပါဘူး။ ဆိုက်ပရပ်စ်က ပွဲတိုင်းဂိုးမသွင်းနိုင်သလို ခံစစ်ပိုင်းကလည်း ယိုယွင်းနေပါတယ်။ ဂျီဘရော်တာကလည်း တိုက်စစ်အားနည်းပြီး သုံးပွဲမှာ တစ်ဂိုးသာသွင်းယူထားနိုင်ပါတယ်။ နှစ်သင်းစလုံး ခြေစွမ်းပိုင်းကွာဟမှုမရှိတာမို့ သရေရလဒ်နဲ့ပဲ ပွဲသိမ်းသွားမယ့် အနေအထားပါပဲ။

**ခရိုအေးရှားနှင့် အိုက်စလန်**

အုပ်စု(I)မှာ ခရိုအေးရှားတို့က သုံးပွဲကစားပြီး ခုနစ်မှတ်ရရှိကာ အုပ်စုကို ထိပ်ဆုံးမှဦးဆောင်နေပါတယ်။ အိုက်စလန်တို့ကလည်း သုံးပွဲကစားပြီး ခုနစ်မှတ်ရရှိနေတာမို့ ဒီပွဲမှာ ဘယ်သူအုပ်စုကို ဦးဆောင်ခွင့်ရသွားမလဲဆိုတာ ထွက်ပေါ်လာမယ့် ပွဲပါပဲ။ နှစ်သင်းစလုံးခြေစစ်ပွဲအောင်မြင်ရေးအတွက် တိုက်စစ်အပြိုင်ဖွင့်ပြီး ကစားမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲဖြစ်ပါတယ်။ တိုက်စစ်ရော၊ ခံစစ်ပိုင်းမှာပါ အားနည်းချက်ရှိတဲ့ ခရိုအေးရှားတို့ပဲ ဂိုးမပြတ်ဘဲ ကပ်ပြီးနိုင်သွားမယ့်ပွဲပါပဲ။

**ယူကရိန်းနှင့် ဖင်လန်**

အုပ်စု(I)မှာတော့ ယူကရိန်းတို့က သုံးပွဲကစားပြီး ငါးမှတ်ရရှိထားပါတယ်။ ဖင်လန်တို့က တစ်မှတ်သာရရှိထားလို့ မျှော်မှန်းချက်မှုန်ဝါးနေပြီဖြစ်ပါတယ်။ ယူကရိန်းဟာ တိုက်စစ်ကောင်းမွန်ပြီး ခံစစ်ပိုင်းလည်း အမှားနည်းတာမို့ အခုပွဲမှာ ဖင်လန်တို့ အမှတ်ရဖို့ မလွယ်ပါဘူး။ ယူကရိန်းဟာ ခြေစစ်ပွဲအောင်ဖို့ အမှတ်လိုအပ်နေတာမို့ အခုပွဲမှာ အနိုင်ရလဒ်ကိုရအောင် ဖော်ထုတ်ပါလိမ့်မယ်။

**တူရကီနှင့် ကိုဆိုဗို**

အုပ်စု(I)မှာ တူရကီက သုံးပွဲကစား၊ နှစ်မှတ်နဲ့ ကိုဆိုဗိုက တစ်မှတ်သာရရှိထားပါတယ်။ တူရကီတိုက်စစ်မှူးတွေဖြစ်တဲ့ ကိုဆန်၊ ဘတ်ဒဲလ်၊ အူနယ်နဲ့ ယီမက်ဇ်တို့လည်း ဂိုးသွင်းစွမ်းရည်တွေကျဆင်းနေပြီး ရလဒ်တွေမကောင်းဘဲ ဖြစ်နေပါတယ်။ ဒါပေမယ့် နိုင်ပွဲပျောက်နေတဲ့ ကိုဆိုဗိုအသင်းကို တူရကီတို့ ဒီပွဲမှာ ခြေစွမ်းပြပြီး အနိုင်ယူသွားပါလိမ့်မယ်။ အိုက်စလန်နဲ့ ယူကရိန်းကို ရှုံးခဲ့တဲ့ တူရကီတို့ ဒီပွဲမှာတော့ အနိုင်ရလဒ်ကိုပဲ ကြိုးစားရှာဖွေပါလိမ့်မယ်။ ။

❐ မိုးမြင့်လင်းလက် ❐

# ဒဏ်ရာရနေတဲ့ ဆန်ချက်ဇ် ချီလီနဲ့ကစားဖို့ မသေချာ



အာဆင်နယ်တိုက်စစ်မှူး ဆန်ချက်ဇ်ဟာ လာမယ့်အပတ်မှာ ဥရုဂွေးနဲ့ ကစားမယ့် ချီလီအသင်းနဲ့ ပါဝင်ကစားဖို့ ဒဏ်ရာကြောင့် မသေချာဘူးလို့ ဆိုပါတယ်။ ဆန်ချက်ဇ်ဟာ ရာသီအစပိုင်းကတည်းက အာဆင်နယ်အသင်းရဲ့ဖလားဆွတ်ခူးနိုင်ရေး ကြိုးစားအားထုတ်မှုမှာ အဓိကပါဝင်ကစားနေသူဖြစ်ပါတယ်။ သို့သော်လည်း အင်္ဂါနေ့က လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာရရှိသွားတဲ့အတွက် ပါဝင်ကစားဖို့ မသေချာဘူးလို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိဆန်ချက်ဇ်ဟာ ကြာသပတေးနေ့မှာ ကိုလံဘီယာနဲ့ကစားမယ့်ပြိုင်ပွဲအတွက် ချီလီအသင်းသို့ သွားရောက်ခြင်းမရှိဘူးလို့ ဆိုပါတယ်။ ဆန်ချက်ဇ်ဟာ လေ့ကျင့်မှု ပြုလုပ်စဉ် ဒဏ်ရာရရှိသွားတဲ့အတွက် လေးပတ်ကြာ အနားယူရဖွယ်ရှိနေပါတယ်။ ဆန်ချက်ဇ်ဟာ နိုင်ငံတကာပြိုင်ပွဲမတိုင်မီ မန်ယူနဲ့ကစားမယ့်ပွဲအတွက် ပြန်လာဖွယ်ရှိပါတယ်။ မန်ယူနဲ့အာဆင်နယ်ပြိုင်ပွဲအပြီး သုံးရက်အကြာ အာဆင်နယ်နဲ့ ပီအက်စ်ဂျီတို့ ကစားမယ့် ချန်ပီယံလိဂ်အဖြစ် ပီအက်စ်ဂျီနဲ့ ကစားရမှာဖြစ်ပါတယ်။

# စည်းကမ်းမလိုက်နာသည့် ဆိုင်ကယ်များအား သန်လျင်၌ စစ်ဆေးအရေးယူ

**သန်လျင် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်း ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေး၊ ဆိုင်ကယ်မောင်းသူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပြီး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မောင်းနှင်နိုင်ရေးအတွက် စစ်ဆေးအရေးယူမှုများကို နိုဝင်ဘာ ၉ ရက်က သန်လျင်မြို့ သိမ်ကျောင်းလမ်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သန်လျင် ယာဉ်ထိန်းတပ်ဖွဲ့စု(၆၀)မှ ရဲအုပ်မြင့်စိုးနှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က သန်လျင်မြို့ သိမ်ကျောင်းလမ်းပေါ်၌ စောင့်ဆိုင်း၍ မော်တော်ဆိုင်ကယ်များကို ဆိုင်ကယ်ဦးထုပ်မပါသူများနှင့် နှစ်ဦးထက် ပိုမိုတင်ဆောင်စီးနင်းသူများအား ဖမ်းဆီးပြီး ဆိုင်ကယ်လိုင်စင် ပါ မပါ၊ ယာဉ်မောင်းလိုင်စင် ပါ မပါ တို့ကိုလည်း စစ်ဆေးအရေးယူခဲ့ရာ ဆိုင်ကယ် အစီး ၃၀ ကို ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းမိသူများအား မော်တော်ယာဉ်ဥပဒေအရ ထိရောက်စွာ အရေးယူမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။



ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူခြင်းသည် ဆိုင်ကယ်စီးနင်းသူများအား အန္တရာယ်မှ ကာကွယ်နိုင်ရန်ဖြစ်ကြောင်း၊ ဆိုင်ကယ်စီးနင်းသူများအနေဖြင့် အဓိကအားဖြင့် ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်းနှင့် အခြား လမ်းစည်းကမ်းများကို လိုက်နာခြင်းမရှိခြင်းတို့ကြောင့် စစ်ဆေးအရေးယူခြင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အဆိုပါစစ်ဆေးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သက်ခိုင်(သန်လျင်)**

---

# ကျေးလက်ဒေသရှိ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသ

**ကျိုင်းတောင်း နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေး ခရိုင် ကျိုင်းတောင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အမျိုးသား တီဘီရောဂါတိုက်ဖျက်ရေးစီမံကိန်းအရ တီဘီလူနာများ ကွင်းဆင်းရှာဖွေဖော်ထုတ်ကုသခြင်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ရွေ့လျားအဖွဲ့(Mobile Team)က နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကာ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



တီဘီလူနာများ ကွင်းဆင်းရှာဖွေဖော်ထုတ်ခြင်းနှင့် အခမဲ့ ဆေးဝါးကုသခြင်း ဆောင်ရွက်ရာတွင်ပြည်နယ်တီဘီဆရာဝန် ဒေါက်တာ အိအိချော၊ မိုးနဲမြို့နယ်ဆရာဝန် ဒေါက်တာဇင်မီဟန်၊ ဒေါက်တာအောင်ကျော်ဇောတို့ဦးဆောင်သည့်အဖွဲ့နှင့် ကျိုင်းတောင်းမြို့ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး ဒေသခံပြည်သူများအား နား၊ နှာခေါင်း၊ သွားနှင့် ခံတွင်း၊ အစာအိမ်နှင့်အူလမ်းကြောင်း၊ အာရုံကြောနှင့်ခါတ်မှန်စသည့် အထွေထွေရောဂါများအား ရှာဖွေစစ်ဆေးခြင်းနှင့် ကုသခြင်းများဆောင်ရွက်ပြီး လိုအပ်သည့်ဆေးဝါးများကိုလည်း အခမဲ့ထောက်ပံ့ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

---

## လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲ ရမည်းသင်း၌ ပြုလုပ်

**ရမည်းသင်း နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်းမှ ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များအား လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများကို မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင်က ကြီးမှူး၍ နိုဝင်ဘာ ၉ ရက်က ရှင်းလင်းဟောပြောခဲ့သည်။

ရမည်းသင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည့် ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရများကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးက လူ့အခွင့်အရေးသမိုင်းကြောင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။ ထို့နောက် ဟောပြောပွဲတက်ရောက်လာသူများက လူ့အခွင့်အရေးနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းပြီး မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။ **ဇော်ဝင်းအောင်**

---

# ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ ညှိနှိုင်းအစည်းအဝေးပြုလုပ်

**သရက်ချောင်း နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီနှင့် ဝေါလ်ဗီရှင်(မြန်မာ) သရက်ချောင်းဒေသဖွံ့ဖြိုးရေးစီမံကိန်းတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးဇော်စိုးက သရက်ချောင်းမြို့နယ်အတွင်း ကလေးငယ်များ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုများရရှိအောင် လုပ်ဆောင်ရန်၊ လတ်တလောတွင် မြို့နယ်အတွင်း ရွှေ့ပြောင်းလုပ်သားများ များလာပြီး ၎င်းတို့၏ ကလေးများကို မူလတန်းအဆင့် မဖြစ်မနေသင်ကြားခွင့်ရရှိအောင် တက်ရောက်လာသည့် ကော်မတီအဖွဲ့အားလုံးက ပူးပေါင်းဆောင်ရွက်ရန် စသည်ဖြင့် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှူး ဒေါ်ခင်စန်းရီနှင့် လူမှုရေးရာစီမံခန့်ခွဲသူ ဒေါ်ဝေဝေလွင်တို့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆောင်ရွက်ခဲ့ရသည်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဝေါလ်ဗီရှင်(မြန်မာ)မှ ဇုန်မန်နေဂျာက ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအတွက် လုပ်ဆောင်ချက်များအဖြစ် ကလေးသူငယ်တိုင်းသည် လုံခြုံသည့်အကာအကွယ်ရရှိစေရေး၊ ကလေးငယ်များ စားဝတ်နေရေးဒုက္ခ၊ ပညာရေးအခက်အခဲ၊ ကျန်းမာရေးအခက်အခဲများ စသည်တို့ မဖြစ်စေရန် ဖြေရှင်းဆောင်ရွက်ပေးရမှုများကို ဆွေးနွေးခဲ့သည်။

အစည်းအဝေးသို့ တိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနမှူး၊ ဝေါလ်ဗီရှင်(မြန်မာ)မှ တာဝန်ရှိသူများ၊ မြို့နယ်ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **နိုင်ဝင်း(ပြန်/ဆက်)**



---

## သတင်းတိုများ

### နိုင်ငံခြားသားမှတ်ပုံတင် နှစ်စဉ်လဲလှယ်ခြင်းဆိုင်ရာသင်တန်းဖွင့်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်နှစ်ခုမှ ဝန်ထမ်းများအား နိုင်ငံခြားသားမှတ်ပုံတင် နှစ်စဉ်လဲလှယ်ခြင်းဆိုင်ရာသင်တန်းကို မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၉ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။ သင်တန်းတွင် မိတ္ထီလာခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းဦးက အမှာစကားပြောကြားပြီး နိုင်ငံခြားသားများမှတ်ပုံတင်ရေးအက်ဥပဒေ၊ နည်းဥပဒေနှင့်အညီ နိုင်ငံခြားသားမှတ်ပုံတင် နှစ်စဉ်လဲလှယ် ခြင်းလုပ်ငန်းကို ခရိုင်နှစ်ခုမှ ဝန်ထမ်းများအားလုံး သိရှိတတ်ကျွမ်းနားလည်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရမည်းသင်းခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် ခရိုင်ဦးစီးမှူးများက ခရိုင်နှစ်ခုအတွင်း မြို့နယ်များမှ ဝန်ထမ်း ၄၉ ဦးအား သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။
**ချမ်းသာ(မိတ္ထီလာ)**

### သွေးလွန်တုပ်ကွေးရောဂါနှင့်ဇီကာဗိုင်းရပ်စ်ကာကွယ်ရေး လက်တွေ့သရုပ်ပြ

တာမွေမြို့နယ် မြို့မရဲစခန်းဝင်းအတွင်းရှိ ရဲတပ်ဖွဲ့ဝင်မိသားစုများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါအန္တရာယ်များ ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၉ ရက်က ပြုလုပ်ခဲ့ကာ ခြင်နှိမ်နင်းရေး လက်တွေ့သရုပ်ပြမှုများလည်း ပြုလုပ်ခဲ့ပြီး မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဒေါ်မိမိတင်က ဝန်ထမ်းမိသားစုများအား သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာရောဂါသည် ခြင်ကြောင့်ဖြစ်ပွားသည့်ရောဂါများဖြစ်သဖြင့် ခြင်နှင့် ပိုးလောက်လမ်းများ ကင်းစင်အောင် သုံးရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရန်လိုကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် ရဲဝန်ထမ်းအိမ်ရာများအတွင်း ရေသိုလှောင်ထားရာတွင် သန့်ရှင်းစွာထားရှိရေးနှင့် ပိုးလောက်လမ်းများ ပေါက်ပွားခြင်းမရှိစေရန်အတွက် လက်တွေ့သရုပ်ပြ ပညာပေးမှုများ ဆောင်ရွက်ခဲ့သည်။ **လှလှ**

### ဓနုဖြူမြို့နယ်၌ နှစ်လုံးထီလောင်းကစား ဖမ်းဆီးရမိ

ဓနုဖြူမြို့နယ်တွင် နိုဝင်ဘာ ပထမပတ်က ပန်းတနော်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးအဖွဲ့မှ ရဲအုပ်မင်းနိုင်နှင့်အဖွဲ့၊ ဓနုဖြူမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ် ဇော်ဇော်ထွန်းနှင့်အဖွဲ့ သတင်းအရ သက်သေများနှင့်အတူ ဓနုဖြူမြို့ (၇)ရပ်ကွက် နာရီစင်လမ်းနေ မမေနီလာစိုး (ခ) မနီလာစိုး (၄၃နှစ်) ၏နေအိမ်ဈေးဆိုင်ခန်းအတွင်း ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစား စာရွက်စာတမ်းများနှင့် လောင်းကြေးငွေကျပ် ၁၇၀၀၀၀ တို့အား သက်သေများနှင့်အတူ ရှာဖွေတွေ့ရှိသိမ်းဆည်းရမိသဖြင့် မမေနီလာစိုး (ခ) မနီလာစိုးအား လောင်းကစား ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ခင်သန္တာထွေး**

### ကျွဲခတ်၍ လူတစ်ဦးသေဆုံး

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင့်ကင်ကျေးရွာ၌ နိုဝင်ဘာ ၉ ရက်က ကျွဲခတ်၍ လူတစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။ ဗန်းမော်မြို့နယ် စင့်ကင်ကျေးရွာနေ ဦးဆန်းအောင်သည် မိမိပိုင်ကျွဲထီးတစ်ကောင်အား စားကျက်သို့ လွှတ်ကျောင်းရန်အတွက် ချည်တိုင်မှဖြုတ်၍ ကြိုးဖြေပေးစဉ် ကျွဲခတ်လိုက်သဖြင့် ညာဘက်လည်ပင်းအရင်းမှ ညာဘက်နားအောက်အထိ ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး မိသားစုများနှင့် ရွာသားများက ဆေးကုသရန်အတွက် သယ်ပိုးလာစဉ် စင့်ကင်ကျေးရွာရေဆိပ်၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

### ပလက်ဝ-ကျောက်တော် ခရီးသည်တင်ယာဉ်လိုင်းသစ်ပြေးဆွဲ

ပလက်ဝမြို့နယ် သမဝါယမအသင်းစု၊ Golden Star သယ်ယူပို့ဆောင်ရေးအသင်းက ပလက်ဝ - ကျောက်တော်ကားလမ်းပိုင်း သယ်ယူပို့ဆောင်ရေး ကောင်းမွန်စေရန်နှင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် Golden Star ယာဉ်လိုင်းသစ်ကို နိုဝင်ဘာ ၉ ရက်မှစ၍ ပြေးဆွဲနေပြီဖြစ်ကြောင်းသိရသည်။ ပလက်ဝမြို့နယ် လောင်းကဒူးကျေးရွာ အရှေ့ဘက်ရှိ ယာယီဂိတ်စခန်းနှင့် ကျောက်တော်မြို့တို့မှ နံနက် ၈ နာရီတွင် ယာဉ်တစ်စီးစီ ပြေးဆွဲမည်ဖြစ်ပြီး အပြန်ခရီးစဉ်ကို မွန်းလွဲ ၂ နာရီတွင် ပုံမှန်ပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း သိရသည်။
**မောင်မောင်ကျော့(ပလက်ဝ)**

---

# ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း ပညာပေးဟောပြော

**ဗန်းမော် နိုဝင်ဘာ ၁၁**

ကချင်ပြည်နယ် ရွှေကူမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့နှင့် မိခင်နှင့်ကလေးကျန်းမာရေးဌာနတို့ ပူးပေါင်း၍ ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၉ ရက်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ငှက်ဖျားတိုက်ဖျက်ရေးဌာနမှ ငှက်ဖျား Inspector ဆရာဦးနေဝင်းက ခြင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါများအနက် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်ခြင်းသည် ခြင်ကျား(Aedes)ကြောင့် ဖြစ်ကြောင်းနှင့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဇီကာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေး ရှင်းလင်းဟောပြောခဲ့သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် ကျန်းမာရေးအသိပညာများ ရရှိပြီး အသက်ကြီးလာသည်ထိ ဘဝတစ်လျှောက်လုံး ကျန်းမာရေးအသိဖြင့် နေထိုင်တတ်စေရန် ရည်ရွယ်၍ ဟောပြောပွဲကို ပြုလုပ်ခြင်းဖြစ်ကာ ဆက်လက်၍လည်း မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများအတွင်းရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများတွင်လည်း ဇီကာဗိုင်းရပ်စ်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲများကို အပတ်စဉ် ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

## တိုင်းရင်းသားလူမျိုးစုစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များပြုစုပေးပို့ရေးဆွေးနွေး

**အောင်လံ နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ တိုင်းရင်းသားလူမျိုးစုစာပေပွဲတော် (စာတမ်းဖတ်ပွဲ) ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များ ပြုစုပေးပို့နိုင်ရေး ဆွေးနွေး ပွဲကို နိုဝင်ဘာ ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် အောင်လံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထူးမြင့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ လက်ထောက်ပညာရေးမှူး ဦးစိုးနိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်နှင့် မြို့နယ်အတွင်းရှိ ချင်းတိုင်းရင်းသားလူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းရင်းသားလူမျိုးစုစာပေပွဲတော်(စာတမ်းဖတ်ပွဲ) ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးရုံးသို့ လိုအပ်သော စာရင်းဇယားအချက်အလက်များကို ပေးပို့နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **သိန်းလွင်(အောင်လံ)**

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပ

**အမရပူရ နိုဝင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းတို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အမရပူရမြို့ ရွှေကြက်ယက်အခြေခံပညာ အထက်တန်းကျောင်း၌ နိုဝင်ဘာ ၉ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီးကိုယ်စား တာဝန်ခံဆရာမ ဒေါ်သန်းသန်းနုက အမှာစကားပြောကြားပြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က မူးယစ်ဆေးဝါးသမိုင်းကြောင်းကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်သန်းက မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်များကိုလည်းကောင်း ဟောပြောပြီး တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများနှင့် အပြန်အလှန်မေးခွန်းမေးမြန်းကာ ဖြေဆိုနိုင်သည့်ကျောင်းသားကျောင်းသူများအား ဆုလက်ဆောင်များ ချီးမြှင့်ခဲ့ကြသည်။ **ကျော်ထူး(မန္တလေး)**

## တပ်မတော်ဆေးအဖွဲ့က ပြည်သူများအား အခမဲ့ဆေးဝါးကုသပေး

**နွားထိုးကြီး နိုဝင်ဘာ ၁၁**

နွားထိုးကြီးမြို့နယ် ပုသိမ်မြို့ပေါက်ကုန်းကျောင်းတိုက် နာယကဆရာတော် ဦးကုမာရ၏ သက်တော် (၇၅)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် လစရ(၇)တပ်၏ အစီအစဉ်အရ တပ်မတော်နယ်လှည့်ဆေးခန်းကို ဝက်လူးကျေးရွာ အလယ်ရွာကျောင်းတိုက်၌ သုံးရက်ကြာဖွင့်လှစ်၍ ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လစရ(၇)တပ်မှ တပ်မတော်ဆရာဝန်ခြောက်ဦး ၊ ဆေးဝန်ထမ်းခုနစ်ဦးဖြင့် နိုဝင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်ကြာ ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးရာတွင် ဝက်လူးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ လူနာ ၂၀၀ ခန့်ကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ လစရ(၇)တပ်မှ တပ်မတော်ဆေးကုသအဖွဲ့သည် ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ ရှင်ပင်ရွှေစက်သွား ဘုရားပွဲတွင်လည်း ဒေသခံပြည်သူများအား အခမဲ့ဆေးဝါးကုသမှု ဆောင်ရွက်ပေးခဲ့ကာ လူနာ ၁၀၀ ကျော်ကို ဆေးဝါးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **ဌေးမြင့်မောင်**



## နားရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်စစ်ဆေးကုသပေး

**စစ်တွေ နိုဝင်ဘာ ၁၁**

ရန်ကုန်၊ မန္တလေးပြည်သူ့ဆေးရုံကြီးမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကု ဆရာဝန်များနှင့် စစ်တွေပြည်သူ့ဆေးရုံမှ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများ ပူးပေါင်းပြီး ဒေသတွင်းမှ နားရောဂါဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ကုသမှုများကို စစ်တွေမြို့ ပြည်သူ့ဆေးရုံ၌ နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နားရောဂါဝေဒနာရှင်များအား ရန်ကုန်နှင့် မန္တလေးပြည်သူ့ဆေးရုံမှ နား၊ နှာခေါင်း၊ လည်ချောင်းခွဲစိတ်အထူးကု ဒေါက်တာခင်ခင်ဖြူ၊ ဒေါက်တာမိုးသီတာဝင်း၊ ဒေါက်တာသန်းသန်းဌေးတို့ ဦးဆောင်သည့်အဖွဲ့နှင့် ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာန စစ်တွေမြို့ပြည်သူ့ဆေးရုံကြီး နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါဌာနမှ ဆရာဝန်များ ပူးပေါင်းကာ နားလေးရောဂါ ကာကွယ်တိုက်ဖျက်ရေး စီမံချက်အနေဖြင့် ဒေသတွင်းမှ နားရောဂါဝေဒနာရှင်များအား စစ်တွေပြည်သူ့ဆေးရုံ၌အခြေပြု၍ သုံးရက်ကြာ အခမဲ့ စမ်းသပ်စစ်ဆေး ကုသပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

## ငါးဖမ်းနိုင်မှုနည်းသဖြင့် ငါးအရနည်းပြီး လုပ်ငန်းရှင်များအရှုံးပေါ်နေ

**ရေး နိုဝင်ဘာ ၁၁**

မွန်ပြည်နယ် ရေးမြို့နယ် ပင်လယ်ပြင်ရေပိုင်နက်အတွင်း ကမ်းနီးကမ်းဝေး ငါးဖမ်းရာသီချိန် စတင်နေပြီဖြစ်သော်လည်း ရာသီဥတုဖောက်ပြန်၍ မုန်တိုင်းမကြာခဏဝင်ရောက်မှုကြောင့် ယခုနှစ် ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းများအနေဖြင့် ငါးထွက်ဖမ်းနိုင်မှုနည်းပြီး ငါးကုန်ကြမ်းရရှိမှုလည်းနည်းကာ ငါးဖမ်းလုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားစရိတ်များကြောင့် အရှုံးပေါ်နေကြကြောင်း သိရသည်။

"အခု ငါးဖမ်းရာသီဖြစ်နေပေမယ့် မိုးလေရာသီဥတုက မမှန်တာရယ်၊ မုန်တိုင်းကလည်း မကြာခဏ ဝင်နေတာရယ်ကြောင့် ငါးဖမ်းလုပ်ငန်းကို တွင်ကျယ်စွာလုပ်ကိုင်နိုင်ခြင်းမရှိဘူး။ အရင် ငါးဖမ်းရာသီနှစ်တွေထက် ငါး ရရှိမှုက ၇၀ ရာခိုင်နှုန်းလောက် ကျဆင်းလာနေတယ်။ လုပ်ငန်းရှင်တွေက တစ်ဦးကို ပျမ်းမျှရင်းနှီးမြှုပ်နှံထားတာ ကျပ်သိန်း ၅၀၀ နဲ့ ၁၀၀၀ အကြားမှာ ရှိပါတယ်။ လတ်တလောမှာ ရေလုပ်သားလိုအပ်ချက်တွေရှိနေတယ်။ ငါးဖမ်းဆီးခွင့်က ရရှိထားပေမယ့် လုပ်ငန်းလည်ပတ်ဖို့က လုပ်ငန်းရှင်အများစုမှာ ဝင်ငွေကျဆင်းလာနေပါတယ်" ဟု ရေးမြို့မှ ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးဖြစ်သော ဦးလင်းမြတ်ထိုက်က ပြောသည်။



ပြီးခဲ့သည့်နှစ် ငါးဖမ်းရာသီကာလတွင် ပြည်တွင်းတင်ပို့မှုအတွက် အဓိကအားဖြင့် ငါးနှပ်ခြောက်၊ ပုစွန်ခြောက်နှင့် မီးတံသွယ်(ငါးကျုံရွက်)များကို တင်ပို့ရောင်းချခဲ့ရပြီး ယခင်နှစ် ငါးရရှိစဉ်က ပြည်တွင်းပွဲရုံရောင်းဈေးမှာ ပုစွန်ခြောက်ရှယ် တစ်ပိဿာလျှင် ကျပ်သုံးသောင်းခွဲ၊ ပုစွန်ချိုသေးတစ်ပိဿာလျှင် ကျပ်နှစ်သောင်းခွဲ၊ ငါးနှပ်ခြောက်တစ်ပိဿာလျှင် ကျပ် ၆၀၀၀ မှ ၈၀၀၀ ကြားအထိ ရကြောင်း သိရသည်။ ယခုနှစ် ငါးဖမ်းရာသီကာလတွင် ငါးအဝင် မရရှိသေးသောကြောင့် ငါးကုန်ကြမ်းတင်ပို့မှု ကျဆင်းလာဖွယ်ရှိနေကြောင်း၊ ယခုနှစ်တွင် ဈေးကွက်ဝယ်လိုအားကလည်း ကျဆင်းလာလျက်ရှိကာ ပုစွန်ခြောက်ရှယ်မှာ တစ်ပိဿာလျှင် ကျပ်နှစ်သောင်း ပုစွန်ချိုငယ်မှာ ကျပ်တစ်သောင်းနှင့် ငါးနှပ်ခြောက်မှာ ကျပ် ၄၀၀၀ ခန့်အထိသာ ရရှိကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**

## ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်တိုးတက်ရေး အလုပ်ရုံဆွေးနွေး

**ကန့်ဘလူ နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော စမ်းမြောင်စခန်း၌ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသန်း၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ် ဦးစိုးလွင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုယ်ရေးအရာရှိ ဦးသန်းဌေးနှင့် ကန့်ဘလူ၊ ကောလင်းမြို့နယ်များမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ကန့်ဘလူနှင့် ကသာခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ တက်ရောက်ပြီး ချပ်သင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းသည်။ ထို့နောက် လုပ်ငန်းကော်မတီတစ်ဖွဲ့ချင်းအလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အုပ်စုများခွဲ၍ လုပ်ငန်းကော်မတီအလိုက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နှင့် စာရင်းစစ်ချုပ်တို့ ဦးဆောင်သောအဖွဲ့သည် စမ်းမြောင်စခန်း အနီးဝန်းကျင်သို့လှည့်လည်စစ်ဆေးကြည့်ရှုခဲ့သည်။

ချပ်သင်းဘေးမဲ့တောရှိ မြန်မာ့ရွှေသမင်နှင့် ၄င်းတို့မှီခိုရာတောများကို ကာကွယ်ထိန်းသိမ်းရန်၊ သဘာဝပတ်ဝန်းကျင် ရေမြေအပါအဝင် အခြားဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေးနှင့် အင်တိုင်းတောဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းသွားရန်၊ ဒေသဖွံ့ဖြိုးရေးနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆောင်ရွက်ရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခြင်းဖြစ်ပြီး ယင်းချပ်သင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နှင့် ကသာခရိုင် ကောလင်းမြို့နယ်အတွင်း တည်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**




## ဝန်းသိုမြို့နယ်တွင် ဆောင်းသီးနှံစိုက်ခင်းများ ရေလွှမ်းခံရ၍ ပျက်စီး

**ဝန်းသို နိုဝင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ဒေါင်းမြူးချောင်းတစ်လျှောက် ကျေးရွာများရှိ ဆောင်းသီးနှံစိုက်တောင်သူများ၏ သီးနှံစိုက်ခင်း ဧက ၆၀ ကျော်ကို နိုဝင်ဘာ ၈ ရက်က ဒေါင်းမြူးချောင်းရေလွှမ်းခံရ၍ ပျက်စီးဆုံးရှုံးမှုများ ဖြစ်နေကြောင်း သိရသည်။

ဒေါင်းမြူးချောင်းရေများသည် နိုဝင်ဘာ ၈ ရက် မွန်းလွဲ ၂ နာရီခန့်က၍ ဒလဟောတိုးလာကာ ချောင်းရေလျှံခြင်းကြောင့် သီးနှံစိုက်ခင်းများအတွင်း ရေဝင်ရောက်ပြီး စိုက်ပျိုးပြီးသီးနှံများ ရေလွှမ်းခံရခြင်းဖြစ်ကြောင်း သိရသည်။ ချောင်းရေဝင်ရောက်ခြင်းကြောင့် ဇီးဖြူပင်ကျေးရွာတွင် ဂေါ်ဖီထုပ်တစ်ဧက၊ မုန်ညင်းနှင့် မေမြို့ပန်း သုံးဧက၊ ငွေ့ကြီးကျေးရွာတွင် မုန်ညင်း နှစ်ဧက၊ ပန်းဂေါ်ဖီ တစ်ဧက၊ ဂန္ဓမာပန်း တစ်ဧက၊ ခရမ်းငါးဧက၊ လက်ပံကြီးတောကျေးရွာတွင် ဂေါ်ဖီထုပ် သုံးဧက၊ ပန်းဂေါ်ဖီ သုံးဧက၊ ဂန္ဓမာပန်းတစ်ဧက၊ အုတ်ဖိုကျေးရွာတွင် ဂေါ်ဖီထုပ် သုံးဧက၊ မုန်ညင်း နှစ်ဧက၊ မြေထောက်ပဲနှင့် ဂေါ်ပဲတစ်ဧက၊ သရက်အိုက်ကျေးရွာတွင် ဂေါ်ဖီထုပ် နှစ်ဧက၊ ပန်းဂေါ်ဖီ သုံးဧက၊ ဂန္ဓမာပန်း သုံးဧက၊ မုန်ညင်း လေးဧက၊ ရှမ်းစုကျေးရွာတွင် ပန်းဂေါ်ဖီ လေးဧက၊ မုန်ညင်း လေးဧက၊ မေမြို့ပန်း နှစ်ဧက၊ စိန်လည်ကျေးရွာတွင် မုန်ညင်း ၁၀ ဧက၊ ဂေါ်ဖီထုပ် ငါးဧက၊ ပန်းဂေါ်ဖီငါးဧကတို့တွင် ရေလွှမ်းခံရပြီး သီးနှံပျက်စီးဆုံးရှုံးမှုများဖြစ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆောင်းသီးနှံစိုက် တောင်သူများ၏ ပြောကြားချက်များအရ သိရသည်။



သီးနှံပျက်စီးမှုကြုံတွေ့ရသော တောင်သူများအနေဖြင့် ပျက်စီးခဲ့သည့်သီးနှံများနေရာတွင် အချိန်မီ ထပ်မံစိုက်ပျိုးနိုင်ရန် ကြိုးစားဆောင်ရွက်နေကြကြောင်း သိရသည်။

**လှိုင်မျိုးထွန်း(ဝန်းသို)**

# ဆေးပညာသတင်းဆန်းများ (၁၄၆)





## ဒေါက်တာကံညွန့်

**ဗီတာမင်တချို့ကို လိုသည်ထက်ပိုမစားသုံးသင့်**

အမေရိကန်နိုင်ငံက သုတေသီတချို့ကတော့ ဆေးဆိုရင် ဘယ်ဆေးမှ လိုသည်ထက်ပိုအောင်သောက်သုံးတာမကောင်းဘူး။ ဗီတာမင်တချို့တောင်ပိုစားရင် ကင်ဆာဖြစ်နိုင်တဲ့ အလားအလာတွေ့နေရတယ်လို့ဆိုပါတယ်။ ဒါကိုထောက်ပြခဲ့သူတွေကတော့ အမေရိကန်နိုင်ငံ University of Colorado က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့ထောက်ပြတာကတော့ ၂၀၀၅ ခုနှစ် ပြင်သစ်နိုင်ငံက ပြုလုပ်ခဲ့တဲ့လေ့လာမှုတစ်ခုတွင် ဆေးလိပ်သောက်သူ အမျိုးသမီးတွေမှာ အဆုတ်ကင်ဆာဖြစ်ခြင်းကို ဗီတာအေဓာတ်အများအပြားစားသုံးသူ အမျိုးသမီးတွေမှာ ပိုဖြစ်နေတာကို တွေ့ရတယ်လို့ဆိုပါတယ်။ Betakerotene ဓာတ်ဟာ ကင်ဆာဖြစ်ခြင်းကိုအားပေးပြီး ဗီတာမင်အေဟာ ဒီဓာတ်အများအပြားပါရှိတာလည်းဖြစ်ပါတယ်။ နောက်လေ့လာချက်တချို့မှာလည်း Folic Acid အများအပြားစားသုံးသူတချို့မှာ အူလမ်းကြောင်း Colon မှာ Polyps ခေါ် ကင်ဆာမဖြစ်ခင်ဖြစ်တတ်တဲ့ အူအတက်ကလေးတွေပေါ်တာတွေ့ရတယ်လို့ ဆိုပါတယ်။ နောက်ထပ်လေ့လာစရာတွေ လိုဦးမှာဖြစ်ပေမယ့် တချို့ဗီတာမင်တွေကို လိုတာထက်ပိုပြီး မစားသုံးသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**Type I ဆီးချိုအမျိုးအစားအတွက် သတိထားကုရမည့်ရောဂါများ**

ဆီးချိုရောဂါမှာ Type I Diabetes နှင့် Type II Diabetes ဆိုပြီးနှစ်မျိုးနှစ်စားရှိရာ Type I Diabetes ဟာ ငယ်စဉ်ကပဲဖြစ်တဲ့ရောဂါပါ။ ဒီရောဂါဖြစ်ရတဲ့အကြောင်းကလည်း Auto Immune ရောဂါကြောင့်ဖြစ်ရတာပါ။ Auto Immune ရောဂါဆိုတာ ကိုယ့်ရဲ့ကိုယ်ခံအား Celles တွေက ကိုယ့်ရဲ့ကိုယ်ခန္ဓာထဲကို ဝင်လာတဲ့ရန်သူကိုမတိုက်ဘဲ ခန္ဓာကိုယ်ပဲ တိုက်ခိုက်တဲ့ရောဂါပါ။ အခုလည်း ကိုယ့်ရဲ့ Panereas ခေါ်တဲ့ Insulin ထုတ်ပေးတဲ့နေရာကို တိုက်ဖျက်လို့ဖြစ်ရတာပါ။ ဒီလိုအမှတ်(၁) ဆီးချိုရောဂါဟာ Auto Immune ရောဂါကြောင့် ဖြစ်လို့ ရောဂါတစ်ခုတည်းမဖြစ်ဘဲ နောက်ဆက်တွဲရောဂါတွေဟာ အမှတ်(၁)ဆီးချိုရောဂါနဲ့အတူ ပူးတွဲဖြစ်ပေါ်နိုင်ပါတယ်။ ဒီလိုဖြစ်နိုင်တဲ့ရောဂါတွေကတော့ Thyroid အကျိတ်အလုပ်လုပ်နိုင်မှုနည်းသွားတဲ့ Hypothyroid ရောဂါ။ ဒီရောဂါဟာ ဆီးချိုရောဂါရှိသူတွေရဲ့ ၂၄ ရာခိုင်နှုန်းဖြစ်တယ်လို့ဆိုပါတယ်။ နောက်ရောဂါတစ်ခုကတော့ အစာအိမ်အူလမ်းကြောင်းမှာဖြစ်တတ်တဲ့ Celiac ရောဂါဖြစ်ပါတယ်။ ဒါကတော့ ၆ ရာခိုင်နှုန်းဖြစ်နိုင်တယ်လို့ဆိုပါတယ်။ တခြားရောဂါတွေကတော့ Graves Disease ခေါ်တဲ့ over thyroid ရောဂါ၊ Rheumatoid Arthritis ခေါ်တဲ့ အဆစ်အမျက်ရောင်ရောဂါတို့ဖြစ်ပါတယ်။ ဒါကြောင့် Type I ဆီးချိုအမျိုးအစားအတွက် ဒီရောဂါတွေကိုပါ သတိထားကုပေးနိုင်ကြဖို့ အသိပေးနှိုးဆော်လိုက်ရပါတယ်။




**ကင်ဆာရောဂါ ကုသမှုထိရောက်သည့်အတွက် အသက်ရှင်သူပိုများ**

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ဩစတြေးလျနိုင်ငံဟာ ကမ္ဘာပေါ်မှာ ရင်သားကင်ဆာ အဖြစ်အများဆုံးနိုင်ငံဖြစ်တယ်ဆိုတဲ့ သတင်းပါ။ အသက် ၈၅ နှစ်အောက် အမျိုးသမီးရှစ်ဦးမှာ တစ်ဦးဟာ ရင်သားကင်ဆာခံစားနေရတယ်လို့ဆိုပါတယ်။ Cancer Australlia အဖွဲ့ရဲ့စစ်တမ်းအရ ၂၀၁၆ ခုနှစ်အတွင်း ရင်သားကင်ဆာအသစ် ဖြစ်သူ ၁၆၀၈၄ ဦးရှိတယ်လို့ဆိုပါတယ်။ တစ်ခုထူးဆန်းနေတာက ဒီအထဲက အမျိုးသားရင်သားကင်ဆာရောဂါရှိသူ ၁၅၀ လည်း ပါဝင်နေတယ်လို့ဆိုပါတယ်။ ဩစတြေးလျနိုင်ငံမှာ ရင်သားကင်ဆာခံစားနေရသူတွေရဲ့ ထူးခြားမှုတစ်ခုကလည်း ရင်သားကင်ဆာအသက်ရှင်နှုန်း မြင့်မားနေတာပဲဖြစ်ပါတယ်။ ၁၉၈၀ ပြည့်နှစ်လောက်က ရင်သားကင်ဆာခံစားရသူ ၁၀၀ မှာခုနစ်ဦးသာအသက်ရှင်ခဲ့ပေမယ့် ယခုနှစ်မှာတော့ ၁၀၀ မှာ ၉၀ ဟာ ရင်သားကင်ဆာနဲ့ အသက်ရှင်နေထိုင်နိုင်ကြတယ်လို့ ဆိုပါတယ်။ ဩစတြေးလျနိုင်ငံဟာ ဆေးပညာခေတ်မီတိုးတက်တဲ့ နိုင်ငံဖြစ်တဲ့အတိုင်း ရင်သားကင်ဆာရှာဖွေနိုင်မှု ကောင်းမွန်တာကြောင့် ကင်ဆာဖြစ်နှုန်းမြင့်ခဲ့ပေမယ့် ကုသမှုတွေမှာ ထိရောက်ခဲ့တာကြောင့် အသက်ရှင်သူပိုများရတာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**သဘာဝဘေးအန္တရာယ်ခံစားရသည့် သက်ကြီးရွယ်အိုများတွင် အမေ့လွန်ရောဂါပိုဖြစ်နိုင်**

ယခုဖော်ပြလိုတဲ့သတင်းကတော့ သဘာဝဘေးအန္တရာယ်ခံစားရတဲ့ဒေသက သက်ကြီးရွယ်အိုတွေမှာ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးရင် Dementia ခေါ်တဲ့ အမေ့လွန်သူငယ်ပြန်ရောဂါပိုဖြစ်နိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ အမေရိကန်နိုင်ငံ Harvard University နဲ့ ဂျပန်ဆေးပညာရှင်တွေရဲ့ လေ့လာချက်ကထွက်ပေါ်လာတာဖြစ်ပါတယ်။ သူတို့ဟာ ၂၀၁၁ ဂျပန်နိုင်ငံမှာဆူနာမီတိုက်ခတ်မှုခံရပြီး လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီဒေသမှာရှိတဲ့ သက်ကြီးရွယ်အိုတွေနဲ့ စိတ်ရောဂါခံစားနေရသူစာရင်းကို ဆူနာမီမဖြစ်ခင်က ကောက်ခံရရှိပြီးသားရှိနေတာကြောင့် ယခုလေ့လာချက်ကို ပြုလုပ်ရတာလွယ်ကူသွားတယ်လို့ဆိုပါတယ်။ သူတို့အဆိုအရ ဆူနာမီမဖြစ်ခင်က Dementia ရောဂါခံစားနေရသူ ၄ ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပြီး ဆူနာမီဖြစ်ပြီးလေ့လာကြည့်တဲ့အခါ ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိတယ်လို့ဆိုပါတယ်။ ဒါဟာစီးပွားရေး၊ လူမှုရေးနဲ့ မိသားစုဆိုင်ရာအရေးတွေကြောင့် ဖြစ်ကြရတာလို့ဆိုပါတယ်။ သဘာဝဘေးအန္တရာယ်တစ်ခုခံစားရပြီးရင် ဒီလိုဘေးဒုက္ခတွေတွေ့ရတတ်တာကြောင့် သက်ကြီးရွယ်အိုတွေမှာ အမေ့လွန်ရောဂါပိုဆိုးတာဟာ မဆန်းဘူးလို့ ဆေးပညာရှင်တွေဟာ ယူဆထားကြောင်း တင်ပြလိုက်ရပါတယ်။

**ဘရာဇီးနိုင်ငံတွင် ဇီကာပိုင်းရပ်စ်ရှိမရှိစစ်ဆေးသည့် Kits များဝယ်ယူမည်**

ဘရာဇီးနိုင်ငံဟာ ဇီကာပိုင်းရပ်စ်ရှိ/မရှိစစ်ဆေးတဲ့ Zika Virus Kits ပေါင်း ၃ ဒသမ ၅ သန်းကို ဝယ်ယူဖို့ဆုံးဖြတ်လိုက်ပါပြီ။ ဒီ Kits တွေဟာ Zika Virus ရှိ/မရှိကိုမိနစ် ၂၀ အတွင်းအဖြေပေးနိုင်တဲ့ Kits တွေဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံဟာလူ ၁၀၀ မှာ ၉၈ ဒသမ ၁ ယောက်နှုန်း ဇီကာရောဂါဖြစ်ခဲ့တဲ့အတွက် အရေးပေါ်အခြေအနေတစ်ခုဖြစ် ကြေညာခဲ့ရတာပါ။ ယခုဝယ်ယူလိုက်တဲ့ Zika Virus Kits တွေကိုတော့ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်တွေကို ဦးစားပေးစစ်ဆေးပေးမှာဖြစ်ပါတယ်။ Zika Virus ပိုးဟာ ယောကျ်ားတွေမှာ ရောဂါဖြစ်လာရင်တုပ်ကွေးဖျားသလိုမျိုး အဆစ်အမျက်ကိုက်ခဲခြင်း၊ နှာစေးခြင်း၊ မျက်စိနီရဲခြင်းလောက်သာဖြစ်နိုင်ပြီး ကိုယ်ဝန်ဆောင်စအမျိုးသမီးတွေကို ကူးစက်ပါက သန္ဓေသားမှာ Microcephly ခေါ် ဦးခေါင်းသေးရောဂါနဲ့ တခြားအာရုံကြောဆိုင်ရာ ရောဂါတချို့ဖြစ်တတ်တဲ့အတွက် အမျိုးသမီးတွေမှာ ပိုမိုဂရုစိုက်ဖို့လိုတဲ့ရောဂါဖြစ်ပါတယ်။ ဘရာဇီးနိုင်ငံက ဒီလိုစမ်းသပ်ဖို့ Kit ၃ ဒသမ ၅ သန်းဝယ်ယူလိုက်တာဟာ အမျိုးသမီးတွေအတွက် စမ်းသပ်ပေးနိုင်မှာမို့ ဝမ်းသာစရာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ကြွက်သားကြီးထွားနိုင်ပြီး ဟော်မုန်းပါသည့်ဆေးမျိုးမသုံးသင့်**

အမျိုးသားတွေမှာ ကြွက်သားကြီးထွားအောင်လိမ်းခြင်း၊ ပွတ်ပေးခြင်းတို့ပြုလုပ်ပေးတတ်ကြတဲ့ CREATINE ဆိုတဲ့ Homone ဆေးတစ်မျိုးဟာ ကင်ဆာရောဂါတစ်မျိုးကိုဖြစ်စေတယ်လို့ဆိုပါတယ်။ ဒီတွေ့ရှိချက်ကိုတော့ Yale University က ဆေးပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့တွေ့ရှိချက်အရ အသက် ၂၅ နှစ်အရွယ်မတိုင်မီ ဒီ Creatine သို့မဟုတ် Androstenedione Supplement ကို အသုံးပြုသူတွေမှာ TGVV ခေါ်တဲ့ Testicular Germ Cell Cancer ဖြစ်နိုင်တာတွေ့ရတယ်လို့ဆိုပါတယ်။ ဒီကင်ဆာအမျိုးအစားဟာ လူငယ်အမျိုးသားတွေ အသက် ၁၅ နှစ်မှ ၃၉ နှစ်အတွင်း အဖြစ်အများဆုံးကင်ဆာဖြစ်တယ်လို့ဆိုပါတယ်။ သုတေသီတွေဟာ ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း ဒီကင်ဆာမျိုးဖြစ်ခဲ့သူ ၃၅၆ ဦးကို မေးကြည့်တဲ့အခါ ၂၀ ရာခိုင်နှုန်းဟာ ဒီလို Creatine ပေါင်ဒါကို အသုံးပြုခဲ့ကြ သူတွေဖြစ်ကြောင်း တွေ့ရှိရတယ်လို့ဆိုပါတယ်။ ဒါကြောင့် ဒီလိုကြွက်သားကြီးထွားနိုင်တဲ့ ဟော်မုန်းပါတဲ့ ဆေးတစ်မျိုးကိုအသုံးမပြုသင့်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

---

## ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ နှစ်လအတွင်း နိုင်ငံခြားသားတစ်သိန်းခန့် ဖူးမြော်ကြည်ညို

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် နိုင်ငံခြားသား ခရီးသွားဧည့်သည် ၃၇၉၃၀ နှင့် အောက်တိုဘာလတွင် ၅၈၀၄၅ ဦး နှစ်လအတွင်း စုစုပေါင်း ၉၅၉၇၅ ဦး (တစ်သိန်းခန့်)ရောက်ရှိဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။ ဧည့်ဝင်ငွေအဖြစ် နှစ်လအတွင်း ငွေကျပ် သိန်းပေါင်း ၇၆၀၀ ကျော်ရရှိခဲ့ကြောင်း သိရသည်။

**ကိုချစ်**

---

## သုံးခွမြို့နယ်တွင် အချိန်အခါမဲ့မိုးကြောင့် ဆောင်းသီးနှံစိုက်ပျိုးမှုနောက်ကျနိုင်

**သုံးခွ နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၆၅)အုပ်စုတွင် စိုက်ပျိုးထားသော မိုးစပါးများ ရင့်မှည့်လာ၍ အောက်တိုဘာလကုန်ပိုင်းမှစ၍ ရိတ်သိမ်းခြွေလှေ့စက်၊ လူအင်အားတို့ဖြင့် ရိတ်သိမ်းလျက်ရှိရာ ယခုရက်ပိုင်းအတွင်း အချိန်အခါမဲ့ မိုးရွာသွန်းမှုကြောင့် စပါးပင်များလဲကာ စပါးရိတ်သိမ်းရန်အခက်အခဲဖြစ်နေရကြောင်း သိရသည်။ အချိန်အခါမဲ့မိုးကြောင့် စပါးအလေအလွင့်အပျက်အစီးများရှိပြီး အထွက်နှုန်းလျော့ကာ ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးချိန် နောက်ကျမည်ကို စိုးရိမ်နေရကြောင်း တောင်သူများထံမှ သိရသည်။

သုံးခွမြို့နယ်၌ ၂၀၁၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅၀၂၆၅ ဧကရှိပြီး နိုဝင်ဘာ ၉ ရက် စပါးပေါက်ဈေးမှာ စပါးတင်း ၁၀၀လျှင် ငွေကျပ် ၄၄၀၀၀၀ မှ ၄၇၀၀၀၀ ဖြစ်ပြီး စပါးဈေးနှုန်းမကောင်းသဖြင့် အကျိုးအမြတ်နည်းကာ တွက်ခြေ မကိုက်ဖြစ်ရကြောင်း တောင်သူများထံမှသိရသည်။

**ကိုကျော်(သုံးခွ)**

---

## လိပ်သိုမြို့ ပုတ်သင်ကျေးရွာသွားလမ်းကို ဒေသခံပြည်သူများ ပြန်လည်ပြုပြင်

**လိပ်သို နိုဝင်ဘာ ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့ မိုင်လွန်ကျေးရွာအုပ်စု လိပ်သိုမှ ပုတ်သင်ကျေးရွာသွားလမ်းအား ဒေသခံပြည်သူများ စုပေါင်းကာ ပြန်လည်ပြုပြင်မှုလုပ်ငန်းကို နိုဝင်ဘာ ၉ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လိပ်သို - ပုတ်သင်ကျေးရွာသွားလမ်းသည် ငပိုးလေး(လာဟောဖိုလီ) ကျေးရွာအထိရှည်ပြီး အကျယ် ၁၈ ပေ၊ အရှည် ရှစ်မိုင်ကျော်ရှိပြီး အဆိုပါကျေးရွာသွားလမ်းကို စာစောခိုကျေးရွာ၊ ဟယ်ဒိုအောက်ကျေးရွာ (သိုကဇာပလို)၊ ငပိုးလေးကျေးရွာ (လာဟောဖိုလီ)၊ ပုတ်သင်ကျေးရွာ(ဘလာဒို) ကျေးရွာပေါင်းလေးရွာက အဓိက အသုံးပြုနေရသောလမ်းဖြစ်ကြောင်း သိရသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် မော်တော်ယာဉ်သွားနိုင်သော်လည်း မြေသားလမ်းဖြစ်သည့်အတွက် မိုးရာသီတွင် မော်တော်ယာဉ် (လုံးဝ) သွားလာ၍မရကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

မိုးရာသီတွင် မိုးများရွာသွန်းမှုကြောင့် လမ်းပေါ်တွင် သစ်ပင်လဲခြင်း၊ မြေပြိုခြင်းတို့ ဖြစ်ပွားလေ့ရှိရာ ဒေသခံပြည်သူများအနေဖြင့် စုပေါင်း၍ အဓိကအသုံးပြုသွားလာနေရသော လမ်းတစ်လမ်းဖြစ်ပြီး ယခုလို ပွင့်လင်းရာသီတွင် ပြန်လည်ပြီး အသုံးပြုနိုင်ရန် ပြုပြင်ခြင်းဖြစ်ကြောင်း သိရသည်။

**( မြို့နယ် ပြန်/ဆက်)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

# ရန်ကုန်မြို့တွင် ဂျပန်နိုင်ငံသားများပါဝင်၍ ပထမဆုံးအကြိမ် အမှိုက်ကောက်ပြိုင်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန (PCCD-YCDC) နှင့် ဂျပန်နိုင်ငံ တိုကျိုမြို့တော်အစိုးရ ပတ်ဝန်းကျင်ရေးရာဌာန (BoE-TMG) တို့အကြား ရန်ကုန်မြို့တော်အတွင်း စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းစီမံကိန်းအစီအစဉ်အရ အမှိုက်ကောက်ပြိုင်ပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးက အမှိုက်ဟာ ကျန်းမာရေးအတွက် နောက်ဆက်တွဲ ဆိုးကျိုးပြဿနာတွေ ဖြစ်နိုင်တယ်။ အခု အမှိုက်ကောက်ပြိုင်ပွဲပြုလုပ်တာဟာ ကလေးတွေရဲ့ စာရိတ္တအတွက် သင်ကြားရေးစနစ်တစ်ခုလည်း ဖြစ်ပါတယ်။ အမှိုက်ကောက်တာဟာ ရှက်စရာအလုပ် မဟုတ်ဘဲ ဂုဏ်ယူစရာဖြစ်တယ်ဆိုတာ လူတိုင်းသိရှိအောင်၊ ပြန့်ပွားသွားအောင် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဒီကနေ့ ရန်ကုန်မြို့တော်ကြီးမှာ အမှိုက်ကောက်ပြိုင်ပွဲတစ်ရပ် ကျင်းပတာဟာ အမှိုက်ကောက်ခြင်း အလေ့အထကို လူတိုင်းပါဝင်နိုင်ဖို့ အစပျိုးပေးခြင်းဖြစ်ပါတယ်။ အမှိုက်ကောက်ခြင်း အလေ့အထကို လူထုအတွင်း စဉ်ဆက်မပြတ် ရှင်သန်အောင် တာဝန်ရှိသူအားလုံးက စည်းရုံးလုပ်ဆောင်သွားရမှာဖြစ်ပါတယ် ”ဟု ပြောကြားသည်။

အဆိုပါ အမှိုက်ကောက်ပြိုင်ပွဲသို့ ဂျပန်နိုင်ငံ တိုကျိုမြို့တော်အစိုးရ ပတ်ဝန်းကျင်ရေးရာဌာနမှ Senior Director နှင့် အဖွဲ့ဝင်များ၊ အမှိုက်ကောက်ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကူညီစီစဉ် ဆောင်ရွက်ပေးသော Mr. Kenichi Marmitsuka၊ Yachiyo Engineering မှ တာဝန်ရှိသူများ၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ MBA Programmeမှ ကျောင်းသား ကျောင်းသူများ၊ ပရဟိတအဖွဲ့အစည်းများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှကော်မတီဝင်များ၊ ဌာနမှူးများ တက်ရောက်အားပေးခဲ့သည်။

အမှိုက်ကောက်ပြိုင်ပွဲတွင် ဂျပန်နိုင်ငံသားများ အပါအဝင် လူပေါင်း ၁၀၀ ကျော် ဆင်နွှဲခဲ့ပြီး အဖွဲ့တစ်ဖွဲ့လျှင် ငါးဦးနှုန်းဖြင့် အဖွဲ့ပေါင်း ၂၂ ဖွဲ့ ပါဝင်ဆင်နွှဲခဲ့ကြောင်း၊ နံနက် ၈ နာရီတွင် မြို့တော်ခန်းမရှေ့မှ စတင်တာလွှတ်ခဲ့ပြီး အနီးပတ်ဝန်းကျင်လမ်းများသို့ ဝင်ရောက်ကာ အမှိုက်ကောက်ခဲ့ကြောင်း၊ အချိန်အားဖြင့် မိနစ် ၄၀ သာ အချိန်ပေးပြီး အမှိုက်အမျိုးအစားလေးမျိုးခွဲခြားကာ အမှိုက်ကောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကောက်ယူလာသော အမှိုက်များကို အမျိုးအစားအလိုက် အလေးချိန်ချိန်တွယ်ပြီး အများဆုံး ကောက်ယူ နိုင်သောအဖွဲ့အား ဆုများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ပြည်သူလူထုအတွင်း အမှိုက်ကောက်ခြင်း အလေ့အထများ ရှင်သန်လာပြီး မိမိတို့ရပ်ကွက်လမ်း၊ ကျေးရွာအစရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အလေးထား ဆောင်ရွက်တတ်လာစေရန် အမှိုက်ကောက်ပြိုင်ပွဲကို ရန်ကုန်မြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း- မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



# တိုက်နယ်ဆရာဝန်နှင့်ဆေးဝါးများကို ဒေသခံပြည်သူများမျှော်လင့်

**နတ်မောက် နိုဝင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွှေပန်းတောတိုက်နယ်ဆေးရုံသည် ၁၉၇၅ ခုနှစ်ခန့်က ဖွင့်လှစ်ခဲ့ပါသည်။

ယင်းအချိန်အခါက တိုက်နယ်ဆေးရုံသို့ရောက်ရှိရန် မီးရထားတစ်လှည့်၊ နွားလှည်းတစ်မျိုး၊ လယ်ထွန်စက်တစ်ခါဖြင့် ခရီးသည်လာခဲ့ရသည်။ တိုက်နယ်ဆရာဝန်၊ သူနာပြု၊ သားဖွား၊ ဆေးစပ်ဝန်ထမ်းများပြည့်စုံ၍ ဒေသခံ ပြည်သူများ ကျန်းမာရေးအတွက် အဆင်ပြေခဲ့သော်လည်း ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း တွင် ရွှေပန်းတောကျေးရွာကို အနယ်နယ်အရပ်ရပ်မှ ကိုယ်ပိုင်ကားကြီး၊ ကားသေး၊ ဆိုင်ကယ်စသည်တို့ဖြင့် တိုက်ရိုက်လာ၍ရခဲ့ပါပြီ။ ယခုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှ တိုက်နယ်ဆရာဝန်ကမရှိ၊ သူနာပြုက မပြည့်စုံ၊ ဆေးဝါးက မလုံလောက်၍ မြွေကိုက်လူနာ၊ မွေးလူနာ၊ အရေးပေါ်လူနာတို့ကို ပတ်ဝန်းကျင်မြို့ကြီးများသို့ သွားရောက်ကုသမှုခံယူရသဖြင့် လမ်းခရီးတစ်ဝက်တွင် အသက်ဆုံးရှုံးရမှုများ၊ သွားလာရသည့် ဒုက္ခများ ကြုံတွေ့ခံစားနေရပါသည်။ ဒေသခံပြည်သူတို့သည် ကျန်းမာရေးဗဟုသုတနည်းသည်ကတစ်ကြောင်း၊ မြို့သွားလျှင် လမ်းမှာ အခက်အခဲများရင်ဆိုင်ရမည်ကို ကြောက်ပြီး ကျေးရွာရှိ ဆေးမြီးတိုများဖြင့် ကုသနေကြသဖြင့် မဆုံးရှုံးသင့်သည်များ ဆုံးရှုံးလျက်ရှိနေကြရပေသည်။

ထို့ကြောင့် သက်ဆိုင်ရာ တာဝန်ကျဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ အချိန်ပြည့်ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်အတွက် လိုအပ်သည့် ပံ့ပိုးမှုများအပြင် ကုသရေးအတွက်လိုအပ်သည့် ဆေးဝါးများကို စနစ်တကျ စိစစ်ထောက်ပံ့မှုပေးနိုင်ရန် ဒေသခံပြည်သူများမှ မျှော်လင့်နေကြောင်း သိရသည်။

**အောင်သန်းထွန်း(နတ်မောက်)**

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့ နန္ဒဝန်ရပ် သာသနဝိပုလရွှေဂူစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသ၏ ထေရုပ္ပတ္တိအကျဉ်း



ဆရာတော်လောင်းလျာသည် ရှမ်းပြည်နယ် ညောင်ရွှေမြို့ နန်းသဲကျေးရွာ ခမည်းတော် ဦးလုံ-မယ်တော်ဒေါ်လုရင်တို့မှ ၁၂၈၇ ခုနှစ် ပြာသိုလဆန်း ၁၀ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ဆရာတော်လောင်းလျာသည် ၁၂၉၉ ခုနှစ် ကဆုန်လဆန်း ၈ ရက်နေ့တွင် ညောင်ရွှေမြို့နယ် နန်းသဲကျေးရွာအုပ်စု နန်းသဲပြင်သာကျောင်း ခဏ္ဍသိမ်၌ ဆရာတော်ဘဒ္ဒန္တဥက္ကံသကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါးတို့ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့ပြီး ၁၃၀၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်နေ့တွင် ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု၊ ရွှေနီကုန်းရွာ၊ ရွှေကျောင်းတိုက် ဥဒကုက္ခေပသိမ်၌ သာလေးတောင်ကျောင်း၊ အင်းတိန်ဂိုဏ်း၊ ဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိဝံသကို ဥပဇ္ဈာယ်ပြုလျက် ညောင်ရွှေမြို့ ပွဲစားကြီး ဦးဝိုင်း၊ ဒေါ်လှတင်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ဆရာတော်လောင်းလျာသည် ညောင်ရွှေမြို့နယ်၊ နန်းသဲရွာ ပြင်သာကျောင်းဆရာတော်၊ ညောင်ရွှေမြို့၊ မြို့မရွှေဂူကျောင်းဆရာတော် ဘဒ္ဒန္တအာစာရ၊ သာလေးတောင်ကျောင်း၊ အင်းတိန်ဂိုဏ်း၊ ဂိုဏ်းထောက်ဆရာတော် ဘဒ္ဒန္တနေမိန္ဒာဘိဝံသ၊ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းဆရာတော် ဘဒ္ဒန္တကလျာဏ၊ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးကျောင်းတိုက်ဆရာတော်တို့ထံ၌ ပရိယတ္တိစာပေများကို ဆည်းပူးသင်ယူခဲ့ပါသည်။

ဆရာတော်သည် ဆဋ္ဌသင်္ဂါယနာ ပါဠိ ဝိသောဓက၊ သင်္ဂီတိကာရက၊ ညောင်ရွှေမြို့၊ မြို့မဂိုဏ်းအုပ် ရှမ်းပြည်နယ်လုံးဆိုင်ရာ ဝိနယာဒိနုဂ္ဂဟစာပြန်ပွဲကြီးထိန်းသိမ်းစောင့်ရှောက်ရေးဥက္ကဋ္ဌ၊ ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးဖြစ်မြောက်ရေး (၆၆)ပါးအဖွဲ့ဝင်၊ သံဃသမ္မုတိရသံဃာ့ ကိုယ်စားလှယ်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်နှင့် ပထမအကြိမ်မှ စတုတ္ထအကြိမ်ထိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်အဖြစ်ထမ်းဆောင်ခဲ့ပြီး ပဉ္စမအကြိမ်၊ ဆဋ္ဌအကြိမ်၊ သတ္တမအကြိမ်တို့၌ နိုင်ငံတော်သြဝါဒါစရိယအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနဓုရာဝဟဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဥ္ဆနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ် ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသသည် ၁၃၆၆ ခုနှစ် ၂၀၀၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း၊ ၁၃၇၀ (၂၀၀၉)ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မြတ်ကို လည်းကောင်း အလှူခံရရှိတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၁) နှစ်၊ သိက္ခာတော်(၇၂)ဝါ အရ ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်၊ ၅-၁၁- ၂၀၁၆ စနေနေ့၊ ညနေ ၅ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်းနှင့် အန္တိမအဂ္ဂိစျာပနကို ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၁၉-၁၁-၂၀၁၆ နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**Myanmar Hongkai Private Equity Fund Co.,Ltd.မှ သက်ဆိုင်သူနှင့် အများပြည်သူသို့ အသိပေးကြေညာခြင်း**

Myanmar Hongkai Private Equity Fund Co.,Ltd.ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးတိုးတက်မှုဝန်ကြီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၁၆၃၃/၂၀၁၅-၂၀၁၆(ရက)၊ မြန်မာဟွန်ခိုင် ပုဂ္ဂလိကရှယ်ယာကုမ္ပဏီလီမိတက်အမည်ဖြင့် ခွင့်ပြုမိန့်ချထားပေးခဲ့ပြီးဖြစ်ပါသည်။ လပြည့်ဝန်းပလာဇာရှိ အခန်းအမှတ်(၃၀၃)တွင် ကုမ္ပဏီရုံးခန်းဖွင့်လှစ်၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားပြီး နိုင်ငံတော်မှ ရေးဆွဲအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ တရားဝင်ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီတစ်ခုဖြစ်၍ တရားဝင်လုပ်ငန်းများကိုသာ လုပ်ကိုင်လျက်ရှိပါသည်။ ယခုအခါတွင် ကုမ္ပဏီနှင့်ဆက်ဆံလုပ်ကိုင်လျက်ရှိသည့် မိတ်ဆွေများအပါအဝင် အများပြည်သူတို့၏အထင်အမြင်လွဲမှားမှုဖြစ်စေရန်နှင့် ကုမ္ပဏီနှင့်ကုမ္ပဏီ၏ အကြီးအကဲတို့အပေါ်တွင် အယုံအကြည် ကင်းမဲ့စေလိုသော စေတနာဆိုးဖြင့် Public Media တစ်ခုဖြစ်သော Facebook တွင် ကုမ္ပဏီ၏အမည်၊ ကုမ္ပဏီအကြီးအကဲတို့၏ အမည်များကို ထင်ရှားစွာဖော်ပြလျက် တစ်ဖက်သတ်စွပ်စွဲရေးသားမှုများ ပြုလုပ်ထားသည်ကို တွေ့ရှိနေရပါသည်။ မိမိတစ်ဦးတစ်ယောက်တည်း၏အကျိုးစီးပွားနှင့်သာ သက်ဆိုင်သည့် မကျေနပ်ချက်၊ ခံစားနာကျည်းချက်များကြောင့် တရားဝင်ကုမ္ပဏီတစ်ခုဖြစ်သည့် Myanmar Hongkai Private Equity Fund Co.,Ltd. ၏ ကောင်းမွန်လျက်ရှိသောနိမိတ်ပုံကို ယိုယွင်းပျက်စီးစေလိုသောဆန္ဒဖြင့်လည်းကောင်း၊ ကုမ္ပဏီအကြီးအကဲ၏ ဂုဏ်သိက္ခာ ထိခိုက်ကျဆင်းစေရန် ရည်ရွယ်၍လည်းကောင်း Facebookတွင် မဟုတ်မတရားရေးသားဖြန့်ချိနေမှုများကို မပြုလုပ်ရန် အလေးအနက်တားမြစ်အပ်ပါသည်။ ဆက်လက်ပြုလုပ်နေမည်ဆိုပါက တည်ဆဲတရားဥပဒေများအရ တရားမကြောင်း၊ ပြစ်မှုကြောင်းတို့ဖြင့် ထိရောက်ပြင်းထန်စွာ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**Myanmar Hongkai Private Equity Fund Co.,Ltd. ၏ ညွှန်ကြားချက်အရ-**
**Pbn Legal Consultancy Co.,Ltd.**
**ဦးဆန်နီ (ပျဉ်းမနား)**
**အထက်တန်းရှေ့နေ**
**စဉ်-၁၆၉၅၁**
**၃၄/၁၀၃၃၊ သင်းဝင်(၅)လမ်း၊**
**ဒဂုံမြို့သစ်မြောက်ပိုင်း။**




ချောင်းသာကမ်းခြေ ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို . . .
အေးမြသာယာ ချောင်းကျယ်နံဘေး တောတောင်ရှုခင်း နှလုံးအေး. . .
ချောင်းသာယာ အပျော်စီးသင်္ဘော
ချောင်းသာယာဆိပ်ကမ်း (ဥတိုတံတားထိပ်)၊ ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန်-09 452 955 661 မှ (5) အထိ။

## ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပမည့် စာအုပ်ဈေးပွဲတော်အတွက် ဆိုင်ခန်းများစာရင်း ပေးသွင်းနိုင်ပါကြောင်း

ပြန်ကြားရေးဝန်ကြီးဌာနက ကျင်းပမည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာစာပေ စာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲကို ဒီဇင်ဘာလ (၁ရက်မှ ၄ရက်အထိ) သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (PPD)တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

